

www.burmeseclassic.com
မိုးအလေ
ဗဲဝါဒေါင်နောက်ကြောင်းပြန်
အမြှစ်ဆိုးလိုက်တာ
ဗဗ်ဝါ
BURMESE CLASSIC
ကောန်မင်း
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၅ နိုဝင်ဘာ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ကောင်းထက်(ရွှေပြည်သာ)
အတွင်းဖလင် - ADORN။
ထုတ်ဝေသူ - ဦးချစ်ညွှန့် (၀၀၃၇၄)၊
ခင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေဃွာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကောန်မင်း ၃၉၀.၂
အဖြစ်ဆိုးလိုက်တာ မဖဲဝါ / ကောန်မင်း
ရန်ကုန်၊
ခင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
၂၀၉-စာ၊ ၁၂ x ၁၈ စင်တီ

မဖဲဝါ၏နောက်ကြောင်းပြန်

# အဖြစ်ဆိုးလိုက်တာ မဖဲဝါ

ကောန်မင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | အဖြစ်ဆိုးလိုက်တာ မဖဲဝါ | ၃ |
| ၂။ | မဖဲဝါကို အဖော်ခေါ်သွား | ၄၉ |
| ၃။ | ကျောက်တစ်လုံးသိုက် | ၆၈ |
| ၄။ | အိမ်ရှိကြီးက သရဲကြီး | ၁၀၃ |
| ၅။ | ခွင့်လွှတ်ပေးပါ မဖဲဝါ | ၁၅၉ |
| ၆။ | ကားလမ်းဘေးက တဲကလေး | ၁၇၇ |


# အဖြစ်ဆိုးလိုက်တာ မဖဲဝါ

တီ......တီ.....တီ

" ယောက်ျားရေ ... ဖုန်းလာနေတယ် "

ဈွန်တော်လည်း ရေချိုးနေရာမှ လက်ကိုရေသုတ်လိုက်ပြီး ဇနီးဖြစ်သူလက်ထဲက ဖုန်းကိုလှမ်းယူလိုက်သည်၊

" ဟယ်လို .. အွမ်နဲ့ရှိပါ "

' ပိတ္တာလား '

" ဘယ်က ဖုန်းသရဲလဲ၊ ဖုန်းမှားနေပါတယ်"

" အခုဖုန်းကိုင်နေတာ ပိတ္တာလား "

" အညွန့်ပော့ကောင်.. မင်းအသံခွေးချီသွားတောင် မှတ်မိနေတယ်၊ ပြော ဘာကိစ္စလဲ "



www.burmeseclassic.com

www.burmeseclassic.com



" မင်းအခု ဘယ်ကဆက်တာလဲ "

" ငါတို့လေးဆီရောက်နေတယ်၊ အခုပဲ . . မင်း အကြောင်း စကားစပ်မိပြီး မင်းဆီ ငါတို့လာမလို့ "

" ဟာမလာနဲ့ ငါမအားဘူး "

"မရဘူးကွ၊ မင်းကိုလေးနဲ့ စကားပြောလိုက်အုံး" အညွန့်က ဖုန်းကို ကိုလေးထံ ပေးလိုက်သည်။

" ဟော့ကောင် မင်းငါတို့ကို ပြုစုမယ်လို့ အာမခံ ထားတယ်မဟုတ်လား. . . အညွန့်ရောက်လာတုန်း၊ ငါတို့ လာခဲ့မလို့ "

" အခုပဲ အညွန့်ကို မအားဘူးလို့ ပြောလိုက်ပြီးပြီ ဘာလာလုပ်ကြအုံးမှာလဲ "

" မင်းကျွေးတာစားချင်လို့ "

" ရပါတယ် ဘာစားမှာလဲ . . . ဒါပေမယ့် ပိုက်ဆံဆောင်လာဖို့တော့ လိုလိမ့်မယ် "

" ဟော့ကောင် ပိတ္တာ မင်းပန်းချီကားတွေ ရောင်း နေရတယ်လို့ ကြားတယ် "

" ပန်းချီကားလား ပြခန်းတင်ခရယ်၊ အသွားတား



ခရယ်၊ အပြန်ကားခရယ်၊ အိတ်ထဲကတောင် စိုက်ထုတ် လိုက်ရသေးတယ် "

" အဲ. . . ရေဘေးအလှူအတွက်တော့ ပြခန်းမှာ တစ်ကား လှူခဲ့တဲ့ အမြတ်ပဲ ရခဲ့တယ်"

" ဒါဆိုရင်တော့ . . . ဗီတစ်ခေါက် ငါတို့ ကျွေး ရတော့မှာပေါ့ "

" စောစောထဲက ကျွေးချင်လို့ ဖုန်းလှမ်းဆက်တာ အလကားစားရမယ့်ကောင် မျိုးမကျအောင်လုပ်နေတယ် "

" ယား . . . ဟား. . . ဟား. . . ဟေး. . . ငါတို့ နေ့ဆယ့်နှစ်နာရီ တောင်ဥက္ကလာငွေတောင်ခေါက်ဆွဲဆိုင် မှာ ဆုံကြမယ် "

" ကိုလေးတို့ ထွက်လာပြီဆို ဖုန်းဆက်လိုက် "

" ကောင်းပြီ . . . ငါတို့နှစ်ယောက်လာခဲ့မယ် "

အညွန့်က စက်မှုသိပ္ပံကလောမှ ကျောင်းပြီး တတည်းက ကျုံပျော်မြို့နယ်၊ ဈေးကြီးအတွင်း စည်ပင်သာ ယာ လက်ထောက်အင်ဂျင်နီယာ တာဝန်နှင့် အလုပ် စတင် ဝင်ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလေး (ခေါ်) ကိုတင်ဝင်းက မြန်မာရုပ်မြင်သံကြား၊ ဒုလက်ထောက်ထုတ်လွှင့်ရေးမှူး တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ယခု စကိုင်းနက်ရုပ်သံမှာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လျက်ရှိသည်။

အညွန့် (ခေါ်) ကိုညွန့်လှိုင်က ကျုံပျော်မြို့နယ်မှ စပြီး အလုပ်ဝင်ခဲ့ကာ၊ အမြို့မြို့အနယ်နယ်ပြောင်းရွှေ့ တာဝန်ထမ်းခဲ့ရာမှ ယခုအလုပ်မှ အနားယူလိုက်ပြီဖြစ်သည်။

အင်ဂျင်နီယာအလုပ်မလုပ်တော့ပေမယ့်၊ စိုက်ပျိုးရေးသုံး ပစ္စည်းဆေးဝါး၊ အားဆေး၊ ပိုးသတ်ဆေး မျိုးစုံ၊ ကိုရီးယားကုမ္ပဏီနှင့် ဖြန့်ဖြူးရေးကိုယ်စားလှယ်လုပ်နေသည်။

သူ၏ ဟွန်ဒါဖစ်ကားလေးနှင့် ပြွန်တန်ဆာ၊ ဝဲနွယ်ကုန်း ၊အောင်ကြီး၊ ချောင်းရင်း၊ ညောင်လေးပင်၊ ဇာတိမြေမှာ စိုက်ပျိုးရေးပစ္စည်းများ ဖြန့်ဖြူးရင်း ရန်ကုန်နှင့် ညောင်လေးပင် သွားချည်ပြန်ချည် အချိန်ကုန်နေသူဖြစ်သည်။





သူတို့ သူငယ်ချင်းတစ်စုက ရွာကျောင်းနေစဉ်ကတည်းက ပါးစပ်ပေါက်ရှိသင့်သည်ထက် အနည်းငယ်ကျဉ်းသည့် ကျွန်တော့်အား ပြိတ္တာ (ပိတ္တာ) ဟု နောက်ပြောင်ခေါ်ခဲ့သည်။

ကျွန်တော်တို့ကလည်း တွံတေးသိန်းတန် သီချင်းအမြဲညည်းတတ်ပြီး ကန့်ကရ ဘုန်းကြီးကျောင်းသား ဟန်ပေါက်နေသည့် ညွန့်လှိုင်ကို နာမည်အရင်းမခေါ်ဘဲ အညွန့်လို့သာ ခေါ်ခဲ့သည်။

အရပ်ကာလနက်ကလားနှင့် သူငယ်ချင်းအားလုံးနှင့် အသက်အနည်းငယ်ကြီးသူ ကိုတင်ဝင်းအား နာမည်ရင်းမခေါ်ကြဘဲ ကိုလေးဟုသာ ငယ်သူငယ်ချင်းများကခေါ်ခဲ့ကြသည်။

နေ့ဆယ့်နှစ်နာရီ ကျော်ကျော်ခန့်ရောက်မှ ကိုလေးဆီက ဖုန်းဆက်လာသည်။

" ဟေ့ကောင် ပိတ္တာ ထွက်ခဲ့တော့ "

" ငါတို့ ပါရမီဂုံးကျော်တံတားပေါ် ရောက်နေပြီ ခင်းထွက်ခဲ့တော့ ငွေတောင်မှာ ဆုံမယ် "



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်က တောင်ဥက္ကလာ ' ၁၃' ရပ်ကွက်မှာ နေသည်။

တောင်ဥက္ကလာရှိ ငွေတောင်ခေါက်ဆွဲဆိုင်က နေ့ခင်းဆို ကားရပ်စရာမရှိလောက်အောင်ပင် စားသုံးသူများလှသည်။

ဈေးနှုန်းက ချိုသာသလို လက်ရာကလည်း ကောင်းလှသည်။

ခန်းမကျယ်ကြီးအတွင်း စားပွဲများစွာရှိပေမယ့် နေရာရရန်ပင်မလွယ် နေ့ခင်းနှင့်ညနေပိုင်း စားသုံးသူများ လွန်းလှသည်။

ကျွန်တော်ဆိုင်ရှေ့ရောက်တော့၊ ဆိုင်ရှေ့မှာ ရပ်ထားသော ကားများကို ကြည့်လိုက်သည်။

ဟွန်ဒါအနီရောင်ကားတစ်စီးမှမရှိ။

လမ်းတစ်ဖက်ခြမ်း ဆရာဦးညွန့်မောင် ကလေးအထူးကုဆေးခန်းရှေ့မှာ ရပ်ထားသော အနီရောင်ဟွန်ဒါကားကိုမြင်မှ ဆိုင်ထဲသို့ ဝင်လိုက်သည်။

ထောင့်ကျကျစားပွဲမှာ ကိုလေးနှင့်အညွန့်တို့ နှစ်



ယောက်ကို တွေ့လိုက်သည်။

" ဟော့တောင်ဒီနားကလာပြီး ဘာလို့နောက်ကျနေရတာလဲ "

" ငါကခြေကျင်လျှောက်လာရတာ၊ မင်းတို့က ကားနဲ့လာတာ ကိုလေးဖုန်းဆက်တော့ ပါရမီကုံးကျော်တံတားရောက်နေပြီတဲ့"

" ကားနဲ့လာရင် ဆယ်မိနစ်လောက် ရောက်နိုင်တဲ့ အချိန်၊ ငါကဒီကို မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်ခဲ့ရတယ်။

" ကဲ စကားနာထိုးမနေနဲ့ အားလုံးမှာထားပြီးပြီ ဘီယာသုံးလုံးလဲဝယ်လာခဲ့တယ် "

ငွေတောင်ခေါက်ဆွဲဆိုင်က အရက်ဘီယာ မရောင်း၊ သို့သော် စားသုံးသူများက အပြင်က အရက်ဘီယာ ဝယ်၍လာလျှင်၊ လိုအပ်သမျှ စီစဉ်ပေးသည်။

မကြာခင် မှာထားသော စားသောက်ဖွယ်ရာများ လာချသည်၊ " မင်းအလုပ်အဆင်ပြေရဲ့လား "

" မဆိုးပါဘူး၊ စာလေးရေးလိုက်၊ ပုံဆွဲလိုက်၊ ရုပ်ပြ

www.burmeseclassic.com

www.burmeseclassic.com



ရေးလိုက် တစ်မျိုးမဟုတ်၊ တစ်မျိုးတော့ လုပ်နေတာပဲ "

" အခု သရဲဝတ္ထုလည်း ရေးနေတယ် "

" လုံးချင်းလား "

" သရဲဝတ္ထုတိုပေါ့ကွာ၊ တစ်အုပ်ကို ဇာတ်လမ်း အတို၊ အရှည်လိုက် ၁၀-ပုဒ်လောက်တော့ ရေးရတာပေါ့"

" သရဲက ဘယ်လိုလိုင်းလဲ "

" အဓိက ကတော့ မဖဲဝါကို အခြေခံရေးတာပေါ့၊ အခြားသရဲနဲ့ ပတ်သက်တဲ့ စိတ်ဝင်စားစရာ ဇာတ်လမ်း တွေလဲ ရေးတာပေါ့ "

" မဖဲဝါ အကြောင်းရေးတာတော့ ဟုတ်ပါပြီ၊ မင်း က မဖဲဝါအကြောင်း ဘယ်လောက်သိလို့လဲ "

" ဒီလိုပဲ စာတွေပေတွေ ဖတ်ရှုလေ့လာရတာပေါ့"

" သရဲအကြောင်းတွေ ကြုံဘူးတဲ့ လူတွေ ပြောပြ တဲ့ ဇာတ်တွေလဲရေးရတာပေါ့ "

" အေး . . မင်းသရဲအကြောင်းရေးတာတော့ ဟုတ်ပါပြီ သရဲမကောင်းကြောင်း၊ ဆိုးဝါးတဲ့အကြောင်းကြီး ပဲ ဇောင်းပေးပြီးမရေးနဲ့ ဟုတ်လား "



" ဘာဖြစ်လို့လဲ အညွန့်ရ "

" သရဲတစ္ဆေတိုင်း လူတွေကို အန္တရာယ်မပေးကြ ဘူး၊ မမြင်ရတဲ့ ဝိညာဉ်တွေ . . တစ္ဆေသရဲတွေဟာ လူတွေ ကြားထဲမှာ သွားလာနေကြတာ

သူတို့ အန္တရာယ်မပေးလို့သာ၊ လူတွေဘာမှ မ ဖြစ်တာ သူတို့မကြိုက်တဲ့ အပြုအမူ တစ်ခုခုလုပ်မှ အန္တ ရာယ် ပေးတတ်ကြတာ

သူတို့ကို တံတွေးနဲ့ထွေးမိတာတို့၊ သူတို့နေရာကို ဖျက်စီးပစ်တာတို့၊ သူတို့နေရာကို အညစ်အကြေးစွန့်မိတာ တို့၊ သူတို့ကို အညစ်အကြေးထိသွားလို့ကတော့ စိတ်ဆိုး ပြီး အန္တရာယ်ပေးတတ်ကြတယ်။

ကျန်တဲ့အချိန်မှာတော့ လူတွေကို အန္တရာယ် မပေးတတ်ကြဘူး

ဒါကြောင့် သရဲတစ္ဆေမှန်ရင် လူကို အန္တရာယ် ပေးတဲ့အကြောင်းတွေ၊ ဇောင်းပေးပြီးမရေးနဲ့၊ ငါပြောချင် တာ "

" ငါလည်း အတတ်နိုင်ဆုံး ရှောင်ပြီးရေးပါတယ်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းရာ "

" ဒါနဲ့ မင်းမဖဲဝါအကြောင်းရေးတယ်ဆိုတော့ ငါမေးရအုံးမယ်၊ မဖဲဝါအကြောင်းသိလို့လား "

" မဖဲဝါက ငါလေ့လာမိသမျှ နှစ်မျိုးဖြစ်နေတယ်၊ တချို့က ဟသ်ာတနယ် ဖူးယားတင်းရွာသူလို့ ပြောကြတယ်

အချို့က ကျုံပျော်မြို့နယ်၊ အင်းရဲကြီးအင်းက အင်းသူကြီး မောင်နှမလို့ ရေးကြပြောကြတယ် "

" မင်းကဘယ်လိုရေးလဲ "

" ငါလဲစာဖတ်မိသမျှ ရေးတာပဲ၊ တိတိကျကျတော့ မရေးရသေးဘူး။

ဒါနဲ့မင်းက ကျုံပျော်မြို့နယ်၊ စည်ပင်သာယာရုံးမှာ၊ တာဝန်ကျတဲ့ အချိန်က မဖဲဝါအကြောင်းမသိခဲ့ဘူးလား "

" သိခဲ့တာပေါ့ "

" ဟာ ကောင်းလိုက်တာ "

ကျွန်တော်အညွန့်စကားကြားပြီး၊ ဝမ်းသာသွား



သည်၊ ဒေသခံမဟုတ်သော်လည်း ထိုဒေသမှာ တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် မဖဲဝါအကြောင်း သိခွင့်ရတော့မည်ဟူသော အတွေးနှင့် ဝမ်းသာသွားရသည်။

" ငါတာဝန်ထမ်းဆောင်စဉ်က ငါ့ရုံးမှာ အလုပ်လုပ်တဲ့ အင်းရဲကြီးက ကျော်နိုင်ဆိုတဲ့ ကောင်လေးနဲ့ ဆုံခဲ့ရတယ်၊

သူက အင်းရဲကြီးမှာ တံငါမလုပ်ဘဲ လခစားလာလုပ်နေတာ၊

တစ်နေ့မဖဲဝါနဲ့ တစ်ပွဲစားအင်းသူကြီး အကြောင်း သိချင်တာနဲ့ ငါမေးလိုက်မိတယ်၊

အားတဲ့တစ်နေ့မှာ သူငါ့ကို အင်းရဲကြီးက မဖဲဝါအကြောင်း ပြောပြတယ် "

" သူပြောတဲ့ မဖဲဝါအကြောင်း ပြောပြကွာ၊ ဒီနေ့မင်းတို့ ကျွေးတဲ့အစာစားပြီး မင်းပြောတဲ့ ဖြစ်ရပ်မှန် ကြားရမယ်ဆိုတော့ ကျေးဇူးအထူးပါပဲကွာ "

" တော်ပြီ စားစရာရှိတာအရင်စားလိုက်အုံးမယ်"

ကိုလေးငွေ့ပေးထားသော ဘီယာသုံးခွက်မှ တင်

www.burmeseclassic.com

www.burmeseclassic.com



ခွက်ကို လှမ်းယူလိုက်ပြီး " စားလည်းစားပြောလည်း ပြောကွာ"

ငါမင်းပြောတာ လိုက်မှတ်ထားရမယ် "

" နောက်တစ်ခေါက်မှ ပြောတော့မယ် "

" ဟာကွာ မနှိပ်စက်စမ်းပါနဲ့၊ အခုပဲစားရင်း သောက်ရင်း ပြောပြစမ်းပါကွာ "

" စကားစမိတာမှားပြီထင်တယ် ကိုလေးရေ "

" မင်းပါးစပ်က ဖွာတာကိုး . . . ကဲပြောမယ်ဆိုမှတော့ တစ်ထိုင်ထဲသာ ပြောပြလိုက်တော့ "

အညွန့်လည်း သူ့တပည့် အင်းရဲကြီးသားကျော်နိုင် ပြောသမျှကို ကျွန်တော့်အားပြန်လည်ပြောပြပါတော့သည်။

* * *

ကျူပျော်မြို့နှင့် ငါးမိုင်ခန့်မျှသာ ဝေးကွာသော အရပ်တွင် အင်းရဲကြီးအင်းရှိသည်။

ထိုအင်းရဲကြီးအင်း၏ ပတ်လည်တွင် တဲငါသည်တို့၏ တဲငယ်များစွာရှိသည်။



ထိုတဲငါသည်တို့သည် အင်းရဲကြီး အင်းသူကြီး၏ လက်အောက်မှာ အလုပ်လုပ်နေသူများဖြစ်သည်။

လပြည့်နားနီးလျှင် အင်းတဲမှာ ငါးအကျများသည် ထိုအခါ ငါးပွဲစားများအင်းထဲသို့ အဝင်အထွက် များလာသည်။

ငါးကြင်း၊ ငါးသိုင်း၊ ငရံ့ငါးကြီးများကို အင်းသူကြီး အိမ်ရှေ့ရှိ သစ်သားစည်ပိုင်းကြီးများအတွင်း ထည့်ကာ ဝယ်သူများလိုသလောက် ရောင်းချပေးနေသည်။

ငါးများကို ညနေပိုင်းမှ စ၍ ရောင်းပေးနေလေသည်။ ညဆယ်နာရီတိုင်အောက်လင်းဓါတ်မီးသုံးလုံး ဆိုင်ထွန်းကာ အချိန်တစ်ဆယ်တစ်ခါဖြင့် နားရသည်မရှိအောင် ချိန်ပေးနေရသည်။

အရပ်ထောင်ထောင်မောင်းမောင်း အသားမဲမဲ တုတ်တုတ်ပြောင်ပြောင်နှင့် ဆေးပြင်းလိပ်ကြီးခဲထားသော အင်းသူကြီးက ငါးပွဲစားများပေးချေသော ငွေများကို သိမ်းဆည်းလိုက်၊

လက်ညှိုးတငေါက်ငေါက် ထိုးကာညွှန်ကြားလိုက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် အလုပ်ရှုပ်နေသည်။

မဖဲဝါတို့ မိန်းကလေးအုပ်စုကတော့ ငါးအသေး များရွေးပြီး ဗိုက်ဖောက်ခေါင်းဖြတ်အလုပ်ရှုပ်နေကြသည်။

ထိုငါးများကို ငါးပိ၊ ငါးခြောက်အတွက်လုပ်ကိုင် နေကြခြင်းလည်းဖြစ်သည်။ သစ်သားစည်များအတွင်းမှ ငါးရံ့များကို နောက်နေ့ ခေါင်းဖြတ်ကာ ငါးခြောက်ခွဲကြ ရအုံးမည်။

ငါးခူ၊ ငါးရံ့၊ ငါးကျည်းများကို သစ်သားစည်ပိုင်း များအတွင်း ရေထည့်ကာ သုံးလေးရက်လှောင်၍ ရောင်း ချသည်။

အင်းသူကြီးက စိတ်မြန်လက်မြန်သမားဖြစ်သဖြင့် ငါးအသေး၊ အလတ်များကို လူအားနှင့် နေ့ချင်းပြီး ရှင်း ထုတ်နေသည်။

ငါးကျည်းများကိုတော့ ငါးကျည်းခြောက်ကျပ်တင် လုပ်သည်။

ဖမ်းမိသမျှ ငါးကျည်းများကို မီးပြင်းတိုက်ထား သော သံပြားများပေါ်သို့ အရှင်လိုက်သွန်ချပြီး သစ်သား



ယောင်းမဖြင့် မွှေပေးရသည်။

ငါးမှ ထုတ်ယူချက်လုပ်ထားသော ငါးဆီတို့အပေါ် မှ ဖျန်းပေးရသည်။

သို့မှသာ အရောင်လှသော ငါးကျည်းခြောက်ကျပ် တင်ကိုရသည်။

ကျပ်တင်လုပ်ရာတွင် ငါးအရှင်ကို သာလုပ်ရ သည်၊ အသေကို မလုပ်ရ။

ငါးကျည်းအသေကောင်ပါသွားပါက၊ ငါးခေါင်း များ ပြတ်ထွက်တတ်သလို၊ အသားများကွာထွက် ကုန် တတ်သည်။

ငါးအရှင်ဖြစ်မှ သူ့သွေးနှင့် သူ့အသားကပ်နေ တာ၊ ရောင်းတမ်းမျက်နှာလှသော ငါးကျည်းခြောက်ကျပ် တင်တို့ ရရှိသည်။

" ကဲ . . . ငါးတွေလဲ နည်းနည်းပဲကျန်တော့တယ် ငါးကြင်းအသေတွေကို မအေးကြွေအကုန်သာ ဖြတ်သွား လိုက် "

" အို ကျပ်လိုတဲ့ ငါးရပြီပဲ အင်းသူကြီးရေ၊

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံလည်း ကုန်ပြီ၊

သဘော်ခနဲ့ လုပ်အားခပဲ ကျန်တော့တယ်၊ ဒေါ်မြကို ပေးလိုက်ပါလား ”

“ ကျွန်မက ရန်ကုန်တက်မှာ ဆိုတော့တုန်များရင် ရေခဲမနိုင်ဖြစ်မယ် မယူတော့ပါဘူး၊ မအေးကြွေရယ် ”

“ ကဲပါဗျာ မအေးကြွေပဲ ငါးကြွင်းလက်ကျန်ကို ဖြတ်လိုက်၊ ကျုပ်ဈေးလျှော့ပေးလိုက်မယ်၊ ”

“ ချိန်ကြည့်လိုက်လေ. . . အချိန်နှစ်ဆယ် အောက်ဆို ယူသွားလိုက်မယ် ”

“ အဲဒီငါးအားလုံးအချိန် ဆယ့်ခြောက်ရှိတယ်၊ ကျုပ်ပြောတဲ့အတိုင်းယူချင်ယူ၊ ချိန်ချင်ရင် ချိန်ကြည့် ”

“ ယုံပါတယ် အင်းသူကြီးရယ်၊ ရှင့်ပါးစပ်က ပြောသမျှဖြစ်နေတာပဲ ”

ဒေါ်အေးကြွေ ပြောမည်ဆိုကလည်း ပြောချင်စရာပါ၊ လဆုတ်ရက်မှာ ငါးအကျနည်းတတ်ပေမယ့်၊ အင်းသူကြီးက ဒီရက်မှာ ငါးများများရမည်ဟု ပြောလျှင်၊

လဆုတ်ရက်ပင်ဖြစ်ပေမယ့် ပုံမှန်ဖြစ်နေကျထက်





နှိုတ်ကျင်ပြီး ငါးများပို၍ရလေသည်။

လပြည့်ရက်ဆို ငါးများများကျတတ်သည်ဟု အားး လက်ခံထားပေမယ့် အင်းသူကြီးက ငါးအရနည်းမည် ခန့်မှန်းပြောလျှင် ထိုလပြည့်ရက်မှာ ငါးအရနည်းတတ် သည်။

ထိုကဲ့သို့ အင်းသူကြီးပြောသော စကားများကို းလုံးက လက်သင့်ခံလောက်အောင်လည်း မှန်ခဲ့ပါ သည်။

အင်းသားများပင်မက ငါးဝယ်လာသူများကပင် င်းသူကြီးပြောသော နိမိတ်စကားများမှန်သည်ကို ယုံ ည်လက်ခံခဲ့ကြသည်။

ရေထဲကပွက်သော ငါးကြီးမည်၊ သေးမည်၊ ရေထဲ ငါးအမျိုးအမည်ပါမှန်အောင် ပြောနိုင်သည်။

အကုသိုလ်အကျိုးပေးလည်း သန်လှသည်၊ အခြား သော အင်းတွေထက် အင်းရဲကြီးအင်းက ငါးပိုထွက်သည်။

ငါးတုန်သည်များလည်း ပြန်သွားကြပြီ ဒေါ်အေး ကြွေနှင့် ဒေါ်မြတို့ ပြန်သွားတော့ ညဆယ့်တစ်နာရီ ရှိပြီ



www.burmeseclassic.com

www.burmeseclassic.com



" ကဲအလုပ်သိမ်းလိုက်ကြတော့၊ မိဝါနှင့်အဖွဲ့တွေကို ငွေရှင်းလိုက်၊ ဘယ်နှစ်ယောက်လဲ "

" ရှစ်ယောက်ပါ အစ်ကိုကြီး "

" ရော့ ပိုက်ဆံ ပိုရင်ပြန်ပေး "

" အစ်ကိုကြီးကတော့လုပ်ပြီ အမြဲတမ်းမယုံသက်ာပဲ "

" အံမယ် ငါမသိဘူးမှတ်နေလား၊ ငါ့ပိုက်ဆံနဲ့နင် တစ်နေ့ တစ်နေ့ ထမီအင်္ကျီအဝါရောင်တွေ မထစ်အောင် ဝယ်ဝတ်နေတယ် မဟုတ်လား၊

ဘယ်သကောင့်သားကို နောက်ပိုးနေလဲ မသိဘူး"

မဖဲဝါလည်း အစ်ကိုကြီး၏ ဆူသံပူသံစကားကို နှကျောခိုင်းပြီး ငါးမျိုးစုံကိုင်သည့် မိန်းကလေးများကို ငွေရှင်းရန် ထွက်သွားတော့သည်။

* * *

" မဝါ ညီမလေး ညည်းတူတွေ မတွေ့မိဘူးလား"

" စောစောကတော့ ဒီနားမှာကစားနေတာပဲ အခုမတွေ့တော့ဘူး "



" တယ်ခက်တဲ့ကလေးတွေပဲ ကဲ ညည်းငါးတွေလှန်းတာပြီးရင်၊ ငါခေါင်းနဲနဲကိုက်နေလို့ ထမင်းဟင်းလာဝိုင်းချက်အုံး၊

ဟို . . . . နင်တဲစုရောက်တုန်းက အေးမေကိုငါခေါ်ခိုင်းတာ ခေါ်ခဲ့သေးလား "

" အေးမေ ကျုံပျော်ကို ဈေးဝယ်တက်သွားတယ်"

" ထမင်းဟင်းကျက်ရင် ကျွန်မပဲ အဝတ်တွေလျှော်လိုက်ပါ့မယ် "

" ညည်းအစ်ကိုကတော့ အိမ်ပြန်ထမင်းစားတယ်မရှိဘူး . . . အရက်လေးတမြမြနဲ့ ငါးတွေအစိမ်းစားနေတယ်ဆိုလားပဲ၊

ညည်းတွေ့ရင် ညည်းအစ်ကိုအခြေအနေကိုအကဲခတ်ကြည့်စမ်း "

" ငါးအစိမ်းစားတယ်ဆိုတာ မဖြစ်နိုင်ပါဘူး အစ်မရယ် "

" ငါလဲမယုံပါဘူး တစ်နေ့ကသူနဲ့ အတူတူလိုက်သွားတဲ့ ထွေးမောင်ပြန်ပြောလို့ မယုံချင်ပဲ ယုံလိုက်ရတာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါးမှအကောင်ကြီးကြီးရဲ့ သွေးတိဖောက် သောက်ပြီးမှ အဲဒီငါးကို စားပစ်တာတဲ့ "

မဖဲဝါလည်း အင်းသူကြီး၏ဇနီးဖြစ်သူ ယောင်းမစကားကြောင့် အံ့ဩတုန်လှုပ်သွားခဲ့ရသည်။

မဖဲဝါလည်း ထမင်းဟင်းချက်ပြုတ်ပြီး မီးဖိုတွင်းမှ ထွက်ခဲ့သည်။

" ယောင်းမရေ အဝတ်တွေ ရေစိမ်ထားတယ် မဟုတ်လား၊ ချက်ပြုတ်လို့ ပြီးပြီ၊ အဝတ်ဆင်းလျှော်လိုက်အုံးမယ် "

" ခေါင်းကိုက်တာရော သက်သာရဲ့လား "

နှစ်ထပ်သွပ်မိုး ပျဉ်ကာအိမ်ကြီး၏ ခေါင်းရင်းခန်းကုတင်ပေါ်မှာ ခေါင်းကိုက်၍တုံးလုံးလှဲနေသော ယောင်းမဖြစ်သူအား လှမ်းမေးလိုက်သည်။

" အေး သက်သာသွားပြီ၊ ခဏနေရင် ကောင်းသွားမှာပါ၊ ညည်းတူတွေလဲ ထမင်းစားချိန်ရောက်ပြီ၊ ဘယ်အထိသွားပြီးဆော့နေလဲ မသိဘူး"

" အစ်မ သားတွေကတော့ တစ်နေ့ တစ်နေ့ မရှာရတဲ့ ရက်ဆိုတာမရှိဘူး၊

ဒါနဲ့ အစ်မ . . . ကျုပ်ဖြစ်စေချင်တာတစ်ခု ရှိတယ် . . . အဲဒါ . . အစ်ကိုကြီးအတွက်လဲ အကုသိုလ်အလုပ်က ရှောင်သွားစေမလားပဲ "

" ဘာဖြစ်စေချင်တာလဲ "

" ကျွန်မဖြစ်စေချင်တာက အစ်မသားတွေကို ရှင်ပြုပေးပါလား . . . ရှင်ပြုရမယ့်အရွယ်လဲရောက်နေပြီ"

" ကိုရင်လေးတွေမြင်ပြီး အစ်ကိုကြီးရဲ့စိတ်ဓါတ်တွေ ပျော့ပျောင်းပြီးသွားမယ်လို့ ထင်တယ် "

" အေး ငါလဲ သားတွေရှင်ပြုဘို့စဉ်းစားနေတာကြာပြီ၊

ညည်း အစ်ကိုကြီးကို ဘယ်လိုနားချရမလဲ စဉ်းစားရင်း အချိန်ကြာသွားတာ၊ ဒီတစ်ခါအိမ်ပြန်လာရင် ပြောကြည့်မယ် "

" နေ့စဉ်နေ့တိုင်း ငါးရှာ၊ ငါးသတ်၊ ငါးညှီနံ့တွေနဲ့ အချိန်ကုန်နေတာ ကလေးတွေ ရှင်ပြုရမယ့်အချိန်တောင် လွန်နေပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ညည်းအစ်ကိုကြီးလာရင် ညည်းရှော ငါ့ရှော ဝိုင်းပြောကြည့်ကြတာပေါ့ "

" အစ်မပဲ ပြောပါ စိတ်မထင်ရင် ကျုပ်ကို တွေ့ကရာနဲ့ ကောက်ပစ်နေပါအုံးမယ်တော် "

မဖဲဝါလည်း ယောင်းမအား ထိုမျှသာ ပြောပြီး အဝတ်လျှော်ရန် အိမ်အောက်ဆင်းခဲ့သည်။

* * *

သီတင်းကျွတ်လဆန်းရက် မိုးလေကင်းရှင်းနေပြီဖြစ်သလို အင်းသူအင်းသားတွေလည်း အပျော်လေးတွေ စုဖွဲ့နေကြသည်။

အင်းသူကြီးနှင့် သူကြီးကတော်တို့က တန်ဆောင်မုန်းလဆန်းတွင် သူ၏သားများနှင့် အင်းထဲမှာနေကြသော အင်းလုပ်သားမိသားစုတို့၏ ရှင်ပြုလိုသော ကလေးများကို ရှင်ပြုပေးကြမည်ဖြစ်သည်။

ထိုအစီအစဉ်အတွက် ရွှေတိဂုံဘုရားလည်း ဖူးရင်း ပရိက္ခရာအစုံအလင်ဝယ်ရန် ရန်ကုန်သို့ ယခုမနက်သွားကြမည်ဖြစ်သည်။





ဘုရားဖူးလိုက်မည့်သူများလည်း မနက်လေးနာရီခန့်ကတည်းက ပြင်ဆင်ထုပ်ပိုးနေကြသည်။

မဖဲဝါကဘုရားဖူးမလိုက်ဖြစ်၊ အင်းသူကြီးတို့ ဘုရားဖူးသွားသည်နှင့်အင်းတဲမှာသွား၍ စောင့်ရမည့်တာဝန်ကို ယူခဲ့ရသည်။

တစ်ညလုံးမအိပ်နိုင်အောင်လမ်းခရီးမှာစားရန် အေးမေတို့နှင့်အတူချက်ပြုတ်ကြော်လှော်နေရသည်။

ထိုအချိန် အင်းသူကြီးကတော်က မဖဲဝါတို့နားသို့ ရောက်လာသည်။

" ဟဲ့မဝါ---ညည်းအစ်ကို ဘယ်ထသွားလဲ မတွေ့လိုက်ဘူးလား "

" မတွေ့ဘူး---မီးဖိုခန်းထဲကိုလဲ မဝင်လာဘူး၊ အိမ်အောက်များ ဆင်းသွားလား "

" အိမ်အောက်ကလူတွေကလည်း သတိမထားမိလိုက်ဘူးတဲ့၊ သွားမယ်လာမယ်လုပ်ကာမှ ဘယ်ကိုထွက်သွားပြန်လဲ မသိဘူး"

တကယ်တော့ အင်းသူကြီးက တောအရက်ခုတ်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းသည့်တဲသို့ ရောက်နေခြင်းဖြစ်သည်။ ဘုရားဖူးသွားလျှင် လမ်းမှာ အရက်သောက်သွားရန် အရက်ပုံးနဲ့ လာသယ်ခြင်းဖြစ်သည်။

ထို့ပြင် အရက်တစ်ပုလင်းခန့် သောက်သွားရန် အကြံနှင့် တစ်ယောက်တည်း ထွက်ခဲ့ခြင်းဖြစ်သည်။

အတော်လေးကြာမှ၊ အရက်ထမ်း၍ ပြန်လာသည်ကို တွေ့ရသည်။

"တော့မလဲ ကုသိုလ်ကိစ္စနဲ့ ခရီးသွားမယ့်တာ အရက်ကို သုံးလေးရက်တော့ဖြတ်သင့်ပါတယ်"

"ဟေ့အရက်နဲ့ မိန်းမဘယ်သူ့ဖြတ်မလဲ မေးရင်၊ မင်းကိုဖြတ်သင့်ရင် ဖြတ်ရမယ်။ အရက်တော့ တစ်ရက်လေးမှ မဖြတ်ဘူး

ကဲပါကွာ မင်းတို့သာ ကုသိုလ်များများရအောင် လုပ်ပါ. . . ငါ့ရဲ့ ချွေးနဲ့စာထဲက ဘုရားရွှေချမလို့ ရွှေတုံးတွေ ပါယူခဲ့တာပဲ. . . အဲဒါငါ့ရဲ့ကုသိုလ်ပေါ့၊

မင်းပဲသံသရာက လွတ်မြောက်ချင်တယ်ဆို၊ မင်းသားတွေ ရှင်ပြုပြီး မင်းပဲလွတ်ရာလွတ်ကြောင်းလုပ် . .



ငါလဲ အရက်သောက်ပြီး လွတ်ရာလွတ်ကြောင်း လုပ်မယ် " အင်းသူကြီးကတော်လည်း လင်ဖြစ်သူနှင့် စကားနိုင်လုမပြောတော့ဘဲ၊ ထုပ်ပိုးပြင်ဆင်နေသူများ အားလုံးအော် သတိပေးလိုက်သည်။

" ကဲလိုက်မယ့်လူတွေ၊ ပစ္စည်းတွေ သင်္ဘောဆိပ်သယ်ချကြတော့၊ သင်္ဘောလာချိန်နီးပြီး "

အားလုံးသင်္ဘောဆိပ်သို့ သယ်ချကြသည်။ မကြာခင်မှာပင် ရန်ကုန်သွားမည့် မီးသင်္ဘောဆိုက်ကပ်လာသည်။

အင်းသူကြီးနှင့် သူကြီးကတော်တို့အဖွဲ့၊ သင်္ဘောပေါ်သို့ တက်ပြီးသည်နှင့်၊ သင်္ဘောလည်းကမ်းမှ ခွာခဲ့သည်။

ရန်ကုန်မြို့ မဝင်ခင်မှာပင်၊ ရွှေရောင်တဝင်းဝင်းနှင့်၊ ရွှေတိဂုံဘုရားကြီးကို၊ အားလုံးဖူးတွေ့လိုက်ရသည်။

မကြာခင်သောအချိန်မှာ ရွှေတိဂုံဘုရားကြီးကိုဖူးမြင်ရတော့မည်ဟူသော အသိကြောင့်၊ အားလုံးအပျော်ကြီး ပျော်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပျော်ရွှင်နေကြပေမယ့်၊ အင်းသူကြီးကတော့၊ တစ်လမ်းလုံးအရက်အရှိန်နှင့် ခေါင်းငိုက်စိုက်ကျ တာအိပ်ပျော်နေခဲ့သည်။

ဘုန်းကြီးလမ်းဆိပ်ကမ်းမှာ သင်္ဘောကမ်းကပ်တော့မှ သူကြီးကတော်နှိုးရ၍ အင်းသူကြီးအိပ်ပျော်နေရာကနိုးလာသည်။

" ဘယ်ရောက်ပြီလဲ "

" ရန်ကုန်ရောက်ပြီ "

" ဟာ. . . မြန်လိုက်တာ "

" ဘယ်မှာမြန်လို့လဲ တော်တတစ်လမ်းလုံးမူးအောင်သောက်ပြီး အိပ်ပျော်လာတာ၊ အခုမှ မနည်းနှိုးယူရတယ် "

" အခု ဘယ်သွားကြမှာလဲ "

" ပရိက္ခရာနဲ့ အလှူပစ္စည်းတွေဝယ်ဘို့ ကြည့်မြင်တိုင်ဘက်ကို၊ ကားငှားပြီးသွားကြမယ်၊

ပစ္စည်းတွေဝယ်ပြီးတာနဲ့ ရွှေတိဂုံဘုရားသွားဖူးကြမယ် ဘုရားတန်ဆောင်မှာတည်းပြီး ညအိပ်ကြမယ်၊



နောက်နေ့ညနေ ကျပျော်သင်္ဘောနဲ့ပြန်လိုက် ကြမယ်၊

ရောက်တုန်းရောက်ခိုက် နှစ်ညလောက်တည်းပြီး ဘုရားကို အေးအေးဆေးဆေးဖူးကြတာပေါ့ ဘယ့်နှယ်လဲ "

" ရှင်နေချင်သပဆိုလဲနေပေါ့ ဘုရားကမ္ဘာ့ရုံတွေမှာ ချတ်ပြုတ်စားသောက်ပြီး၊ ရန်ကုန်မြို့မှာရှိတဲ့ ဘုရားစုံကြည့်ဖူးလို့လဲရတယ် "

သို့ဖြင့် သူကြီးကတော် ဦးဆောင်မှုနှင့် ဆိပ်ကမ်းပေါ်တက်လာကြသည်။

ညောင်ပင်လေးဈေးသို့ ခဏဝင်လည်လိုက်ကြသည်၊ ထို့နောက် ဒေါ့ဂျ်ကားတစ်စီးငှားကာ ကြည့်မြင်တိုင်ဘက်သို့ ပရိက္ခရာဝယ်ရန် ထွက်လာခဲ့ကြသည်။

ပရိက္ခရာနှင့် အလှူအတွက် လိုအပ်သမျှ ဝယ်ကြသည် အားလုံးဝယ်ခြမ်းပြီးတော့ မြေနီကုန်းလမ်းအတိုင်း ရွှေတိဂုံဘုရားသို့ လာခဲ့ကြသည်။

တော်လှန်ရေး ပန်းခြံလွန်သည်နှင့် ဦးဝိစာရလမ်း

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကားကိုမောင်းနဲ့သည်။

ကားပေါ်မှ ရွှေတိဂုံဘုရားကြီးကို ရွှေရောင်တဝင်း

ဝင်းနှင့် သပ္ပါယ်စွာ အားလုံးဖူးတွေ့လိုက်ရသည်။

အင်းသူကြီးကတော့. . .

" ငါ့မျက်စေ့တွေပဲ မှုးဝေနေလို့လားမသိဘူး မင်း

တို့ပြောတဲ့၊ ရွှေတိဂုံဘုရားကို ငါမမြင်ရဘူးကွ"

"ဟို. . . ဟိုမှာ နေအုံး. . နေအုံးသစ်ပင်တွေ

ကွယ်နေသေးတယ် ဟော. . ဟောပေါ်လာပြီတွေ့တယ်

မဟုတ်လား၊ ဘုရားကြီးရွှေရောင်တွေ တဝင်းဝင်းနဲ့

သပ္ပါယ်လိုက်တာ"

" မင်းတို့က သပ္ပါယ်တယ်ပြောတယ် ငါ့မျက်စေ့

မှာ ဝေဝေဝါးဝါးပဲမြင်တယ် ဘယ်ဘုရားကိုမှမတွေ့ရဘူး"

"အဲဒါပြောတာပေါ့ ရှင်တစ်လမ်းလုံး အရက်တွေ

မပြတ်သောက်ခဲ့တာ၊ တော့်ရဲ့မျက်လုံးမှာ အရက်ခိုးတွေ

ဝေနေတာပဲဖြစ်မယ်"

"ကဲပါကွာ မင်းတို့ဖူးချင်တဲ့ဘုရားမင်းတို့ပဲဖူး"

" အို. . ဘယ်ဟုတ်မလဲ ဘုရားခြေတော်ရင်း



ရောက်နေပြီ ကုန်းတော်ပေါ် အထိ လိုက်တက်ပြီး၊ ဘုရား

ထို ဖူးဖြစ်အောင် ဖူးသွားရမှာပေါ့ "

"အေးပါ အနားရောက်လို့ ဘုရားမြင်တော့လဲ

ထစ်မျိုးပေါ့ "

မကြာခင်မှာပင် ဒေါ့ဂျစ်ကားက ဦးဝိစာရလမ်းမှ

ထန်တော်မင်ပန်းခြံလမ်းသို့ ချိုးကွေ့လိုက်သည်။

ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်းမှာ ကား

ထိုးရပ်လိုက်သည်။

ထို့နောက်ကားပေါ်က အားလုံးဆင်းလိုက်ကြ

သည်။

" ဟိုမှာ ရှင်သေသေချာချာဖူးလို့ရပြီ၊ ဒီနေရာက၊

ဘုရားကြီးကို လုံးတော်ပြည့်မြင်ရတယ်၊ ရွှေတွေမှချထား

လိုက်တာဝင်းအိနေတာပဲ "

" ငါတကယ်ပြောတာ ငါဘာမှမမြင်ရဘူး၊ ငါ့မျက်

စေ့မှာ မြူတွေလိုလိုပဲမြင်နေရတယ်"

"ဒါဖြင့်ရှင် ကျွန်မတို့အားလုံးကိုရောမြင်ရလား"

"အေး. . မင်းတို့အားလုံးကိုတော့ ခုသေသေချာချာ၊

www.burmeseclassic.com

www.burmeseclassic.com



မြင်ရတယ် ငါဘုရားကြီးကိုမမြင်ရဘူး၊

ငါ့ကိုဘုရားကြီးရဲ့ အစောင့်တွေက၊ ဘုရားဖူးလို့ မရအောင်လုပ်နေတာ"

"အဲဒါ ရှင့်ရဲ့အကုသိုလ်၊ ဘယ်လောက်ကြီးနေပြီလဲဆိုတာ ရှင်သိသင့်တယ်၊ အင်းထဲပြန်ရောက်ရင် အင်းအလုပ်ကို တပည့်တွေပေးပြီး လက်လွှဲလုပ်ခိုင်းလိုက်၊ရှင်ကိုယ်တိုင် ဝင်မလုပ်နဲ့တော့၊

ရှင်လုပ်ထားခဲ့တဲ့ အကုသိုလ်တွေ လျော့ပါးသွားအောင်၊ ရှင်ဘုရားတက်ဖူးလိုက်ပါအုံးလား"

"ငါက ဘယ်ဘုရားကိုဖူးရမှာလဲ၊ မင်းတို့အားလုံး ဘုရားမြင်တယ်မဟုတ်လား သွားဖူးကြ"

"ဒါဆိုလဲရှင့်မှာပါတဲ့ ရွှေတွေပေးလိုက်၊ ရှင့်အတွက် ကျုပ်တို့ ဘုရားကြီးကို ရွှေချပြီး အပြစ်တွေကျေရာကျေကြောင်း ဆုတောင်းပေးခဲ့မယ်"

"တဲရှင်မ မင်းကိုယ်တိုင်ပဲ သွားပြီးဆုတောင်း၊ကျုပ်လုပ်အားနဲ့ရတဲ့ ဒီရွှေတွေ ကျုပ်ပဲပြန်ယူသွားတော့မယ်၊

ဘုရားမြင်တဲ့ လူတွေသွားဖူးကြ၊ ငါဒီကားပေါ်ထ



အရက်သောက်ရင်းစောင့်တော့မယ်"

ဘုရားစောင်းတန်းအနီးက မွှာရုံမှာ တည်းခိုညအိပ်ပြီး အေးအေးဆေးဆေး ဘုရားဖူးကြရန်စိစဉ်ခဲ့ကြသော်လည်း အခြေအနေက တစ်မျိုးပြောင်းသွားသည်။

သူကြီးတတော်နှင့်အဖွဲ့လည်း ဘုရားတောင်ဘက်စောင်းတန်းမှ ကုန်းတော်ပေါ်သို့တက်၍ ဘုရားဖူးကြသည်။

ထို့နောက် ကုန်းတော်ပေါ် တစ်ပတ်လှည့်ပတ်ဖူးတာ တောင်ဘက်စောင်းတန်းအတိုင်း ပြန်ဆင်းလာခဲ့သည်။

ညနေပိုင်းထွက်သော သင်္ဘောနှင့် ကျုံပျော်သို့ပြန်ထွက်ခဲ့ကြသည်၊ သင်္ဘောကြီးက ကျုံပျော်ဆိပ်တွင် ခေတ္တလူချပြီးသည်နှင့် အင်းရဲကြီးဆိပ်တမ်းသို့ဆိုက်ကပ်သည်။

သင်္ဘောဆိပ်သို့ ဆိုက်ကပ်ပြီးနောက် အားလုံး အင်းသူကြီး အိမ်သို့ လိုက်လာခဲ့ကြသည်။

အားလုံးအိမ်သို့ပြန်ရောက်ကြသော်လည်း အင်း

www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော့အိမ်သို့မပြန်တော့ပဲ အင်းတဲကြီးရှိရာသို့ တန်းသွားတော့သည်။

အင်းတဲမှာ၊သုံးရက်ခန့် စောင့်ပေးရန်ပို့ထားသော မဖဲဝါလည်း ရုတ်တရက်ပြန်ရောက်လာသောအစ်ကိုဖြစ်သူအားအကျိုအကြောင်းမေးချင်ပေမင့် မျက်နှာမသာမယာဖြစ်လျက်၊အရက်တစ်လုံးပြီးတစ်လုံးသောက်နေသောကြောင့်မမေးဝံ့ခဲ့။

မိုးလင်းသည်နှင့်ရွာသို့ပြန်ခိုင်းသောကြောင့်ပြန်ခဲ့ရသည်။

အင်းသူကြီးလည်း၊မဖဲဝါအင်းတဲမှပြန်သွားသည်နှင့် မည်သူကိုမှစကားမပြောတော့။

ကံတရားကိုစိတ်နာသွားသည်လားမသိ၊ အင်းတဲမှာ အရက်ကိုသာ မိုးမမြင်လေမမြင်သောက်နေမိတော့သည်။

"ဟေ့ထွန်းရွှေ၊ကံလှ ဘယ်မှာသွားသေနေကြလဲ ငါ့ဆီအမြန်လာကြစမ်း"

"ဗျာ. . အင်းသူကြီးခိုင်းစရာရှိလို့လား"





"အေးခိုင်းစရာရှိတယ်. . ရော့ဒီရွှေတွေအကုန်အရည်ဖျော်အောင်ကျိုစမ်း"

"ဟာ. . . ဘာ. . ဘာလုပ်မလို့လဲအင်းသူကြီး"

"ရွှာမရှည်နဲ့ ငါကျိုဆိုရင်ရအောင်ကျို"

အင်းသားများလည်း အင်းသူကြီးကျိုခိုင်းသောများကို အရည်ဖျော်အောင်၊ မီးပြင်းတိုက်ကာ ကျိုပေးလိုက်သည်။

"အရည်ဖျော်သွားပြီအင်းသူကြီး"

"အေး ငါ့တဲဘေးက၊အင်းတိုင်ကျွန်းသားတွေကိုအကုန်လိုက်သုတ်စမ်း"

"ဟာနေ့မြောစရာကြီး"

ပိုင်ရှင်ဖြစ်တဲ့ငါကတောင်မနှမြောသေးတာမင်းသားဆိုင်လို့နှမြောရတာလဲ၊သောက်စကားမရှည်နဲ့၊သုတ်သုတ်စမ်း။

"ဟုတ်. ဟုတ်ကဲ့"

အင်းသား နှစ်ယောက်လည်းအင်းသူကြီးသုတ်ခိုင်းသည့်အတိုင်းရွှေရည်များကုန်အောင်၊ကျွန်းတိုင်များမှာ



www.burmeseclassic.com

www.burmeseclassic.com



သုတ်လိမ်းပေးလိုက်တော့သည်။

"ဟား ဟား ဟား ရွှေတိဂုံဘုရားရွှေချမလို့ဧေ
နာသန့်သန့်နဲ့၊စုထားတာ၊ငါတို့မလှူဖြစ်အောင်၊ဘုရား
ကွယ်ထားကြတယ်၊

ဒီတော့ ငါ့ကိုအကျိုးပေးတဲ့ ဒီအင်းတိုင်တွေ
ရွှေချပစ်လိုက်တာပေ့ါ. . ဟား ဟား"

ဝမ်းခေါင်းသံကြီးနှင့် အားပါးတရ အော်ရယ်
လေသည်၊ သူ၏အကြံကို သဘောကျနေပုံလည်း ရသည်

* * *

အင်းသူကြီးအိမ်တွင်တော့၊ သူကြီးကတော်နှင့်
ဖဲဝါတို့နှစ်ယောက်သားအလှူအတွက်အစီအစဉ်ချနေသည်

" ငါတော့ ဒီအလှူကို အမြန်လုပ်လိုက်ချင်
ယောက်မရယ်၊

ဘုရားမမြင်ရလို့ဆိုပြီး စိတ်နာနေတဲ့၊ ညည်းအ
ကို အလှူလုပ်တာကိုပါလာပြီး၊ ဖျက်လို့ ဖျက်စီးလုပ်ရင်း
လှူပွဲဖျက်ရချည်ရဲ့"

"ကိုထွန်းရွှေ အင်းတဲကပြန်လာတုန်းပြောပြတဲ့



တားကြားရတာ ကျွန်မဖြင့် ရင်တုန်လိုက်တာအစ်မရယ်"

"ရွှေတွေကိုပြီး အင်းတိုင်တွေ သုတ်ပစ်လိုက်တယ်
တဲ့၊ ပုံမှန်စိတ်တော့ မဟုတ်နိုင်ဘူး"

" ဒါဆို ဘာလုပ်ရင်ကောင်းမလဲ၊ အစ်ကိုကြီးရွာ
ပြန်မလာခင် အစ်မအလှူကိုအပြီး လုပ်မလား၊ စဉ်းစားပါ
အုံး"

" တစ်ခုစဉ်းစားမိတယ်၊ မဝါရဲ့ အစ်ကို့အခြေ
အနေလဲသိရအောင် သားစိမ်းငါးစိမ်းတွေကိုပဲ စားနေတဲ့
အဖြစ်တလည်း၊ လျော့ပါးသွားအောင် မဝါအင်းတဲကို
တစ်ခေါက် လောက်သွားကြည့်ပေးပါလား"

မဖဲဝါလည်း အစ်ကိုကြီးအကြောင်း အင်းတဲမှအ
လုပ်သမား ကိုထွန်းရွှေ အိမ်ရောက်လာပြီး ပြောပြသော
စကားကြားစဉ်က၊ မယုံနိုင်အောင်ပင် သမီးယောက်မနှစ်
ယောက် မျက်လုံးပြူးခဲ့ရသည်။

" အင်းတဲမှာ သားငါးတွေ မကင်မချက်ဘဲ အစိမ်း
တွေပဲ စားနေတော့တယ် အစ်မရာ။

အရက်ကလည်း နေ့ညမပြတ်အောင် သောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ၊ ငါးရှာတဲ့ကိစ္စလည်း စိတ်မဝင်စားတော့ဘူး အစ်မ၊ သားငါးမရရင်နှ တာထဲဝင်ပြီး၊ သမင်တွေ ဂျီတွေ၊ ရှာပစ်ပြီး အစိမ်းလိုက် လိုးဖြတ်စားတယ်။

ကျွန်တော်တို့လည်း သူများပြောရင်၊ ယုံမှာမဟုတ်ဘူး၊ မျက်စေ့နဲ့ ကိုယ်တိုင်မြင်ရလို့ ပြန်ပြောပြနေတာ။

အစ်မနဲ့ မဖဲဝါအင်းသူကြီးကို ဒီအတိုင်းပစ်မထားပါနဲ့ ”

“ အေး. . . ငါမသွားနိုင်လဲ သူညီမကိုလွှတ်မယ်၊ ရိက္ခာယူသွားပြီး၊ ထမင်းဟင်း သွားချက်ကျွေးခိုင်းမယ်”

မဖဲဝါ၏အစ်ကို အင်းသူကြီးမှာ လူသားစင်စစ်က၊ အင်းပိုင်တစ်ပွဲစားကြီး ဖြစ်နေခဲ့ပြီဖြစ်သည်။

တကယ်တော့ သူတို့မောင်နှမ အဖြစ်ကလည်း သနားစရာ ကောင်းလှသည်။

အထက်အညာဒေသမှ၊ အသက်အန္တရာယ်ရှောင်တိမ်းရမည့် ကိစ္စကြောင့် အောက်ပြည်အောက်ရွာသို့ ဆင်းလာခဲ့ရာ၊ အင်းရဲကြီးသို့ ရောက်ခဲ့ကြသည်။

အင်းရဲကြီးအင်းမှာ မောင်နှမနှစ်ယောက်ကြုံရာ



ဝင်လုပ်ကြရင်း အင်းသူကြီး၏ ယုံကြည်အားထားမှုကိုရယူနိုင်ခဲ့သည်။

ထိုအတူ အင်းသူကြီး၏သမီးကိုလည်း ရယူပိုင်ဆိုင်နိုင်ခဲ့သည်။

အင်းသူကြီးက အသက်ကြီးပြီးမို့ အင်းတဲမှာသူ့ချွေးမလတ် ဖြစ်လာသည်။

သူ၏ ညွှန်ကြားပြသမှုအောက်မှာ ငါးများက၊ ထင်သည်ထက်ပို၍ရခဲ့သည်၊ အင်းလုပ်ငန်းတိုးတက်ကြီးပွားခဲ့သည်။

နှမဖြစ်သော မဖဲဝါက နာမည်နှင့်လိုက်အောင် အဝတ်အစားဆိုလျှင် အဝါရောင်မှ ကြိုက်သည်။

အမြဲတမ်း ဟောင်းသည်ဖြစ်စေ၊ သစ်သည်ဖြစ်စေ၊ အဝါရောင်အဝတ်အစားများနှင့်သာ အမြဲတွေ့ရသည်။

မဖဲဝါက ယောက်မဖြစ်သူနှင့် အတူနေပြီး ထမင်းဟင်းကူချက်သည်၊ အဝတ်လျှော်သည် ငါးခြောက်ခွဲသည်။ အလုပ်သမတွေကို ဦးစီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးအင်းတဲမှာ အနေများသည့်အချိန် ထမင်းပို့သည့်အခါပို့သည်၊ တစ်ခါတစ်ရံရိက္ခာများ ယူသွားပြီး၊ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည်သွား၍ ချက်ပြုတ်ပေးသည်။

ယခုအချိန်အစ်ကိုဖြစ်သော အင်းသူကြီး သားစိမ်း ငါးစိမ်းတွေ စားနေသည်ဟု ကိုထွန်းရွှေပြောစကား ကြားလိုက်ရသော မဖဲဝါတို့လည်း အင်းသူကြီးကိစ္စအရေးတကြီး တိုင်ပင်ကြရလေတော့သည်။

သို့ကြောင့်ပင် လင်ယောက်ျား၏ စားရေးသောက်ရေး စီစဉ်ပေးရန် စိတ်ခါတ်ပျော့ပျောင်းလာစေရန်ဟူသော အတွေးနှင့် မဖဲဝါကို ရိက္ခာဆီဆန်ဆား အပြည့်အစုံနှင့် အင်းတဲသို့ လွှတ်လိုက်လေသည်။

မဖဲဝါလည်း သူနှစ်သက်သော အဝါရောင် ဝမ်းဆက်ကို ဝတ်ဆင်၍ ရိက္ခာထည့်သော တောင်းကိုရွက်ပြီး အင်းရဲကြီးဘက်ကို ထွက်ခဲ့သည်။

အင်းရဲကြီးသို့ သွားရာလမ်းကား သစ်ရိပ်ဝါးရိပ်တို့ အုံ့မှိုင်းနေသည်။



ထိုသစ်ပင်ကြီးများအောက်မှ ဖြတ်သန်း၍ သွားရသည်၊ နေ့ခင်းဘက်မှာ နေပျောက်ပင်မထိုးအောင် သစ်ပင်တို့အစီအရီပေါက်နေသည်။

ထိုတောအတွင်း သမင်၊ ဂျီ၊ ဆတ်တို့မှီတင်းနေထိုင် ကြသည့်အတွက်၊ အင်းသားတို့လည်း ငါးစို၊ ငါးခြောက် မစားချင်သည့်အခါ တောပစ်ထွက်၍ ရှာစားကြသည်။

ခါတိုင်းထက် တောက တဖြည်းဖြည်းနက်လာသည်ဟုပင် မဖဲဝါစိတ်ထဲမှတ်ထင်လိုက်သည်။

တောကြီးအတွင်းမှ အင်းတဲများသို့ ရောက်ရန် အနည်းဆုံး တစ်မိုင်နီးပါးမျှ ထပ်၍လျှောက်ရအုံးမည်၊ သို့ကြောင့် ခြေလှမ်းသွက်သွက်လျှောက်ခဲ့သည်။

ထိုစဉ်ရှေ့မှ လူလိုလို၊ အရိပ်မည်းမည်းကြီး သစ်ပင်အကွယ်မှ ထွက်လာသည်ကို လှမ်းတွေ့လိုက်ရသည်။

ထိုအရိပ်မည်းကြီးက အင်းသူကြီးတစ်ဖြစ်လဲ တစ်ခွဲစား တွင်းပိုင်ကြီးဖြစ်သည်။

အင်းသူကြီးက လူသားစင်စစ်စိတ် ပျောက်ဆုံးနေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီ။ သို့ကြောင့် သူ့အတွက်ရိက္ခာ လာပို့သောမဖဲဝါကို လူဟူ၍ မမြင်မိတော့။

သူ၏ အမြင်မှာ တောကောင်ဟူသာ အထင်ရှိပြီး မဖဲဝါနောက်သို့ လှံကြီးကို ချိန်ရွယ်ကာ အတင်းပြေးလိုက်လေတော့သည်။

မဖဲဝါကလည်း အစ်ကိုဖြစ်သူက လှံကြီးဝင့်ပြီး ပြေးလာနေသည်ကို မြင်သဖြင့် ကြောက်ကြောက်လန့်လန့်နှင့် ခြေဦးတည့်ရာ ပြေးထွက်လေတော့သည်။

ပြေးရင်း ပါးစပ်ကလည်း လှမ်းအော်သတိပေးလေသည်။

" အစ်ကိုကြီး မှားမယ်၊ ညီမ မဖဲဝါပါ "

" အစ်ကိုကြီး . . . . လူမှားမယ် "

" အစ်ကိုကြီး . . . . မဖဲဝါလေ. . .

ပြေးရင်းက အစ်ကိုဖြစ်သူအသိဝင်လာစေရန် အော်ဟစ်သတိပေးပေမယ့် အစ်ကိုဖြစ်သူက ပြေးလိုက်ရာမှ ရပ်မသွား။

မဖဲဝါက ဘယ်လိုပင် အသံကုန်အော်ဟစ်သတိ



ပေးပေမယ့် ကမြင်အာရုံ အကြားအာရုံကအမှန်ကို မကြားနိုင်၊ မမြင်နိုင်အောင်ပင် အမိုက်မှောင် အတိဖုံးခဲ့ပြီ။

မဖဲဝါဘယ်လိုပင် အသံပြုပြု၊ သမင်တစ်ကောင်ဟူသာ အမှတ်ရှိခဲ့သည်။ သို့ကြောင့်ပင် သားသမင်ကို အသေသတ်ရန်သာ အာရုံရောက်နေခဲ့သည်။

တောအုပ်ထဲမှာ လှည့်ပတ်ပြေးနေရသဖြင့် သယ်လာခဲ့သော ရိက္ခာတောင်းမှာလည်း အောက်မှောက်ကျကျန်ခဲ့ပြီ။

တောစပ်ကို လွန်သွားသည်နှင့် အင်းတဲဘက်သို့ မရောက်တော့ပဲ ရောက်ရာလွတ်ရာ ပြေးထွက်ခဲ့သဖြင့် တောစပ်အလွန်ရှိ ရွာသချိုင်းသို့ ရောက်သွားသည်။

သချိုင်းအတွင်းရှိ နာနာဘာဝတို့အား ပုံစံမျိုးစုံမြင်တွေ့လိုက်ရသည့်အတွက် ရုတ်တရက် ထိတ်လန့်သွားသည့်အချိန်။

မြေမှိုမှိုမှာ ထွက်နေသော သစ်ငုတ်ကို ခလုတ်တိုက်ပြီးလဲအကျ အသက်ပါတစ်ခါတည်း ထွက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါသေဆုံးသည်နှင့် နတ်စိမ်းအဖြစ်သို့ ရောက်ရှိသွားခဲ့ရသည်၊ နတ်စိမ်းဘဝရောက်ရှိသွားသည်နှင့် နတ်စိမ်းတို့ကို အုပ်စိုးရသော မိစ္ဆာနတ်မင်းကြီးထံ အပိုင်စားတစ်နေရာတောင်း လေတော့သည်။

သင့်လျော်သော နေရာအပိုင်စားပေးရန် မမြင်သဖြင့် ရောက်ရှိရာ နေရာဖြစ်သည့် သင်္ချိုင်းသုသာန်များကို စောင့်ရှောက်ရသော အစိမ်းနတ်အဖြစ် အပိုင်စားပေးခဲ့လေသည်။

ထို့ကြောင့် မဖဲဝါကို မြန်မာနိုင်ငံတစ်ပြည်လုံးရှိ သင်္ချိုင်းများကို စောင့်ရသော တာဝန်ပေးအပ်ခဲ့သည့် အတွက်၊

သင်္ချိုင်းသုသာန်စောင့် မဖဲဝါအဖြစ် မြန်မာ တစ်ပြည်လုံး ကျော်ကြားထင်ရှားခဲ့ရသည်။

လူသေတွေရဲ့ အခေါင်းပေါ်တင်လာသည့် စားမြိန်စာထမင်းထုပ်ကို စားသောက်ရန်လည်း မိစ္ဆာနတ်မင်းကြီးက ခွင့်ပြုခဲ့သည်။

နောက်မှပြေးလိုက်လာသော ကွင်းပိုင်ကြီးလည်း



သင်္ချိုင်းမြေရောက်မှ အသိစိတ်ဝင်လာသည်၊ ညီမဖြစ်သူ မဖဲဝါ၏အဖြစ်ကို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသည်။

အသက်တင်းမဲ့နေပြီဖြစ်သော ညီမအလောင်းကို မျက်ရည်ပေါက်ပေါက်ကျသည်အထိ ရပ်ကြည့်နေရင်းက

" အား . . . . "

အာခေါင်ခြစ်၍ အသံကုန်အော်ဟစ်လိုက်ပြီး နောက်ကြောင်းသို့ ပြေးထွက်သွားတော့သည်။

ထိုအချိန်ကစပြီး ကွင်းပိုင်ကြီးလည်း အင်းထဲသို့ ပြန်မလာတော့။

ရွာသို့လည်း မပြန်တော့။

အင်းသားတို့က ကွင်းပိုင်ကြီး ပျောက်ခြင်းမလှ ပျောက်သွားသည့်အတွက် ရေထဲဆင်းသွားပြီဟု ပြောကြသလို၊

လူသားစင်စစ်က တစ်ပွဲစားဖြစ်သွားသည့်အတွက် ကိုယ်ပျောက်ပြီး နေနိုင်သည်ဟု ထင်ကြေးအမျိုးမျိုးပေး ကြသည်။

ထိုအချိန်မှစ၍ ကွင်းပိုင်ကြီးကို မမြင်မကြားရ

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။

အင်းလုပ်သားတို့ကတော့ တစ်ပွဲစားကွင်းပိုင်ကြီးကို ရှိသေမှုနှင့် ငါးများများရစေရန် ပူဇော်ပသ တင်မြှောက်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

* * *

" ကဲပြောရင်းစားရင်းနဲ့ ဗိုက်လဲပြည့်ပြီ "

" မင်းကနယ်စုံရောက်ခဲ့တာ ဆိုတော့၊ နောက်ထပ် ထူးထူးဆန်းဆန်းဇာတ်လမ်းလေးတွေလဲ ကြားခဲ့အုံးမှာပေါ့ "

" ဟော့ကောင်စကားခေါ်မနေနဲ့ နောက်တစ်ခါ သိချင်ရင် အကျွေးအမွေးပါမှ ခေါ်လိုက် "

" မင်းတို့လဲ ကျွေးချင်မွေးချင်စိတ်လေးထပ်ပေါ် လာရင် လှမ်းခေါ်လိုက်ပေါ့ကွာ "

" တစ်ခါပဲရမယ် ဗိတ္တာ. . . . မင်းဖုန်းဆက်တာကို ငါတို့စောင့်နေမယ် . . . . ကဲ . . . အခုအချိန်လည်း ကြာသွားပြီ၊ ပိုက်ဆံရှင်းလိုက်ရအောင် "

" ဘာကြောင့်လောနေတာလဲ "



ငါအပြန်ဝင်စရာရှိသေးတယ် "

" ဒါဆိုလဲ သွားကြတာပေါ့ မင်းပြောတဲ့ မဖဲဝါ အကြောင်း ငါရေးမယ်၊ မင်းကိုလဲကျေးဇူးတင်ပါတယ် "

"ငါ့မှာ ဇာတ်လမ်းတွေရှိသေးတယ် . . . ကိုလေး"

" ဆို "

" ဒီကောင့်ကို ဇာတ်လမ်းတစ်ပုဒ်ပြောပြတိုင်း ခေါ်ကျွေးခိုင်းရရင် ကောင်းမယ်ထင်တယ် "

" လုပ်ဇာတ်ကြီးတွေနဲ့ အကြံအဖန်လုပ်ဖို့တော့ မင်းစားနဲ့ "

ငွေရှင်းပြီးပြီဖြစ်၍ ဆိုင်အတွင်းမှ ထွက်လာခဲ့ကြသည်။

" အညွှန့်. . . . ကိုယ်ပြန်မယ် "

" မင်းတို့လမ်းထိပ်အထိ ကားနဲ့ ပို့ပေးခဲ့မယ်"

" ကျေးဇူးပဲ "

သို့ဖြင့် ကျွန်တော်လည်း အညွှန့်၏ ကားနှင့် ငွေတောင် ' ဆိုင်ရှေ့မှ ယသာဝတီလမ်းထိပ်သို့ လိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်မှာ ကားရပ်ပေးသဖြင့် ကားပေါ်မှ ဆင်း လိုက်သည်။

ကျွန်တော် သိပ်သိချင်ခဲ့သော မဖဲဝါနှင့် အင်းရဲ ကြီးမှ တွင်းပိုင်တို့အကြောင်း ရေးရတော့မည်ဖြစ်၍ စိတ် ပေါ့ပါး လန်းဆန်းစွာနှင့် အိမ်သို့ပြန်ခဲ့တော့သည်။

# မဖဲဝါကို အဖေါ်ခေါ်သွား

သည်းလိုက်သည့်မိုး၊ တစ်နေကုန်မရပ်မနား ရွာပဲ ရွာနိုင်လွန်းလှသည်။

ခါတိုင်း မိုးရွာလျှင်တစ်နာရီ၊ နှစ်နာရီမျှသာ ကြာ သည်၊ ယခု တစ်ညလုံး ရွာနေရုံမျှမက၊ မနက်လင်းသည် အထိ ရွာတုန်း။

နေ့ဆယ်နှစ်နာရီအထိ ရွာ၍ မစဲနိုင်သေး၊ စိုးလွင် တစ်ယောက် ညနေပိုင်း အပေါင်းအသင်းများနှင့် ဆုံရန် ချိန်းထားသည်။

မိုးရွာ၍ ချိန်းရာသို့ မလာဖြစ်လျှင် ခဲလေသမျှ သဲရေကျသကဲ့သို့ ဖြစ်တော့မည်၊ မိုးအမြန်တိတ်ရန် စိတ်ထဲက ကြိတ်၍ ဆုတောင်းနေသည်။

ဆုတောင်းပြည့်သည်လားမသိ၊ နေ့တစ်နာရီကျော်

www.burmeseclassic.com

www.burmeseclassic.com



တော့ မိုးအရှာရပ်သွားသည်။

ယခုမှပင် စိုးလွင် သက်ပြင်းချနိုင်တော့သည်။

ညနေသုံးနာရီခန့် ထင်ပေါ်၏ ထန်းတောမှာ ဆုံကြမယ်၊ ထန်းရည်ကတော့ မိုးရွာလွန်း၍ မရနိုင်တော့၊ အရက်နှင့် ကြက်သားဟင်း စီစဉ်ထားကာ ဖဲစုရိုက်ကြမည်ဖြစ်သည်။

သို့ကြောင့် ဖဲရိုက်ရန် တစ်ဦးနှင့်တစ်ဦး ချိန်းဆိုထားပြီးကတည်းက။

စိုးလွင်လည်း ရှာဖွေစုဆောင်းထားသော လောင်းကြေးငွေလေးကို ကျစ်ကျစ်ပါအောင် ထည့်ပြီး ထင်ပေါ်တို့ ထန်းတဲဘက်သို့ ထွက်လာခဲ့သည်။

ကျည်စုရွာသား သုံးယောက်နှင့် ထင်ပေါ်၊ စိုးလွင်တို့ ငါးယောက်မကြာခဏ ချိန်းပြီး ဖဲရိုက်လေ့ရှိသည်။

ထိုသို့ ဖဲရိုက်သည့်အခါ အရက်နှင့် ကြက်သို့မဟုတ် မြည်းစရာဟင်းတစ်မယ်ကို ထင်ပေါ်က ဖန်တည်း ချက်ပြုတ်ထားလေ့ရှိသည်။

ကုန်ကျစရိတ်ကို ဝိုင်းမစခင် အချိုးကျစု၍





ထင်ပေါ်သို့ ပေးရမြဲ။

သို့ကြောင့် ထင်ပေါ်ကလည်း မငြီးမငြင်၊ အမြဲလုပ်အားပေးသည်။

ဖဲဝိုင်းကတော့ ကောင်းတစ်ခါ၊ မကောင်းတစ်ခါနှင့်ပင် တစ်ဝိုင်းပြီးတစ်ဝိုင်း လည်ပတ်နေသည်။

ညနေငါးနာရီလောက်မှ စ၍ မိုးက တစိမ့်စိမ့် ပြန်ရွာနေသည်။

ဝိုင်းက ရိုက်ကောင်းဆဲ၊ အရက်သောက်လိုက်၊ အမြည်းစားလိုက်၊ ဖဲဝေလိုက်နှင့် အချိန်တို့ ကုန်မှန်းမသိကုန်သွားသည်။

ရယ်လိုက်၊ မောလိုက်၊ မချိတင်ကဲ အသံထွက်လာထိုက်နှင့်ပင်၊ အရက်တို့ တစ်လုံးပြီးတစ်လုံး ကုန်သွားသည်။

အားလုံးလည်း ရေချိန်မှန်ကုန်ပြီ၊ ထိုအချိန် အပြင်လောကတစ်ခုလုံး၊ အမှောင်ထုက ကြီးစိုးလာခဲ့ပြီဖြစ်သည်။

ညနေ ငါးနာရီကျော် ခြောက်နာရီခန့် ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အမှောင်ထုက ကြီးစိုးနေပြီ၊

မိုးသားတိမ်လိပ်တို့ကြောင့်လည်း အမှောင်က စို လာသည်၊ မိုးက တစိမ့်စိမ့်ရွာနေသည်၊ ရပ်မည့်ပုံ မပေါ် တော့။

ဝိုင်းတ ကောင်းဆဲ၊ ဖြတ်လို့မရ၊ စိုးလွင်လည်း ပါလာသည့်ငွေထက် အနည်းငယ်နိုင်ထားသည့်အတွက် ပြန်ဘို့စိတ်ကူးမရှိသေး။

သို့ဖြင့် ညရှစ်နာရီကျော်၊ ကိုးနာရီခန့်ရှိလာသည် ရွာဘက်မှနေ၍ မိုးတစိမ့်စိမ့် အသံတို့ဖေါက်ပြီး၊ ခွေးအူသံ များ ကြားလာရသည်။

ထိုအခါမှ အိမ်ပြန်ရန် စိုးလွင် သတိရလိုက်သည်။

" ထင်ပေါ် ငါတို့ပြန်တော့မယ်၊ ဝိုင်းသိမ်းကြမယ် "

အေးငွေနဲ့ ကျော်ဖေတို့က ကျည်စုထိပြန်ရမှာ အခုထက်ပိုပြီး မိုးမသည်းခင်ပြန်တာကောင်းတယ်။

" စိုးလွင်က အခုအချိန်ထက်စောပြီး ပြန်ရမှာ "

" ဘာကြောင့် ငါက စောစောပြန်ရမှာလဲ "

" မင်းရွာထဲကို ပြန်ရန် သချိုင်းကဖြတ်ပြီး ပြန်ရ



မှာ မဟုတ်လား၊ ဒါကြောင့် စောစောပြန်သင့်တယ်လို့ ပြောတာ "

" ငါအမြဲတမ်း ပြန်နေကျပါ၊ သချိုင်းကို အရှည် ကြီး ဖြတ်ရမှာမှ မဟုတ်ပဲ၊ နှစ်မိနစ် သုံးမိနစ်လောက် လျှောက်တာနဲ့ သချိုင်းကို လွန်သွားပြီ၊ ရွာစပ်ကို ရောက် ပြီ ငါပြန်နေကျပဲ "

" အခုက အချိန်စောတော့တာမဟုတ်ဘူး၊ မိုးက သည်း ရွာနေတယ်၊ ဒါပေမယ့် မင်းဘာမှ မကြောက်နဲ့ ငါအဖေါ်ထည့်ပေးလိုက်မယ် "

" ဘာလဲ မင်းမွေးထားတဲ့ အောင်နက်ကြီးကို ထည့်ပေးလိုက်မလို့လား မလိုပါဘူး "

" မဟုတ်ဘူး၊ သချိုင်းစောင့် အမေမဖဲဝါကို အဖေါ် ထည့်ပေးလိုက်မလို့ "

" ဟာ. .'. ဟော့ကောင် ပါးစပ်က တွေ့ကရာတွေ လျှောက်ပြောနေပြန်ပြီ။

စိုးလွင်က ထီး၊ ခမောက်မဆောင်း မိုးရွာနေပေမဲ့ သည်အတိုင်းသွားနေကျ အပြင်သို့ မထွက်ခင် ပုဆိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဒူးအထိ ရောက်အောင် ခပ်တိုတို ပြန်ဝတ်လိုက်သည်။

" မင်းက အမေမဖဲဝါကို ထည့်လိုက်တော့လဲ. . . အဖေါ်ရတာပေါ့ကွာ. . . ကဲ ထင်ပေါ် ငါသွားပြီ "

ကျည်စုရွာသားများက စိုးလွင်နှင့် ဆန့်ကျင်ရာ လမ်းအတိုင်း ပြန်သွားကြပြီ။

စိုးလွင်က အရက်မူးမူးနှင့် ထင်ပေါ်ကို ပြန်ပြောပြီး ထွက်ခဲ့သည်။ ထင်ပေါ်က နောက်မှနေ၍

" အမေမဖဲဝါရေ . . . စိုးလွင်ကြီးကို သူ့အိမ် အထိလိုက်ပို့ပေးလိုက်ပါ "

"ဟော့ကောင် ဖိုးထောင် စက်မနေနဲ့ငါသရဲမကြောက်တတ်ဘူး၊ ငါ့ဒီလမ်းကအမြဲသွားနေကျပါ"

ဒါဆိုလဲ. . သွားပေအုံးတော့ . . . ငါလဲ မင်းတို့ စားထား သောက်ထားတာတွေ သိမ်းလိုက်အုံးမယ်။"

မိုးစက်မိုးပေါက်များက စိုးလွင် ထန်းတောထဲက ထွက်သည်နှင့် တိုက်ဆိုင်စွာ တဖွဲဖွဲရွာချလိုက်သည်။

ညအမှောင်ကလည်းပို၍ သိပ်သည်းလာသည်၊ အနီးမှ ခပ်လှမ်းလှမ်းအထိပင် ဘာမှသဲသဲကွဲကွဲ မမြင်နိုင်





သော မျက်လုံးအတွင်းသို့ စီးဝင်လာသော မိုးရေ များက ဆံပင်ထဲမှ ချွေးနှင့်ရောများ ပျော်ဝင်လာခြင်းကြောင့် မှတ်လုံးနှစ်ဖက် ကျိန်းစပ်နေသည်။

ထန်းတောကြီးအတွင်းရှိ ချုံပုတ်များကလည်း သရဲ တောင်များ ငုတ်တုတ်ထိုင်နေသည့်နှယ်ရှိသည်၊

ထန်းပင်ပေါ်မှ ထန်းရွက်များကလည်း လေအ တိုက်မှာ တဝေါဝေါ၊ တရှဲရှဲ မြည်နေသလို၊ ထန်းပင်ကြီး ဆယ်တို့ကလည်း ဟိုသည်ဝဲယာ ယိမ်းထိုးလှုပ်ရှား၍ နေ သသည်။

အရာအားလုံး ကြောက်စရာအသွင် ဆောင်လျက် နေလေသဖြင့် အသည်းငယ်သူလို ဖြစ်လာကာ ရှေ့ကို ခစ်လှမ်းလျှောက်ဖို့ရန်ပင်မလွယ်။

ထိုစဉ်ရွာထဲမှလား၊ သချိုင်းထဲမှလားမသိ မိုးသံကို ခါတ်၍ ခွေးအူသံကြီးကလည်း ဆွဲဆွဲငင်ငင်ဖြင့်၊ စိုးလွင် းထဲ တိုးဝင်လာသည်၊

ထိုခွေးအူသံကြောင့်လည်း စိတ်ချောက်ချားကာ ိယ့်စိတ်ကိုယ်မလုံဖြစ်လာသဖြင့် ဘေးဘီဝဲယာ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ပတ် ကြည့်လိုက်မိရသည်။

ဘာမှမတွေ့တော့မှ ရှေ့သို့ ဆက်လျှောက်ဖြစ်သည်၊ ခွေးအူသံက မရပ်သွား၊ မိုးက အနည်းငယ်စဲသွားသည်၊ ခွေးအူသံ ဆက်တိုက်ကြားနေခြင်းကြောင့် ရွာထဲက လာသောအသံဟု မှန်းမိလိုက်သည်။

သည့်အချိန်ရွာထဲသို့ မကောင်းဆိုးဝါးတစ်ကောင် ကောင် လှည့်ပတ်သွားလာနေခြင်းကြောင့် ခွေးတို့မြင်ပြီး အူနေပုံရသည်ဟု တွေးလိုက်မိသည်။

စိုးလွင် သချိုင်းအနီးရောက်လာသည်။

မိုးခြိမ်းပြီး လျှပ်စီးလက်ခြင်းကြောင့် သချိုင်း အတွင်းမှရှိသော ဂူများကိုအတိုင်းသား မြင်နေရပြန်သည်။

ရွာထဲကလူများ အပြင်ထွက်ရန် စိတ်မကူးသော အချိန် စိုးလွင်တစ်ယောက် သချိုင်းအနီးဖြတ်သန်းနေရ သည်။

သချိုင်းဘေး ကပ်လျက်လူသွားလမ်းက သဲခြေ ဖြစ်သဖြင့် သွား၍လာ၍ကောင်းသည်။

ယခုစိုးလွင်က ထိုလမ်းအထိမသွားဘဲ လယ်များ





ပေါ်ကသာလျှောက်၍ ပြန်ခဲ့သည်။

လယ်ကန်ဆင်းကလည်း လူလျှောက်လွန်း၍ ဗွက် ထသည့် နေရာကထသည်။

လူက အရက်သောက်ထား၍ ဒယီးဒယိုင်ဖြစ်နေ သည့်အထဲ ကန်သင်းဘောင်က ချော်နေသဖြင့် ဗိုင်းခ နဲ . . . ပစ်လဲသွားရသည်။

" တောက် . . . ရွှံ့တွေပေကုန်ပြီ "

မိုးက တဖွဲဖွဲရွာနေသေးသည်မို့ အိမ်မရောက်ခင် ရွှံ့များက မိုးရေစက်နှင့် ပြောင်စင်သွားနိုင်သည်။

သို့မဟုတ်ပါက အိမ်ရောက်လျှင် ပေရေလာသည် ကိုမြင်ပြီး မမြရီ၏ အဆူအပြောခံရပေအုံးမည်

ခြေလှမ်း ဟိုသည်ယိမ်းလျက် လျှောက်နေရာမှ သချိုင်းဘက်သို့ သွားသော၊ လယ်ကန်ဆင်းကို လျှောက် နေလျက်သား ဖြစ်ခဲ့နေသည်၊

မထူးတော့ သချိုင်းဘေးမှ ရွာသို့သွားသော လမ်း ထဲ ပြန်ရတော့မည်ဖြစ်သည်။

ထိုအချိန် စိုးလွင်ခန္ဓာကိုယ်မှ ဖျန်းခနဲ ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com



ထသွားသည်၊ ခေါင်းနားပန်းကြီးသွားသည်၊ သူ့နောက်မှ လူတစ်ယောက် လိုက်လာနေသည်ဟု ထင်နေသည်။

ခြေသံလိုလို ကြားနေရသည်၊ လှည့်မကြည့်မိရန် စိတ်တင်းပြီး လျှောက်နေသည်။

ထိုစဉ် နောက်မှ ခြေသံနီးလာသကဲ့သို့ ထင်ရသဖြင့်၊ ကျောမလုံသည့် စိတ်ကြောင့် ရုတ်တရက် နောက်သို့ လှည့်ကြည့်လိုက်မိသည်။

ကံမကောင်း သည်လားမသိ၊ စိုးလွင် လှည့်ကြည့်မိစဉ်မှာပဲ လျှပ်စီးလက်လိုက်သည့် အလင်းရောင်တနောက်မှ ကပ်ပါလာသူ၏ ခန္ဓာကိုယ်ပေါ် ဖြာကျသွားသည်။

" အမယ်လေး. . . "

သူနှင့် ငါးပေခန့်မျှအကွာမှာ ဆံပင်ဖါးလျား ချပြီး အဝါရောင်ဝမ်းဆက် ဝတ်ထားသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။

သို့အတွက်ကြောင့် စိုးလွင်လည်း နောက်သို့ပြန်လှည့်ကာ သုတ်ခြေတင်တော့သည်။





အရက်ကမူး လမ်းကချော်ပေမယ့် ကြောက်စိတ်ကြောင့် ခြေကုန် သုတ်ပြေးလိုက်သည်။

ထိုသို့ ပြေးမှန်းသိ၍လားမသိ သူ့ရှေ့လှမ်းလှမ်းမှာ ထိုသရဲမက ရပ်လျက်ရှိနေသည်။

ထို့ကြောင့် ပြေးလွှားနေသော ခြေလှမ်းကရပ်သွားသည်။ နောက်သို့ ပြန်လှည့်ပြေးရန်လည်းမလွယ်။

ကြက်သီးဖြန်းဖြန်းထပြီး ဒူးနှစ်ချောင်းပါ တုန်လှုပ်လာသည်၊

အပုတ်နံ့ကလည်း နှာခေါင်းသို့တိုင် တိုးဝင်လာသည်။

"အမေ. . . မဖဲဝါ ကျွန်တော်အမေ့ကို အဖေါ်ခေါ်တာ မဟုတ်ပါဘူး၊ ကျွန်တော့နောက် မလိုက်ခဲ့ပါနဲ့"

စိုးလွင်က ထိတ်ထိတ်ပျာပျာပြောနေပေမယ့် ဆံပင်ဖါးလျားနှင့် ရပ်နေသော အမျိုးသမီးသရဲမက ခေါင်းခါနေသည်။

" ထင်ပေါ်က အဖေါ်လိုက်ပေးဖို့ ပြောတာပါ၊ ကျွန်တော် မခေါ်ပါဘူး၊ ဆက်မလိုက်ပါနဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" ဟီး . . . ဟီး . . . ဟီး. . ."

ရပ်ပြီး ခေါင်းခါပြသည်။

ခက်ပြီ ရှေ့က ပိတ်ရပ်ထားသဖြင့် ရွာသို့ မည်ထဲ သို့ ပြန်ရပါတော့မည်နည်း။

ဤကဲ့သို့ ရှေ့ကပိတ်ရပ်နေပါက ထန်းတောသို့ သာ ပြန်လှည့်ရတော့မည်။

ထိုအချိန်မှာပင် သရဲမက ရွာဘက်သို့ လက်ညှိုး ထိုးပြနေသည်။

" ကျွန်တော် . . . ရွာပြန်ရမှာလား"

ဆံပင်များ လှုပ်ခါသွားသည်အထိ ခေါင်းငြိမ့်ပြ နေသည်။

"ဒါဆို ရှေ့ကဖယ်ပေးပါ၊ ကျွန်တော် သွားတော့ မယ်. . . အမေမဖဲဝါ နေခဲ့ပါတော့. . ."

စိုးလွင် စကားသံဆုံးသည်နှင့် ရှေ့က ပိတ်ရပ်နေ သော မဖဲဝါဟု ထင်ရသည့် သရဲမကြီး၏အသွင်ပျောက် သွားသည်။

သရဲမကြီး မရှိတော့သဖြင့် သတိကြီးစွာထားပြီး



ဆို့ သွက်သွက်လျှောက်ခဲ့သည်။

သချိုင်းစပ် အလွန်ရောက်တော့ ပြေးနေသည့် ခြေ င်းများကို ရပ်လိုက်ပြီး နောက်သို့လှည့်ကြည့်လိုက်စဉ် ငှင့်ဆယ်ပေခန့်အကွာမှာ သရဲမကြီးကို စိုးလွင် တွေ့ တ်ရပြန်သည်။

"ဟာ . . . ငါ့နောက်က လိုက်နေတုန်းပဲ"

သရဲမကြီးက ဆံပင်ဖါးလျားချ မျက်လုံးနှစ်လုံးက ထဲ ချိုင့်ဝင်ပြီး မဲမှောင်နေသည်။

ပါးနှစ်ဖက်အရိုးက ငေါထွက်နေပြီး အစွယ်နှစ် ချောင်းကလည်း တစ်လက်မခန့်ရှည်ထွက်ကာ ပါးစပ်ကြီး ထားသည်။

လက်နှစ်ဘက်က ကုတ်ဖဲ့ရန် အသင့်ပြင်ထားပုံရ ည်။

သရဲမ၏ ခန္ဓာကိုယ်မှ အပုပ်နံ့တို့ကလည်း သူ့နှာ ခေါင်းသို့ လာရောက် ရိုက်ခတ်နေသည်။

ရွာမရောက်ခင်မှာပင် ခြေချော်ပြီး ဘုန်းခနဲ ခ်ချက် ပစ်လဲရပြန်သည်၊ နာကျင်သည်ကို အမှုမထား၊

www.burmeseclassic.com

www.burmeseclassic.com



အား ကုန်းထပြီး အမြန်ပြေးရပြန်သည်။

သူရှေ့က ပြေးနေသော်လည်း နောက်က ခြေသံ

က သူနဲ့အတူ ကပ်ပါလာသည်။

ရွာနားရောက်တော့ ခြေသံမကြားသဖြင့် နောက်

သို့ လှည့်ကြည့်လိုက်တော့ သရဲမကြီးကို မတွေ့ရတော့

ချေ။

လေအဝေ့မှာ မိုးတဝေါကနဲ ရွာချလိုက်သည်

လျှပ်ရောင်အောက်မှာ သူ့ကို ကျောပေးပြီး ထွက်ခွာသွား

သော ဆံပင်ဖါးလျားချထားသည့် မဖဲဝါဟု ထင်ရသည်

သရဲမကြီးကို တွေ့ရသည်။

သရဲမကြီးနောက်ကြောင်းလှည့်ပြန်သွားပြီကို သိ

လိုက်ရသည့်အတွက် ကြောက်စိတ်အနည်းငယ်ပြေ သွား

သည်။

ထို့ကြောင့် သချိုင်းရှိရာ အမှောင်ထဲသို့ သေချာ

အောင် မျက်တောင်မခတ်ပဲ ကြည့်နေမိသည်၊ လျှပ်ရောင်

တစ်ချက်အလက်မှာ စောစောကမြင်လိုက်သော နေရာ၌

သရဲမကြီးရှိမနေတော့၊



သချိုင်းထဲ ဝင်သွားပြီဟုထင်ရသည်။

ထို့ကြောင့် စိုးလွင်လည်း ရွာထဲဝင်သည့်လမ်း

အတိုင်း သူ၏အိမ်သို့ မပြေးရုံတမယ် လျှောက်ခဲ့သည်။

ဆယ်မိနစ်ခန့်ကြာတော့ အိမ်သို့ ရောက်ခဲ့သည်။

အိမ်ရောက်တော့ ရေချိုးသန့်စင်ရန် အင်္ကျီထဲမှာ

ထည့်ထားသော အိမ်တပါသွားသည့် ပိုက်ဆံနှင့် ဖဲကစား

၍ နိုင်လာသော ပိုက်ဆံတစ်ရွက်မှ မရှိတော့၊

ထန်းတောမှ ရွာသို့ လာခဲ့ရာလမ်းမှာ ပြေးလိုက်၊

ရပ်လိုက် ချော်လဲလိုက်ဖြစ်လာရာ တစ်နေရာမှာတော့

အိတ်ထဲမှ လွင့်စင်ကျခဲ့ပြီဟု ယူဆလိုက်ရတော့သည်။

"ဒုက္ခပါပဲ. . . မနက်စောစော သွားရှာရင် ပြန်

တွေ့နိုင်ကောင်းပါရဲ့"

"ရှို့ဗွတ်ထဲ. . . ကျသွားရင်တော့၊ တစ်ရွက်မှ

တောင် ပြန်ရမှာမဟုတ်ဘူး"

"မိန်းမ. . . မိန်းမအိပ်ပြီလား တံခါးဖွင့်စမ်းပါ

အုံး. . . ကြားလား"

"လာပြီ. . သံကုန်ဟစ်မနေနဲ့ တံခါးဖွင့်လိုက် အုံး

www.burmeseclassic.com

www.burmeseclassic.com



မယ်"

ခဏကြာတော့ အိမ်တံခါးဖွင့်ပြီး မမြရီ ဖယောင်းတိုင် ကိုင်လျက် အပြင်သို့ ထွက်လာခဲ့သည်။

"ကျုပ်က ထန်းတောထဲမှာ အန်ဖတ်ဆိုလို့ သေနေပြီ မှတ်ထားတာ"

"တောက်. . . ဒီမိန်းမပါးစပ်က ဘယ်တော့မှ အကောင်းမထွက်ဘူး"

"မဟုတ်လို့လား ထန်းတောထဲသွားတဲ့ နေ့ဆို မရှိဆို့လာတဲ့ ရက်ရှိလို့လား"

"တဲပါကွာ. . . ချမ်းရတဲ့အထဲ ရေလဲပုဆိုး အပြင်မှာ ချပေးထား ရေတစ်ခွက်နှစ်ခွက် လောင်းချိုးလိုက်အုံးမယ်"

စိုးလွင်လည်း ရေအိုးထဲမှ ရေလောင်းချိုးလိုက်သည်၊ ကိုယ်လက်သန့်စင်တော့မှ ရေလဲပုဆိုးဝတ်ကာ အိမ်ပေါ် တက်ခဲ့သည်။

"ငါထင်ပေါ်တို့ ထန်းတောက အပြန်. . ဒီကောင်ပါးစပ်သရမ်းပြီး အမေမဖဲဝါရေ ဒီကောင့်ကို အိမ်လိုက်ပို့



ပေးလိုက်ပါလို့ လှမ်းအော်ပြောလိုက်တာနဲ့၊ ငါ့နောက်ကို အရဲတစ်ချိန်လုံး လိုက်နေလို့ ပြေးလိုက်ရတာ အမောပဲ"

"ဒါဆို အခု အဲဒီသရဲမ ဘယ်ရောက်သွားပြီလဲ"

" ရွာဝင်တော့ သချိုင်းဘက် ပြန်လှည့်သွားတာ တွေ့လိုက်တယ်"

"တော်ပါသေးရဲ့ အိမ်ထိပါမလာလို့ နောက်ကို အခုလို လိုက်တဲ့အကျင့်ရှိရင်၊ ရှင်အိမ်ပြန်တိုင်း လိုက်ပို့နေလိမ့်မယ်"

" ငါ. . . နောက်ကို ထန်းတောထဲ သွားရင် နေ့ခင်းပဲ သွားတော့မယ် "

" နောက်တစ်ခါ မသွားနိုင်အောင် မဖဲဝါက ဂုတ်ချိုးပြီး မသတ်ပစ်လိုက်ဘူး"

" ဟာ . . . ဒီမိန်းမပါးစပ် သရမ်းလိုက်တာ ဖွဟဲ့ ထွီပါစေ. . . ဖယ်ပါစေ

မင်းက ငါအိမ်ပြန်ရောက်လာလို့ ဒီစကားပြောတာ မဟုတ်လား၊ ငါသေရင် မင်းက ဘယ်ကောင်နဲ့ နေမို့ ဆိတ်စားထားလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



" ရှင်တလွဲရင် အားလုံး ကောင်းမယ်လို့ ထင်တာ

ပဲ၊

တကယ်တဲ တစ်နေ့ တစ်နေ့. . . လောင်းကစား

တစ်ခု မဟုတ်တစ်ခုနဲ့ပဲ အချိန်ကုန်နေတာ လောင်းကစား

မလုပ်လဲ အရက်ကို ရပ်ကွက်လည်သောက်. . လူအထ

ကြီး စရာတွေပဲ လျှောက်လုပ်နေတယ်"

" မင်းရဲ့. . . ပါးစပ်ပေါက်ဆိုးလို့ ငါအိမ် မထ

ချင်တာ

ငါလယ်လုပ်ချိန်မှာ အများနည်းတူ လုပ်တာ

မဟုတ်လား

အခုလို စပါးစိုက်ထားတုန်း. . စပါးအသီး ေ

ခင်အထိပဲ နားရတာ၊ နောက်လကုန်ရင် လယ်ယာ

ငန်းခွင် ပြန်ဝင်ရတော့မှာ မဟုတ်လား

ငါကတိပေးပါတယ်. . . ငါထန်းတောထဲ

ညဘက်မသွားတော့ပါဘူး၊ နေ့ဘက်လဲ အသွားအ

လျှော့မယ်လို့ ကတိပေးတယ် ဟုတ်လား"

" အမေမဖဲဝါကို ကြောက်သွားပြီပေါ့ ဟုတ်လ





ကျေးဇူးပါပဲ. . . အမေမဖဲဝါရယ် ကျွန်မ

ပြောလို့ဆိုလို့မရတဲ့ ကိုစိုးလွင်ကို အမေတစ်ညတည်း

ာက်က လိုက်ခဲ့တာ မှတ်သွားပြီပေါ့"

စိုးလွင်လည်း ဇနီး၏ ပြောသံဆိုသံများကို လစ်လျူ

ပြီး အိပ်ရာထဲသို့ ဝင်ခဲ့လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# "ကျောက်တစ်လုံးသိုက်"

ပေကုန်းရွာ အလယ်ရှိ အိမ်ခြံဝင်းကြီးအတွင်း
များ ရှုပ်ယှက်ခတ်မျှ ဝင်ထွက်သွားလာနေကြသည်။

အိမ်ရှင်၏ သမီးမှာ စိတ်နောက်ပြီး အိမ်ရှိသူ
ကို ပြဿနာမျိုးစုံ ရှာနေသဖြင့် ကောက်ကာငင်ကာ
လာသော သမီး၏ ရောဂါကုသနိုင်ရေးအတွက် စဉ်းစာ
ရ စိတ်ဆင်းရဲနေကြသည်။

တစ်ညလုံး တစ်မနက်လုံး ရောဂါဆိုးဝါးနေသ
အနားသို့ မည်သူမှ မကပ်နိုင်ကြ၊ အော်ဟစ် ဆဲဆိုလို
သီချင်းဆိုလိုက် ငိုလိုက်၊ ရယ်လိုက်ဖြစ်နေသည်။

အစာကျွေးလဲမရ၊ အစားအစားထည့်သော
နှင့် ကောက်ပေါက်သည်၊ အိမ်ခန်းထဲမှ အပြင်လ
မထွက်တော့။



ထိုကဲ့သို့ ရောဂါဖေါက်နေ၍ ထိုရောဂါမျိုး ကုသ
နိုင်မည့် ဆရာစုံစမ်းသည်၊ သတင်းအစအနမရ။

နေ့ခင်းတစ်နာရီခန့်ရောက်တော့ တိုက်ဆိုင်စွာ၊
ရွာထဲသို့ အောက်လမ်းဆရာလိုလို၊ ပယောဂဆရာလိုလို
ရောက်လာကြောင်း သတင်းရောက်လာသည်။

သတင်းကြားကြားချင်း သမီးဖြစ်သူအား ကုသ
ပေးရန် သွားရောက်ပင့်ဆောင်လေသည်။

ဆရာနှင့် တပည့်နှစ်ယောက်တို့ ပယောဂကုသ
ရန် အိမ်ကြီးသို့ လိုက်လာစဉ် စိတ်ဝင်စားကြသော ရွာသား
တို့လည်း နောက်ကလိုက်လာခဲ့ကြသည်။

ပင့်လာသောဆရာလည်း အိမ်ဦးခန်း၌ အခန့်
သား ထိုင်လိုက်သည်။

ထို့နောက် အိပ်ခန်းအတွင်းမှာ တရှုန်းရှုန်း ပြုမူ
လျက် အော်လိုက်၊ ငိုလိုက်၊ ရယ်လိုက် လုပ်နေသော၊
ရောဂါသည် မိန်းကလေး၏ အသံကို အတိုင်းသားကြား
နေရသည်။

" ကဲမိခင်နဲ့အတူ အမျိုးသမီးတစ်ယောက် အခန်း

www.burmeseclassic.com

www.burmeseclassic.com



တွင်းက မိန်းကလေးကို အပြင်ခေါ်ခဲ့ပါ ”

မိခင်နှင့်အတူ အမျိုးသမီးတစ်ယောက် အခန်းတွင်း ဝင်သွားသည်။

“သွား. . . မလိုက်ဘူး

နင်တို့က ဘာမို့လို့ ငါ့ကိုလာခေါ်ရတာလဲ

ထွက်သွား. . ခု. . အားလုံးထွက်သွား

“လာပါ. . . သမီးရယ်၊ ဆရာခေါ်နေတယ်”

“ဘာသမီးရယ်. . . အခု အခန်းထဲကထွက်”

ဘယ်ကဲ့သို့မှ ချော့မော့ပြီးခေါ်၍မရ သို့ကြောင့် လက်လျှော့ပြီး အခန်းအပြင်သို့ ပြန်ထွက်လာခဲ့သည်။

“ ထားလိုက် ဘယ်သူမှ မခေါ်နဲ့တော့ ကျုပ်ခေါ်ထုတ်မယ် ”

အိမ်ဦးခန်းမှာ အခန့်သား ထိုင်နေသော ဆရာက အမိန့်သံပါပါနှင့် ပြောလိုက်ရာ၊ မိခင်ဖြစ်သူလည်း၊ အခန်းထဲ သမီးကိုထားခဲ့ကာ၊ ဆရာကြီးဆိုသူ၏ တပည့်များဘေးတွင်လာ၍ ထိုင်နေလိုက်သည်။

မိခင်နှင့် ဖခင်တို့လည်း သမီး၏ အခြေအနေဆိုး





နေသည့်အတွက် စိတ်မကောင်းကြ။

စိတ်မချမ်းသာစွာနှင့် ဆရာကို အားကိုးတကြီးကြည့်နေမိသည်။

ထိုအခါ ဆရာကြီးဆိုသူက အမိန့်သံပါပါနှင့် အမားဂုဏ် ပြလေတော့သည်။

“ကိုင်း . . . ကောင်းကောင်းခေါ်လို့ မလိုက်တဲ့ မိန်းကလေးကို ဆိုင်ရာပိုင်ရာတို့က ကြပ်မတ်ပြီး၊ လူနာကို ငါ့ရှေ့ကို ခေါ်လာခဲ့ကြစမ်း. . . ”

“ထိုကဲ့သို့ အမိန့်သံပါပါအော်၍ ပြောလိုက်သောစကားသံ အဆုံးတွင် အခန်းတွင်းမှ မိန်းကလေးက ရှိသေကျိုးနွံစွာ ဆရာရှေ့သို့ ထွက်လာပြီး ထိုင်လိုက်လေသည်။

မိခင်ဖြစ်သူ ချော့မော့သွားခေါ်ရာ အကြောက်အကန် ငြင်းဆိုပြီး အော်ဟစ်မောင်းထုတ်ခဲ့သော မိန်းကလေးမှာ စောစောက သူဘာမှမလုပ်ခဲ့သည့်အလား အေးဆေးစွာ ထွက်လာသည်ကိုမြင်ပြီး လာကြည့်ကြသော ရွာသားတို့ ဆရာကြီးကို အထင်ကြီးသွားကြသည်။

“ တော်တော်စွမ်းတဲ့ဆရာပဲ အတင်းဆွဲခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မလိုက်တဲ့ မိန်းကလေးကို အမိန့်တစ်ချက်ပေး
လိုက်တာနဲ့ ထွက်လာအောင် လုပ်နိုင်တယ်"

ထို့နောက် ဆရာကြီးက ရောက်လာကြသော ရှ
သားတို့ဘက်လှည့်၍၊

" လူကိုပြုစားနှောက်ယှက်ပုံက အမျိုးမျိုးရှိတယ်
တွဲ့.

ဘီလူး၊ သဘက်ဥပါတို့ အတိုက်အခိုက်လုပ်ခြင်း
ကို တောသူ ပြုစားတယ်လို့ခေါ်တယ်

တစ္ဆေ ပြိတ္တာတို့ကို ဘုတ်လို့ခေါ်ပြီး၊

သရဲကို အစိမ်းအဝါးလို့သတ်မှတ်ကြတယ်

တောသူ ပြုစားရင် မှိုင်းတိုင်းတိုင်း၊ တွေတွေဝေ
ဝေနဲ့၊ မျက်တောင်မခတ်ဘဲ၊ နေတတ်ကြတယ်

ဘုတ်အစိမ်းသရဲတို့ ဝင်ကပ်ခဲ့ရင်၊ ဇက်လေးခြင်း
ခေါင်းငိုက်စိုက်ကျနေပြီး၊ ဇက်လေးသလိုဖြစ်နေတတ်
တယ်

စုန်းပြုစားရင်တော့ ဦးခေါင်းမငြိမ်မသက်နဲ့ ရယ်
မော နေတတ်တယ်



နတ်လုပ်ထားရင်တော့ မျက်စေ့ကြည့်ပုံက ရဲရင့်
ယ်၊ တစ်ကိုယ်လုံး တဲဆတ်ဆတ်တုန်နေတတ်တယ်

ကဲ... လာကြည့်တဲ့ ရှာသားတွေရော...
တပည့်တွေကော၊ ဒီမိန်းကလေးကို ဘယ်လိုမြင်ကြလဲ"

လာကြည့်ကြသော ရွာသားတို့က ဘာမှမပြော၊
ရာနှင့် ပါလာသော တပည့်တစ်ယောက်က၊

"မှန်ပါ၊ မိန်းကလေးက အရွယ်နဲ့မလိုက်အောင်
က်စေ့အကြည့် က ရဲတင်းတယ်။

ကိုယ်ခန္ဓာကလည်း တဆတ်ဆတ်တုန်နေပါ
ယ် ဆရာကြီး၊ ဒါကြောင့် နတ်စွဲ၊ နတ်ကိုင်ထားတာဖြစ်
ပါတယ် ဆရာ"

" နတ်ကိုင်ထားတယ်ဆိုရင် ဘယ်လိုနတ်မျိုးလို့
တပည့်တွေ ထင်လဲ"

" ပညာရှင်တစ်ယောက်ယောက်က၊ နတ်စင်က
နဲ့ တိုက်ထားတယ်လို့ တပည့်ထင်ပါတယ် ဆရာကြီး"

"အေး... ငါ့တပည့်တွေ တွေးတောထင်မြင်
ဆချက်က ဒက်ထိမှန်သကွဲ့."

www.burmeseclassic.com

www.burmeseclassic.com



"နတ်နဲ့ တိုက်ထားတာ ဆိုပါလား"

"ဘယ်လိုလူမျိုးက ဘာနဲ့ပဲ တိုက်ထားတိုက်ထား ဆရာနဲ့ တွေ့မှတော့ ပျောက်ပြီလို့သာ မှတ်လိုက်တော့"

"အားကိုးပါတယ်၊ ဆရာကြီးရယ်"

ဆရာကြီးဆိုသူက ဆေးကုသရန် မလုပ်သေးဘဲ ရွာသူရွာသားတွေ၊ အထင်ကြီး လာစေရန် သမားဂုဏ်ပြ နေသည်။

ထို့နောက်တော့ အောက်လမ်းဆရာကြီးက လူနာ မိန်းကလေး၏ မိဘများဘက်သို့ လှည့်လိုက်ပြီး၊

"ဘယ်လိုလဲ လူနာမိန်းကလေးကို ဆေးကုသဖို့ ကျုပ်လက်ကို အပ်တယ် မဟုတ်လား။"

"ဆရာရယ် အားကိုးပါတယ် သမီးလေးကိုသာ ပျောက်အောင် ကုသပေးပါ၊ ဆေးကုသခ ထိုက်ထိုက်တန် တန် ပူဇော်ပါ့မယ်"

"ကောင်းပြီ. . . မိန်းကလေး ဆရာဆေးစီရင် စရာ ရှိသေးတယ် အခန်းထဲမှာ ခဏသွားပြန်နေစမ်း"

အခန်းထဲမှာ ငြိမ်ငြိမ်လေးနေ မဖော်နဲ့ မငိုနဲ့



သီချင်းလည်းမဆိုနဲ့၊ သွား. . . အခုထပြီး သွားတော့"

မိန်းကလေးလည်း ရောဂါသည်တစ်ယောက် မ ထုတ်တော့သည့်သဖွယ် ဆရာခိုင်းသည့်အတိုင်း ရှိသေ ,တို့နှံ့စွာ ထသွားသည်။

ထိုကဲ့သို့ ဆရာ၏ အပြောအဆိုအောက်မှာ ဘာမန်မိန်းကလေးသဖွယ် အမိန့်အားနာခံပြီးခိုင်းသည့် အတိုင်း ပြုမူသည်ကိုမြင်ကြရသော၊ ရွာသားတို့နှင့်၊ မိဘ နှစ်ပါးက ဆရာကို လုံးဝအထင်ကြီးသွားသည်။

"ဒီဆရာသာ ကုရင် ကျိန်းသေပျောက်လိမ့်မယ်"

"သိပ်တော်တာပဲ"

ချီးကျူးသံများ ထွက်လာသလို အားမလိုအားမရ ညည်းညူပြောဆိုသံများကိုလည်း ကြားရသည်။

"ငါတို့က မိန်းကလေးကိုပြုစားထားတဲ့နတ်နဲ့ ဒီဆရာ ဘယ်လိုပညာပြိုင်မှာလဲ၊ ဆရာက ဘယ်လိုနှိမ်နှင်းထုသမှာလဲ. . . ကြည့်ချင်လို့လာတာ၊

ဆေးမကုသေးဘဲ အခန်းထဲ ပြန်ဝင်ခိုင်းလိုက် တယ်၊ အခန်းထဲမှာများ ဆရာကြီးဝင်သွားပြီး ဆေးကုမလို့

www.burmeseclassic.com

www.burmeseclassic.com



လား"

" ဟာ. . . မင်းစကားကြီးကလဲ "

" ဆရာကြီးပြောတယ် မဟုတ်လား၊ ဆေးစီရင်စရာရှိသေးလို့ ဆိုတယ်မဟုတ်လား၊ ဆေးစီရင်ပြီးရင် တုမှာပေါ့ "

" ငါတော့ စိတ်ဝင်စားတယ်၊ မပြန်ဘဲ စောင့်ကြည့်သွားရမယ် "

* * *

ထိုအချိန်တွင် ကျောက်တစ်လုံးသိုက်ရှိရာ တောင်ကျောသို့ ခရီးထွက်လာသော အထက်လမ်းဆရာကြီးနှင့် တပည့်တို့က ပေကုန်းရွာထဲမဝင်ဘဲ ပတ်၍လာခဲ့ကြသည်။

ရွာအဝင်လမ်းဘေးတွင် ရွာဦးနတ်စင်ကြီးတညောင်ပင်ကြီးအောက်တွင် အခန့်သားရှိနေ၏။

နတ်စင်ရှေ့သို့ အရောက်တွင် ဆရာကြီးကတစ်စုံတစ်ခုကို အာရုံပြုမိသွားသည့်အလား ခဏမျှရပ်လိုက်သည်။

" မောင်အေး "



" ဟုတ်ကဲ့ အမိန့်ရှိပါ ဆရာကြီး "

" နတ်စင်ရှေ့ အရောက်မှာ မကောင်းတဲ့ အငွေ့အသက်ရတယ်

နတ်စင်နား သွားစမ်း. . . "

ဆရာကြီးခိုင်းသည့်အတိုင်း မောင်အေးလည်း နတ်စင်အနီးသို့ သွားလိုက်သည်။

" မောင်အေး. . . နတ်စင်အောက်ကို မြင်သာသလောက် ငုံ့ကြည့်စမ်း၊ မင်းခေါင်း နတ်စင်အောက်ရောက်စေနဲ့

စာရေးထားတာမျိုးတွေ တွေ့လား "

တွေ့တယ်ဆရာကြီး. . . အင်းလိုလို စာလိုလို ထင်မရှား ရေးထားတာ တွေ့ပါတယ် ဆရာကြီး၊

" ကဲတွေ့တယ်ဆို ဒီကို အမြန်လာခဲ့ကွဲ့ "

" ဆရာကြီး ဒီအရိပ်အောက်မှာ စောင့်နေမယ် မောင်အေး ရွာထဲဝင်၊ တရော်နဲ့ ကင်ပွန်းရေရှာခဲ့ ဈေးဆိုင်မရမှ အိမ်တွေမှာ အကူအညီတောင်း၊ နံ့သာရေပါရအောင်ယူခဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ရေသန့်သန့် တစ်မှုံးလောက်ပါ ရွာသားတ
ယောက်ကို အကူအညီတောင်းပြီး ခေါ်လာခဲ့၊

မြန်နိုင်သမျှ မြန်မြန်လေးလုပ်ခဲ့ ဆရာတို့ နောက်
ကျရင် လူယုတ်မာတစ်စု လှည့်စားတာ လူတွေ နဲ့တ်
ခံရတော့မယ် ဒီကိစ္စ မြန်မြန်ဖြေရှင်းနိုင်မှ ”

“ ဟုတ်ကဲ့ ကျွန်တော် ရွာထဲအမြန်သွားပြီး ရှာယ
ပါမယ် ”

နာရီဝက်နီးပါးခန့်ကြာတော့ မောင်အေးနှင့်ရွ
သားတစ်ယောက် ပြန်လာကြသည်။

ဆရာကြီးခိုင်းသည့်အတိုင်း နတ်စင်ရှေ့မှာ အ
ပြန်လိုက်သည်။ ထို့နောက် နံသာခဲရေနှင့် စာများကို ပြေ
စင်သွားအောင် ဆေးကြောလိုက်သည်။

တရော်ကင်ပွန်းရည်ဖြင့် နတ်စင်အားပက်ဖျ
လိုက်ပြီးနောက် ဆရာကြီးက အောင်မြင်သောအသံနှင့်

“ ကိုင်း ငါဆရာအမိန့် သင်ရွာစောင့်နတ်အ
ချုပ်နှောင်ထားသော၊ အနှောင်အဖွဲ့များကို ဖြည်ပြီးပြီဖြ
သည့်အတွက် ”





သင့်အား ချုပ်နှောင်ခဲ့သော အောက်လမ်းဆရာ
လူယုတ်မာကို သင်ကိုယ်တိုင်နှိမ်နှင်းရမယ်၊ ငါဆရာ
အမိန့် ”

* * *

ထိုအချိန်မှာပဲ အိမ်ကြီးပေါ်တွင် ဆရာကြီးဆိုသူ
တ ဆေးဝါးများ စီရင်ပြီးပြီဆိုကာ မိန်းကလေးအား အခန်း
အပြင်သို့ ထွက်လာရန် အမိန့်ပေးလိုက်သည်။

“ ဟဲ့ . . . ဆရာစုတ် နင်ကများ ရာရာစစ ငါ့ကို
တိန်းလား၊ ဟောက်လား လုပ်လို့၊

အခု မင်းတို့ဆရာတပည့် ငါ့အကြောင်း သိစေရ
မယ် ”

“ ဝုန်း . . . ”

အခန်းတွင်းမှ ခုန်ထွက်လာသူမှာ ရှိသေကျိုးနွံ
သော မိန်းကလေးအသွင် မဟုတ်တော့ဘဲ၊ လူသတ်တော့
မည့် မိန်းမကြမ်းတစ်ယောက်နှယ်၊ မာကြောခက်ထန်သည့်
အသွင်ကို တွေ့လိုက်ရသည်။

“ တောက် . . . ငါဆရာကို မလေးမစား၊ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ငါ့အကြောင်း ပြရသေးတာပေါ့"

"မင်းမပြခင် ငါပြမယ်ဟေ့"

ထိုမိန်းကလေးလည်း မီးဖိုအခန်းသို့ ပြေးဝင်ပြီး ချက်ခြင်း အပြင်သို့ ခုန်ထွက်လာသည်။

မိန်းကလေးလက်ထဲတွင် ထင်းခုတ်ဓားကြီး... လာသည်၊ ထိုဓားကြီးကို ဝင့်ကာ၊

"ရှောင်နိုင်ရင် ရှောင်ဟေ့ . . ."

အောက်လမ်းဆရာနှင့် တပည့်နှစ်ယောက်... လည်း အိမ်ပေါ်မှ အသက်လုပြီး ဆင်းပြေးရလေတော့... သည်။

လူနာမိန်းကလေးက ဓားကြီးကိုဝင့်ပြီး နောက်သ... အတင်းလိုက်လေသည်။

ဆရာတပည့်တစ်စုလည်း ရွာပြင်သို့ အားကု... သုတ် ပြေးလာသလို၊ ဓါးကိုင်ထားသော မိန်းကလေး... နောက်က ပြေးလိုက်နေသည်ကို လှမ်းမြင်လိုက်သ... အထက်လမ်း ဆရာကြီးနှင့် မောင်အေးတို့လည်း ... ပင်ကြီးကွယ်ပြီး ပုန်းနေလိုက်သည်။





ဆရာတပည့်သုံးယောက် နတ်စင်နှင့် ဝေးအောင် ...ပြင်သို့ ရောက်အောင် ပြေးထွက်သွားတော့သည်။

ဓားကိုင်မိန်းကလေးက နတ်စင်ရှေ့ရောက်သည် ...နှင့် ခွေကနဲ လဲကျသွားသည်။

သစ်ပင်ကွယ်မှာ ရပ်နေသောဆရာကြီးက အပြင် ...သို့ ထွက်လာသည်။

" မောင်အေး နံ့သာရည်နဲ့ ဖျန်းလိုက် "

လဲနေသော မိန်းကလေးအသိဝင်လာပြီး ထထိုင် ...လိုက်သည်၊

" ဟင် . . . ကျွန်မ . . . ကျွန်မ"

"မိန်းကလေး ဘာမှမဖြစ်တော့ပါဘူး၊ မိန်းကလေး ...ကို အနှောက်အယှက်ပြုခဲ့တဲ့ အောက်လမ်းဆရာတွေလ... ...ပြေးပါပြီ၊ "

ထိုအချိန်ရွာထဲက လူတချို့နှင့် မိန်းကလေး၏ ...မိခင်၊ဖခင် ဆွေမျိုးသားချင်းများ ရောက်လာကြသည်၊

သူတို့အားလုံး ဆရာကြီးနှင့် တပည့်မောင်အေးတို့ ...အား ကြည်ညိုပြီး အံ့အားသင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟင်-ဒီမှာလဲ ဆရာကြီးနဲ့ တပည့်တစ်ယောက်" ဟိုဆရာနဲ့ တပည့်နှစ်ယောက်လဲ မမြင်ပါလား၊ သူတို့ ဘယ်ရောက်သွားလဲ။

မောင်အေးက အားလုံးတို့ ရှင်းပြလိုက်သည် နတ်စင်မှာ အောက်လမ်းနည်းနဲ့ တိုက်ခိုက်ထားပြီး၊ နတ်ပြုစားထားသလို လိမ်ညာခဲ့သည့်အကြောင်း ရွာသားတို့ သိသွားကြသည်။

" အောက်လမ်းနည်းနဲ့ ယုတ်ညံ့တဲ့ အစီအရင်ပြုပြီး ပြာချ၊ ဟသ်ာပြဒါးနဲ့ ဖျော်၊ ထုံးဝါးကို စုတ်တုံလုပ်ပြီး ဒီနတ်စင်အောက်မှာ ကိုယ်ခိုင်းချင်သလိုရေးထား အောက်လမ်းနည်းပဲ "

" ယုတ်ညံ့လွန်းလို့ နတ်လဲ အငိုက်မိသွားပြီး၊ သူတို့ ခိုင်းချင်တဲ့အတိုင်း လိုက်လုပ်ပေးနေတာ "

" ဆရာကြီးက ဘယ်လိုသိတာလဲ "

" နံ ဆရာကြီးနဲ့ ကျွန်တော်တို့ ခရီးထွက်လာတာ နတ်စင်ရှေ့အရောက်၊ ဆရာကြီးက အောက်လမ်းစီရင်ထားတာကို အာရုံပြုကြည့်ပြီးသိလို့၊ သူတို့အစီအရင်ကို





တ်ပစ်လိုက်တာ၊

ဒီက အစီအရင်ကို ဖျက်ပစ်လိုက်တဲ့အချိန် မိန်းလေးမှာ ဝင်ပူးကပ်နေတဲ့ ရွာစောင့်နတ်လည်း အနှောင်ခဲ့ လွတ်သွားတဲ့အတွက်၊ နတ်ကစားဆွဲပြီး လိုက်တော့ပေါ့ "

" ကဲ. . . ကဲ. . . မိန်းကလေးလည်း နေကောင်းပြီ၊ နောက်ကို အခုလို လုပ်စားတဲ့ မသမာတဲ့ဆရာမျိုးနဲ့ မကြုံရအောင် သတိထားပြီး နေကြပေါ့ကွယ်"

" ကျေးဇူးတင်လှပါတယ်၊ ဆရာကြီး ကျွန်တော်တို့ မှာ ဝင်တည်းသွားပါအုံးလား ကျွန်တော်တို့ ကျေးဇူးပြုလို့ပါ "

" ကျေးဇူးတင်ပါတယ်ကွယ်၊ ဆရာကြီးတို့ သွားရသည့် ခရီးကဝေးလို့ ရွာထဲမဝင်တော့ပါဘူး၊

အပြန်ခရီး သည်ဘက်ရောက်ရင် ဝင်တည်းပါ့မယ် "

" အပြန်ကျရင်တော့ အချိန်ရရ မရရ ကျွန်တော် ရွာကိုဝင်ခဲ့ပါ ဆရာကြီး တစ်ရက်တန်သည် နှစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



တန်သည် အနားယူပြီးမှ ပြန်ပါဆရာကြီး"

"ကဲကဲ. . . အားလုံးပြန်ကြတော့ ကလေးမလေး ကိုလဲ အနှောက်အယှက် ဘယ်သူမှ အန္တရာယ်မပေးနိုင် တော့ပါဘူး၊ စိတ်ချလက်ချသာပြန်ကြတော့ ဆရာကြီးတို့ လည်း ခရီးဆက်တော့မယ် "

ထိုသို့ ပြောဆိုပြီး ဆရာကြီးလည်း ရွာသားများတို့ ကျောခိုင်း၍ ထွက်လာခဲ့ကြသည်။

* * *

" တောက် . . . ငါ့အကြံကို လာနှောက်ယှက် တာ ဟိုဆရာစုတ်နဲ့ သူ့တပည့် မဟုတ်လား၊"

" ဟုတ်တယ် ဆရာကြီး စားရတော့မယ့် ဟင်း ခွက်ထဲ သဲပစ်ထည့်လိုက်သလို ခံစားလိုက်ရတယ်။ "

ဆရာတပည့်သုံးယောက်တို့လည်း တောင်ကုန်း ကမူပေါ်မှနေ၍ ချုံပင်များ အကာအကွယ်ယူကာ အခြေ အနေကို အကဲခတ်နေသည်၊

" ကဲ. . . တပည့်တို့ ငွေရပေါက်တစ်ခု ပျောက် သွားပေမယ့် စိတ်ပျက်စရာမလိုပါဘူး ဆရာတို့ ဒီလမ်း



တိုလာခဲ့တဲ့ ဦးတည်ချက်က ကျောက်တစ်လုံးသိုက်ကို ဖေါ် မယ့်ကိစ္စ အကူအညီပေးဖို့ မဟုတ်လား"

ဟုတ်တယ်လေ. . . ဆရာကြီး ဒါနဲ့ ကျောက် တစ်လုံးသိုက်ကို ဦးဆောင်ဖေါ်မယ့် ဆရာကြီးရဲ့ ဆရာနဲ့ ဘယ်မှာဆုံကြမှာလဲ၊ "

"ဒီကနေ တစ်နေ့ခရီးလောက် သွားရတဲ့ နှစ်ဆင့် ရေတံခွန်မှာ ဆုံဖို့ကြိုတင်မှာထားတယ်။

ကျောက်တစ်လုံးသိုက်နဲ့ နှစ်ဆင့်ရေတံခွန်က သိပ် မဝေးဘူးဆိုတော့ ဆရာကြီးက အစီအရင်ကြိုတင် လုပ် ထားလိမ့်မယ်။

နောက်က လိုက်လာတဲ့ အဘိုးကြီးနဲ့ သူ့တပည့် တို့ မျက်ခြည်ပြတ်အောင် မြန်မြန်လျှောက်ကြ ".

အောက်လမ်းဆရာက အဘက်ငါးဆယ်ကျော် ထပည့်နှစ်ယောက်က အသက်သုံးဆယ်ကျော် သွားနိုင် လာနိုင်တုန်း၊အထက်လမ်းဆရာကြီးက အသက်(၇၀)ခန့်ရှိ ပြီမို့ တစ်နေ့ခရီးဆိုလျှင် အတော်အလှမ်းကွာ သွားပေလိမ့် ဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက်ကြောင့် ဆရာတပည့်သုံးယောက်လည်း တစ်ရက်ခရီးကို မနားမနေလျှောက်ခဲ့ကြရာ၊ ညနေငါးနာရီခန့် နှစ်ဆင့်ရေတံခွန်သို့ ရောက်ခဲ့ကြသည်။

နှစ်ဆင့်ရေတံခွန်ဆိုသည့်အတိုင်း တောင်ပေါ်မှ ကျလာသည့် ရေတံခွန်က တောင်အလယ်မှာ ကျောက်ဆောင် တစ်ခုခံနေသဖြင့် တိုက်ရိုက်ကျဆင်းမနေတော့ဘဲ ပေနှစ်ဆယ်ခန့် အကွာလောက်မှ အောက်သို့ ကျဆင်းလာခြင်းကြောင့် နှစ်ဆင့်ရေတံခွန်ဟု ခေါ်ဆိုကြောင်း သိလိုက်ရသည်။

ဆရာတပည့်သုံးယောက်တို့လည်း အချိန်းအချက် လုပ်ထားသည့် နေရာသို့ ရောက်ခဲ့သည်၊ဆရာကြီး၏ ဆရာကို အဆင့်သင့်တွေ့လိုက်သည်။

" ဟာ. . . ရောက်လာကြပြီပဲ လာကြ "

" ဆရာ . . . အားလုံး အဆင်ပြေရဲ့လား"

"အခုချိန်အထိတော့ အားလုံးအဆင်ပြေနေတာပဲ "

" အစီအမံက ဘယ်လိုလဲ"





"သိုက်ရဲ့ အစီအမံလား၊ အထက်လမ်း အစီအမံပဲ ...ခွဲ

သိုက်မှာ ကျားရယ်၊ ဘီလူးလေးကောင်ရယ် ...ဘီလူးမရယ်၊ အခြားအခြွေအရံတွေရှိထယ်၊ အပြင်စည်း ...ဦး ဘီလူးမက စောင့်ပြီး၊ အတွင်းစည်းကို ကျားကစောင့် ...ယ်၊ အားလုံး အောင်မြင်ဖို့ ဘီလူးမနဲ့ကျားကို ချုပ်နိုင်ရင် ...နဲ့တဲ့ အခြွေအရံတွေကို ထည့်တွက်စရာမလိုဘူး "

အားလုံး ကျုပ်တာဝန်ထား၊ ခင်ဗျားတို့ ဆရာ ...တပည့်တွေက ကျုပ်ရဲ့အဖေါ်ပဲ၊

ကျုပ်လိုချင်တာက ရွှေငွေရတနာမဟုတ်ဘူး ...သိုက်အတွင်းထဲမှာရှိတဲ့ ပြဒါးရှင်လုံးကိုရရင်တော်ပြီ၊ ...င်ဗျားတို့ကို ရသမျှ ရွှေငွေအကုန်ပေးမယ် "

" ကောင်းပြီလေ. . . ဘယ်နေ့သွားဖေါ်မလဲ ...ဆရာကြီး "

" မနက်မိုးလင်းတာနဲ့ ခရီးစထွက်မယ်၊ မနက်ဖြန် ...ညနေပိုင်းဆို ကျောက်တလုံးသိုက်ရှိတဲ့နေရာကို ရောက် ...မယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ထိုညအတွက် တည်းခိုနေထိုင်ရန် နေရာထိုင်ခင်း ပြုလုပ်ပြီး စားရေးသောက်ရေး စီမံနေကြတော့သည်။

* * *

" ဟိုး. . . . တောင်ကမ်းပါးစောင်းက ကျောက်ကြီး တစ်လုံးတည်း ထီးထီးထွက်နေတာတွေ့လား "

" ဟုတ်ကဲ့ တွေ့ပါတယ်၊ ဆရာကြီး "

အဲဒီကမ်းပါးစောင်းက ကျောက်ကြီးအောက်မှာ သိုက်ရှိတယ်ကွဲ့၊ ဒါဆို သိုက်နားရောက်နေပြီပဲ၊ သူတို့ဆရာတပည့်လေးယောက် သိုက်ရေိယာနှင့် နီးနိုင်သမျှနီးအောင် လာခဲ့ကြသည်။

" ကဲ . . . ရပ်ကြတော့၊

ဒီကနေပြီး ဆရာကြီးအစီအရင် လုပ်တော့မယ်"

ဦးဆောင်သူ ဆရာကြီးက ဆေးဖယောင်းတိုင်များ ထွန်းလိုက်သည်၊ ပြီးတော့ ထွန်းပြီးသော ဖယောင်းတိုင်ကို အင်ချပ်များ ပေါ်တင်၍ စိုက်ထွန်းလိုက်သည် "

" သိုက်ကို စည်းချလိုက်ပြီ "



ခေါင်းဆောင်လုပ်သူဆရာကြီးက လက်အတွင်းရှိ အင်းကိုကိုင်မြှောက်၍၊ ဂါထာများ၊ ရွတ်ဖတ်လိုက်ပြီး ရှေ့လှမ်းလှမ်းသို့ပစ်ပေါက်လိုက်သည်။

ဝေါ . . . ဝုန်း . . . ဝုန်း . . .

တဝေါဝေါ မြည်ဟီးလာသော အသံကြီးနှင့်အတူ လေပြင်းကြီးကျလာပြီး၊သိုက်အောက်ခြေမှ ဖုန်များဝေါခနဲ ထလာသည်။

လေပြင်းကြီးက အနီးအနား သစ်ပင်များ ယိမ်းထိုင် လောက်သည်အထိ အဆက်မပြတ် တိုက်ခတ်လျက်ခင် ရှိလေရာ . . .

အချိန်ကလည်း အမှောင်ဘက်သို့ သန်းလာပြီမို့ စိတ်ချောက်ချားစရာ ကောင်းလာသည်။

သိုက်အောက်ကမ်းပါးရှိ မြေမှုန်များ လွင့်စင်ကျသော နေရာမှ ဖုန်းဟူသော အသံကြီးနှင့်အတူ မီးခိုးလုံးများ အူတက်လာသည်ကို အားလုံးတွေ့ကြရသည်။

" ကဲ. . . သိုက်ရဲ့ အပြင်စည်းကို အုပ်ချုပ်တဲ့ အစောင့်ချုပ်၊ ဘီလူးမကျောက်ရုပ် ပေါ်လာပြီ





www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရှပ်ပေါ် ချည်မန်းကွင်းပြေးပြီး သွားစွပ် လိုက်. . . သွားအမြန်သွား ”

တပည့်နှစ်ယောက်အနက် တစ်ယောက်က ဆရာ ကြီးပေးထားသော ချည်မန်းကိုစွပ်ရန် အနီးသို့ကပ်သွား နေသည်။

* * *

ထိုအချိန် သိုက်ဖေါ်ရန် စီရင်နေသော အောက် ဂမ်းဆရာများ အနီးသို့ အထက်လမ်းဆရာကြီးနှင့်တပည့် မောင်အေးတို့ ရောက်လာကြသည်။

“ မောင်အေး အောက်လမ်းဆရာတွေတော့ သိုက်ကို ချုပ်နေပြီ ”

“ ဆရာကြီး ဝင်မကူညီဘူးလား ”

ဒီဆရာတွေ ဘယ်လောက်စွမ်းလဲ စောင့်ကြည့်ဦး မကွဲ့၊ သိုက်ကလည်း ဘယ်အထိတောင့်ခံပြီး ပြန်ခုခံမယ စောင့်ကြည့်သေးတာပေါ့။

“ သူတို့က သာနေရင်ကော ဆရာကြီး ”

“ သူတို့သာမယ့်အခြေအနေဆိုရင် ဆရာကြီးဒီအ



တိုင်းမနေပါဘူး ခဏလေးသည်းခံ ”

ကဲ. . . အခြေအနေကို စောင့်ကြည့်ပါအုံး မောင်အေးရဲ့ ”

“ ဟုတ်ကဲ့ ဆရာကြီး ”

သို့ဖြင့် အထက်လမ်းဆရာနှင့် တပည့်မောင်အေး တို့က အောက်လမ်းဆရာနှင့် မနီးမဝေးမှာ အခြေအနေ တို့ အကဲခတ် စောင့်ကြည့်နေကြသည်။

* * *

“ ဝေါ . . . ဝေါ . . . ဝုန်. . . ”

“ ဝုန်း . . . ဝေါ . . . ”

တခဲနက် ဆူညံ၍လာသော နာနာဘာဝ၏ အော် ထစ်သံများမှာလည်း ကြောက်မက်ဖွယ်ရာ ပေါ်ထွက်လာခဲ့ ရှုမက၊

“ ဟော့ကောင်လူယုတ်မာ ကျောက်ရှပ်နားမကပ် နဲ့ ဟီး. . . ဟီး. . . ဟီး. . . ”

အစောင့်များက အစွယ်များ ဖွေးဖွေးမျက်လုံးများ ပြူးထွက်ကာ ချည်မန်ကွင်းစွပ်ရန် သွားနေသူ အောက်

www.burmeseclassic.com

www.burmeseclassic.com



လမ်းဆရာ၏ တာသည့်အား ခြောက်လှန့်ထုတ်နေသည်။

အသံဆိုး အသံနက်ကြီးများဖြင့် အော်ဟစ်ကာ ချိန်းခြောက်နေသည့် အသံကြောင့်၊ ချည်မန်းကွင်းစွပ်မည့် လူလည်း အနားမကပ်ရဲပဲရှိနေသည်။

" ဟော့ကောင် မကြောက်နဲ့ မကြောက်နဲ့ စွပ်လိုက် မြန်မြန် "

အောက်လမ်းဆရာ၏ အသံကြောင့် တပည့် လည်း အားတက်သွားကာ ကျောက်ဘီလူးမရုပ်ကို ချည် မန်းကွင်း စွပ်လိုက်သည်။

ကျောက်ရုပ်ကိုချည်မန်းကွင်း စွပ်မိသည်နှင့် ဆူ ညံနေသော အသံများ၊ လေပြင်းတိုက်ခတ်သည့်အသံများ လည်း ငြိမ်သက်၍ သွားလေသည်၊

" အိမ်း . . . ဘီလူးမကျောက်ရုပ်ကို ချုပ်မိပြီတွဲ"

ကျောက်ရုပ်ကို ချုပ်မိသည်နှင့် ခေါင်းဆောင်လု သူ ဆရာသည် ဒုတိယအင်းချပ်ကို ဂူဝသို့ ပစ်သွင်းလို လေသည်။

တဂျုံးဂျုံး၊ တဂျိုင်းဂျိုင်း မြည်ဟီး၍ သွားေ



အသံကြီးနှင့်အတူ တောတောင်တစ်ခုလုံးမှာလည်း ရုတ် တ်သဲသဲ ဖြစ်၍လာလေတော့သည်။

လေတို့သည်လည်း ငြိမ်သက်နေရာမှ ပြန်လည် ၍ တဟီးဟီးနှင့် အဆက်မပြတ်တိုက်ခတ်ပြန်လေသည်။

တိုက်ခတ်လာသော လေပြင်းနှင့်အတူ

" ဝုန်း "

ဟူသော အသံကြီးနှင့် မရှေးမနှောင်းမှာပင်၊ ကျောက်တစ်လုံး အောက်ကမ်းပါးကြီးအလယ်မှ ကျောက် ကြီးတစ်ခု၏ သဏ္ဍာန်သည် ရုတ်တရက်ပေါ်ပေါက်၍ ာခဲ့တော့သည်။

ထိုအခါ ခေါင်းဆောင်ဖြစ်သော အောက်လမ်းဆ ာကြီးက-

" ကိုင်းစည်းထဲက အပြင်မထွက်ကြနဲ့ လာသမျှ ် တျုပ်ခုခံမယ် "

အောက်လမ်းဆရာကြီး၏ ခပ်မာမာ ပြောလိုက် ကြောင့် ကျန်တပည့်နှစ်ယောက်လည်း ထိုဆရာနောက် ၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း ထိတ်လန့်

www.burmeseclassic.com

www.burmeseclassic.com



နေပုံရသည်။

မကြာမီ လိုဏ်ခေါင်းကြီးအတွင်းဘက်မှ အသံ

နက်၊ အသံဩကြီးများနှင့်အတူ တဝီဝီအော်မြည်လာသော

ပိတုန်းကောင်ကြီးများကို တွေ့လိုက်ရသည်၊ ငှက်တ

ကောင်နှယ် ကြီးမားသော ပိတုန်းကြီးများဖြစ်သည်။

တစ်ချက် တုပ်မိလျှင်ပင် အသက်ပျောက်မည်

သေချာလှသည်။

ခေါင်းဆောင်ဆရာက မခိုးမခန့် ရယ်မောလို

သည်။

" ဟား. . . ဟား. . . ဟား. . . ဒီလောက်

လာခြောက်မနေစမ်းပါနဲ့ကွာ မင်းတို့ ခေါင်ချုပ်ကိုယ်တို

လာတိုက်စမ်းပါ ပြောနေကြတယ်၊ ကဲလာလေ

ဟယ်"

မည်သည့်အရာနှင့် ပစ်ပေါက်လိုက်သည်မ

ဝေါဟူ၍ မည်ပြီး၊ မီးခိုးလုံးကြီး ထလာပြီးနောက် ပိတု

ကောင်များ ပျောက်ကွယ်သွားတော့သည်။

ခဏအကြာ တင်းပုတ်ကြီးများ ကိုင်ထားသော



ဘီလူးကြီးလေးကောင် ရုတ်တရက်ပေါ်လာပြီး လိုဏ်ဂူအ

ဘက်မှ အောက်သို့ ခုန်ချလိုက်တော့သည်။

" မဲ့ "

ဟူသော အသံကြီးပေါ်ထွက်လာပြီး တောင်

ခမ်းပါးကြီးတစ်ခုလုံး သိမ့်ခနဲဖြစ်သွားလေသည်။

ထိုအချိန် ခေါင်းဆောင်ဆရာသာလျှင် တည်

ငြိမ်ငြိမ်ရှိနေပြီး ကျန်တပည့်နှစ်ယောက်နှင့် အောက်

ခမ်းဆရာတို့က စိုးရိမ်နေကြသည်။

" ဆရာကြီး နိုင်ခြေရှိပါ့မလား၊"

" မစိုးရိမ်နဲ့ စည်းအပြင်ကိုသာ မထွက်ကြနဲ့"

" ကျားရုပ်ဆိုတာရော "

" အဲဒါက သိုက်ရဲ့အတွင်းဘက် စည်းကိုစောင့်နေ

တာ "

" အစောင့်တွေကို နှိမ်နင်းနိုင်လို့ သိုက်ကိုဖွင့်နိုင်

ရင် သံလျက်ကိုင်တဲ့ ဘီလူးကြီးတစ်ကောင်ကို ထပ်ပြီးနှိမ်

နင်းရအုံးမှာ။

ဘီလူးကြီးတို့ ကျော်တာနဲ့ ကျားရုပ်ကို ချည်မနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကွင်းစွပ်ရအုံးမယ်၊ သူ့ကိုစွပ်နိုင်ရင် အားလုံးပြီးပြီ၊ သူ

အတွင်းစည်းကိုစောင့်တဲ့ အဓိကကျားပဲ။

သံလျှက်ကိုင် ဘီလူးကြီးကိုမြင်တာနဲ့ ကြော

လန့်ပြီးကျားရုပ်ကို ချည်မန်းကွင်း မစွပ်မိလို့ကတော့ ပြေ

ပေရောပေါ့ကွယ် ”

“ ဒါနဲ့ ဘီလူးမကျောက်ရုပ်က အရေးကြီးဆုံး

ဆရာကြီး ”

အဲဒါက အပြင်စည်းအတွက် အခေါင်ချုပ်ပဲ၊ အ

သူကို ငါတို့ ချည်မန်းကွင်းနဲ့၊ ချုပ်ထားပြီးပြီ၊ မဟုတ်လာ

ဒါကြောင့် ဘီလူးမကို ကြောက်စရာမလိုတော့ဘူး။”

ခေါင်းဆောင်အောက်လမ်းဆရာက အစွမ်းထ

လှသည်၊ အစောင့်ဘီလူးလေးကောင်ကို၊ သူ၏ အစီအ

ဆေးဘီလူးဖြင့် ခုခံတိုက်ခိုက်နေရာ အစောင့်ဘီလူးလေ

ကောင် ရှုံးနိမ့်လျက်ရှိနေလေပြီ၊

ထိုအချိန် အရာအားလုံးကို အကဲခတ်စော

ကြည့်နေသော အထက်လမ်းဆရာကြီးက။

“ ကဲတပည့်မောင်အေး သူတို့ဘီလူးလေးကော





လဲ နိုင်နေပြီ အခုတိုင်းဆို သိုက်ကန္နားနေပြီ သူတို့ သိုက်

ဝင်သွားကြတော့မယ် ”

“ ဟောဟော သူတို့သိုက်ထဲ ဝင်မလို့ စည်းအပြင်

ထွက်သွားကြပြီ၊ မောင်အေးက အမြန်ခုန်ချပြီး ဘီလူး

တို ချုပ်နှောင်ထားတဲ့ ချည်မန်းကွင်းကိုသွားဖြုတ်လိုက်

“ ဒီကောင်တွေ သိုက်ထဲဝင်လို့မဖြစ်ဘူး၊

သိုက်ပွင့်တာနဲ့ နွားရုပ်ကို အသက်သွင်းပြီး

ရောတ တိုက်ခိုင်းမယ်၊

ဒါမှ အောက်လမ်းဆရာတပည့်တွေ နွားအန္တ

ယ်က တိုးလာလို့ ကျားရုပ်ကို ချည်မန်းကွင်းမစွပ်နိုင်ပဲ

ထိမ့်မယ် ”

ဆရာကြီးပြောနေစဉ်မှာပဲ .သိုက်ဆရာတစ်စုတို့

ည်း သိုက်ရှေ့သို့ရောက်သွားကြပြီး အင်းနှင့် ပေါက်

တ်သည်နှင့် တပြိုင်နက်။

“ ဝုန်း ”

ကျယ်လောင်သော အသံကြီးဖြစ်ပေါ်လာပြီး မီး

သုံးများလည်း အူထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သိုက်ရှေ့မှ ကျောက်ဖျာတံခါးကြီးလည်း ပွင့်သွ
တော့သည်။

ထိုစဉ်နောက်မှ -

ဝတ်ထရိန်း. . . ဝတ်ထရိန်း. . . ဝတ်ထရိန်း

ကျယ်လောင်သော တွန်သံကြီးနှင့်အတူ နွားလ
ကြီးထို ဆရာတပည့်တစ်စုရှေ့သို့ ဝုန်းခနဲခုန်လွှားရော
ရှိသွားသည်။

မောင်အေးလည်း အရဲစွန့်ကာ ဘီလူးမကျော
ရုပ်ကိုစွပ်နေသော ချည်မန်းကွင်းကို ဆွဲချွတ်လိုက်သည်

ထိုခဏမှာပဲ ကျောက်ရုပ်ဘီလူးမအသွင်မှ
မောလှပသော မိန်းကလေးသဏ္ဌာန်ရုတ်ခြည်းပေါ်ပေါ
လာသည်။

ထိုမိန်းကလေးနှုတ်မှ စူးရှသောအသံနှင့်

စက္ကူ . . . စက္ကူ . . . ထစမ်း အမြန်ထစ

မိန်းကလေးစကားအဆုံး သိုက်အတွင်းမှ

ဝေါင်း . . . ဝေါင်း . . . ဝေါင်း . . .

ကျယ်လောင်သော ကျားဟိန်းသံကြီး ပေါ်ထွ



ာတာ ဆရာတစ်စုရှေ့ ၊န်းခနဲ ခုန်လွှားရောက်ရှိ
တော့သည်။

ထိုအချိန်တွင်. ဆရာကြီးက နွားကြီးအားပြန်၍
ါလိုက်သဖြင့် ဆရာကြီးခေါ်သံအဆုံး နွားလားကြီး ပြန်
ည့်လာကာ လက်ဖဝါးပေါ်သို့ ခုန်တက်လိုက်သည်နှင့်
တ်ချင်းပင် ဆရာကြီး၏ လက်ပေါ်မှာ နွားရုပ်လေး
ဖြစ် ပြောင်းသွားတော့သည်။

အောက်လမ်းဆရာတပည့်တို့လည်း ကျားရန်မှ
ဆိရန် အသက်လုပြီး ပြန်လှည့်ပြေးရလေတော့သည်။

ကျားကြီးမှာလည်း တဝေါင်းဝေါင်း ဟိန်းပြီး
တ်မှ ပြေးလိုက်လျက်ရှိတော့သည်။

"မယ်ယက္ခ မင်းကျားကိုပြန်ခေါ်တော့ သိုက်ဆရာ
လဲ မှတ်လောက်သွားပြီ"

" စက္ကူ . . . စက္ကူ ပြန်လာလှည့် လာလှည့်"

အမိန့် ပေးသံအဆုံး ကျားကြီးမှာ လှည့်၍
လာပြီး၊ အနားမှာ လာဝပ်နေတော့သည်။

" ဆရာကြီး ကျားကို ဘာကြောင့်ပြန်ခေါ်တာ

www.burmeseclassic.com

www.burmeseclassic.com



"သာသနာအတွက် အလုပ်လုပ်နေကြသူတွေပဲ အန္တရာယ်ကင်းပြီးဆိုမှတော့ ဘာကြောင့် လူ့အသက်ကို သတ်ခိုင်းတော့မှာလဲ

လူ့အသက်ပဲဖြစ်ဖြစ် တိရစ္ဆာန်အသက်ပဲ ဖြစ်ဖြစ် မသတ်ဖြစ်ရင် အကောင်းဆုံးပေါ့ကွယ် "

" ကဲ. . . မယ်ယက္ခ နောက်ကို အမှုမဲ့အမှတ်မဲ့ မနေနဲ့၊ တာဝန်သိပ်ကြီးတဲ့ အဝင်စည်းကို စောင့်ရတဲ့ တာဝန် ယူထားမှတော့ စည်းပေါက်လို့မဖြစ်ဘူး၊

အခု အပြင်စည်းပေါက်သွားလို့ သိုက်ဆရာတွေ သိုက်ဖွင့်နိုင်တဲ့အထိ အခွင့်အရေးရသွားကြတယ် "

" နောက်ကို ဂရုတစိုက် အမြဲနေပါမယ်ဆရာကြီး"

" အခု ဒီကျောက်တစ်လုံးသိုက်ကို သိုက်ဆရာတွေ သိသွားပြီဖြစ်တဲ့အတွက် တနေ့နေ့တချိန်ချိန်မှာ ရောက်မလာဘူးလို့ တာဝန်မယူနိုင်ဘူး၊

ဒီအတွက် အထက်ပုဂ္ဂိုလ်တွေကလည်း အမိန့်ရှိလိုက်တယ်၊ ဒါကြောင့် သင်တို့သိုက်ကို သုံးရက်အတွင်း ကညင်သုံးပင်စခန်းကိုပြောင်းကြရမည်လို့ ညွှန်ကြားလိုက်တယ် "



" ဆရာကြီးတို့ ဘယ်နေ့ခရီးဆက်ကြမှာပါလဲ "

" မနက်လင်းတာနဲ့ ပြန်ကြမယ်ကွဲ့ "

" ဒီညသိုက်ထဲမှာ ညှိခံပါရစေ ဆရာကြီး "

" ကိစ္စမရှိဘူး ဒီအပြင်ဘက်မှာပဲ နေရာထိုင်ခင်းရှင်းလင်းပြီး၊ ညအိပ်လိုက်တော့မယ် "

အထက်လမ်းဆရာကြီးလည်း နောက်နေ့ ပြန်ရမည်ဖြစ်သဖြင့် မိန်မချောလေးအား အစစမှာကြား ပြောဆိုနေလေသည်၊

ညဘက်တော့ ဆရာကြီးအား မောင်အေးက မရှင်းသည်ကို မေးမိသည်၊

" ဆရာကြီး ဟိုလူးမကျောက်ရုပ်က အသက်ဝင်လာတာ သိပ်ချောတဲ့မိန်းကလေးဖြစ်နေပါလား "

" အဲဒါက လူသားတွေနဲ့ ဆက်ဆံနေရလို့ မူလရုပ်သွင်မပြပဲ လူလိုဖန်ဆင်းထားတာ မင်းရှိနေလို့လဲ၊ မကြောက်မလန့်အောင် ဖန်ဆင်းထားတာ၊ အားလုံးမူလ အသွင်က ကြောက်စရာ ရုပ်ကြမ်းကြီးတွေပဲ "

www.burmeseclassic.com

www.burmeseclassic.com



" ကဲ. . . ကဲ. . . ဘုရားအာရုံပြုပြီး အိပ်ပေတော့ မနက်စောစောထပြီး ခရီးထွက်ကြမယ် "

မောင်အေးလည်း ဆရာကြီးအမိန့်ရှိသည့် အတိုင်း ဘုရားရှိခိုးပြီး ရှိခိုးထိုက်သူများအား ရှိခိုးဦးချကာ အမျှဝေ မေတ္တာ ပို့ပြီး၊ အိပ်လိုက်ရာ ခဏအတွင်းမှာပင် နှစ်ခြိုက်စွာ အိပ်မောကျသွားပါတော့သည်။

# "အိမ်ကြီးက သရဲကြီး"

အင်းစိန်၊ နံ့သာကုန်းရပ်ကွက် အစွန်ကျကျတွင် တစ်ထပ်တိုက် အိမ်ဟောင်းကြီးတစ်လုံးရှိသည်။

အုတ်နံရံများကို ဆေးနီရောင်သုတ်ထားသည်။ ထိုအိမ်ကြီးမှာ လူဟူ၍ မည်သူမှမရှိ လူတွေကိုခြောက်လှန့် နှင်ထုတ်နေသော သရဲကြီးသာရှိသည်။

ထိုသရဲကြီးက အပြင်မှ သွားလာနေသူများကိုတော့ မခြောက်မလှန့် ခြံတဲ အိမ်ထဲဝင်လာသူ မှန်သမျှကို မဝင်နိုင်အောင် မနေနိုင်အောင် ခြောက်လှန့်ထုတ်သည်။

ထိုအိမ်ကြီးကို လက်ရှိပိုင်သူက သေဆုံးသူအဖိုးကြီး၊ အဖွားကြီးတို့၏ သားကိုမျိုးအောင်ပိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက မြန်မာပြည်တွင် မရှိ၊ ဩစတြေးလျတွင် နေသည်။

ဩစတြေးလျမှာ ပညာသင်သွားရင်းကတွဲ့ရပြီး ထိုနိုင်ငံမှာပင် အလုပ်ဝင်လုပ်ခဲ့သည်။

ထိုနိုင်ငံမှာ အလုပ်သွားလုပ်သူ မိန်းကလေးတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့သည်။

ထို့ကြောင့် ထိုနိုင်ငံမှာပင် အခြေချ နေထိုင်လျက်ရှိသည်။

မိခင်ဖခင်တို့ သေလွန်ပြီး ကျန်ခဲ့သော အိမ်ကြီးအား ကုမ္ပဏီတစ်ခုကို အပ်ခါ အိမ်ငှားတင်ခိုင်ထားခဲ့သည်။

ကုမ္ပဏီမှ တာဝန်ပေးထားသော ပွဲစားလည်း အပြော ကောင်းကောင်းနှင့် လူငှားတင်ခဲ့ပါသည်၊ ပထမဆုံးတင်ခဲ့သည်က ဆရာဝန်လင်မယားဖြစ်သည်။

အိမ်ငှားပြီး တစ်ညပင် အိပ်ရသေးသည်၊ မိုးမလင်းခင် ပြောင်းပြေးကြသည်။

ဒုတိယငှားနေသော အိမ်ငှားများက ကျောင်းဆရာနှင့် စာရေးဆရာမ သူတို့လင်မယားလည်း တစ်ညထွန်အောင် ကြိတ်မှိတ်နေလိုက်ရပုံရသည်။

တတိယငှားသူက ကလေးနှစ်ယောက်နှင့် လင်မယား နှစ်ယောက်တို့ မိသားစုလည်း၊ ၆လစာတင်ထားသော ငွေကို အဆုံးခံကာ ပြောင်းပြေးလေတော့သည်။

* * *

" ငါတော့ ဒီလိုအိမ်မျိုးမှာ စားဖို့လည်း ပေးမယ်၊ အိပ်ဖို့လည်း အသင့်၊ လခလည်း ပေးစရာမလို ပြောရင်တောင် လက်သင့်ခံဘို့ဝေးရော၊ ကြားရတာနဲ့တင်ကြောက်လို့ မနေဝံ့ပါဘူးကွာ "

အိမ်နီကြီးနှင့် သုံးအိမ်ခန့်အကွာ လမ်းထောင့်ရှိ တင်းထဲမှာ ကင်းစောင့်နေသော မျိုးလွင်က သူ၏ကင်းစောင့်ဘက် အဖေါ်အား အိမ်နီကြီးက သရဲကြီးအကြောင်း ပြောပြနေသည်။

" မင်းက ကင်းတဲမှာ အမြဲတမ်းစောင့်တဲ့ ကောင်ဆိုတော့ အိမ်နီကြီးအကြောင်း သိမှာပဲ ပြောပြစမ်းပါကွာ၊





www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်း ဟိုလူပြော ဒီလူပြောကြားရတာနဲ့ တော့ချမ်းနေတာ ”

“ ငါက . . . ဒီမှာ အမြဲတမ်းနေတာ၊ ဒီသရဲကြီးအကြောင်းပြောရမှာ ခပ်လန့်လန့်ပဲကွ ”

“ မင်းကလဲ ဘာမှမပြောသေးဘူး၊ ကြိုပြီးကြောက်ပြနေတယ်၊

ဘာလဲ အပြင်မှာနေတဲ့ လူတွေကိုရော ခြောက်လှန့်နေလို့လား ”

“ အပြင်မှာတော့ တစ်ခါမှ မခြောက်လှန့်သေးဘူး၊ သူ့အိမ်ထဲဝင်မှပဲ ခြောက်တာ၊ ဒါပေမယ့် သရဲဆိုတာ မြင်ရတာမဟုတ်ဘူး၊ ဒို့ပြောနေတုန်း ဒီနားရောက်နေရင်တောင် သိနိုင်တာမဟုတ်ဘူး ”

“ ကဲပါကွာ . . . အိမ်ကြီးထဲမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းမင်းသိသလောက် ပြောပြပါကွာ ”

“ နားထောင် ငါပြောပြမယ် ”

“ ဒီအိမ်ကြီးကို ပထမဆုံး လာပြီး ငှားနေတဲ့သူဟာ ဆရာဝန်ကြီး လင်မယားပဲ၊ သူတို့က ခရစ်ယာန်ဆို



တော့ သရဲတစ္ဆေကို ယုံကြည်ကြဟန် မတူဘူး”

လခကလည်း သက်သာ၊ အိမ်ကကျယ်တယ်၊ အိမ်ထောင်ပရိဘောဂကလည်း အဆင်သင့်၊ ခြံကြီးကလည်း သစ်ပင်ပန်းမာလ်မျိုးစုံနဲ့ ဆိုတော့ သိပ်သဘောကျပြီး ခြောက်လစာကြိုတင်စနစ်နဲ့ အိမ်ငှားပြီး ပြောင်းလာကြတယ်၊

ညအတက်ရောက်တော့ ထူးထူးခြားခြားကြုံဟန်တူပါရဲ့ ဆရာဝန်လင်မယားနှစ်ယောက်လုံး ငယ်သံပါအောင် အော်လိုက်သံကြားရတယ်၊

အနီးအပါးက အိမ်တွေတင်မကဘူး ငါတို့ ကင်းထဲကပါ ကြားလိုက်ရတယ်၊

ငါတို့လဲ အသံကြားတဲ့ အိမ်ကြီးရှေ့သွားပြီး အခြေအနေ စောင့်ကြည့်တာပေါ့၊

စောင့်နေတဲ့အချိန် နာရီဝက်လောက်ပဲကြာမယ်၊ ဆရာဝန်ကြီးလင်မယား၊ ငယ်သံပါအောင် အော်ပြီး အိမ်ရှေ့ ပြေးထွက်လာကြတယ်၊

ခြံပြင်မှာ ငါတို့ကို တွေ့တော့ အားတက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ရဲ့ကင်းတဲကို လိုက်လာခဲ့တဲ့အချိန်က သုံးနာရီ လောက်ပဲရှိသေးတယ်၊

ကင်းတဲရောက်မှ သူတို့ကို သရဲခြောက်တဲ့ အကြောင်းပြောပြတာ၊

သရဲက သူတို့အိပ်ရာဘေးက ရှပ်ရှပ်နဲ့ လူမမြင်ရပဲ လမ်းလျှောက်နေတာတဲ့၊

ကုတင်ဆိုလဲဆွဲဆွဲပြီး လှုပ်တယ်၊ စောင်ခြုံပြန်ရင် စောင်ကို ဆွဲဖယ် ပစ်တယ်၊

အပြင်က ဘီရိုတွေ၊ ကုလားထိုင်တွေကလည်း ဟိုရွှေ့သည်ရွှေ့နဲ့ ပုဏ္ဏကတိုက်သလို၊ ပစ္စည်းတွေ ပြောင်းဆန်အောင် လှုပ်ရှားနေတယ်တဲ့၊

ရယ်သံလိုလို၊ ငိုသံလိုလိုကလည်း အိမ်ခန်းထဲက ပေါ်လာလိုက်၊ ထမင်းစားခန်းဘက်ကပေါ်လာလိုက်၊ အိပ်လို့မရလို့ စိတ်ချောက်ချားနေတုန်း ကျုပ်အမျိုးသမီး လည်ပင်းကို လက်အေးအေးကြီးနဲ့ လာညှစ်တာနဲ့

အော်ဟစ်ပြီး အခုလိုပြေးထွက်လာခဲ့တာလို့ ပြောပြတယ်၊ ကင်းတဲမှာပဲ မိုးအလင်းထိုင်နေကြတယ်၊





မနက်လင်းတော့ ခြံထဲကို ငါတို့ပါလိုက်ပေးတယ်၊ ...အဝတ်အစားသေတ္တာတွေ၊ ဆေးသေတ္တာယူပြီး၊ အိမ် ...ပြောင်းသွားကြတာပဲ ”

“ နောက်စာရေးဆရာမလင်မယားအကြောင်း ...ရာ မင်းသိသေးလား ”

“ သိတာပေါ့ သူတို့အိမ်ကြီးပေါ် တစ်ညလုံးမအိပ် ...င်တော့တဲ့အချိန် ငါ့ကင်းတဲကို ရောက်လာကြတော့တာ ...

ကျောင်းဆရာနဲ့ စာရေးဆရာမလင်မယား သူတို့ ... အိမ်ကြီးကိုကြည့်ပြီး အေးအေးဆေးဆေးစာရေးလို့ ...ယ်ဆိုပြီး ငှားလိုက်တာ။

ခြောက်လစာကြိုပေးပြီး ပြောင်းလာကြတာ၊ ...ဝတ်အစားသေတ္တာနဲ့ စာအုပ်သေတ္တာတွေပဲ ပါတယ်၊

သူတို့လင်မယားလည်း အေးအေးဆေးဆေးစာ ...ဘို့မပြောနဲ့ ကုတင်ပေါ်အိပ်တာနဲ့ ခြေထောက်နှစ် ...ချောင်းကို ဆွဲပြီး ကုတင်ပေါ်ကအောက်ကိုကျအောင် လုပ် ...ယ်ဆို့၊



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ် မအိပ်ရလို့ အောက်မှာ ဆင်းအိပ်ပြ
တော့၊ အနီးမှာရှိတဲ့ ပစ္စည်းတွေနဲ့ ကောက်ပစ်နေတာ
စောင်ခြုံထားတာလဲ စောင်ကိုလာဆွဲသွားတယ်တဲ့၊ နှ
ရောဂါရှိတဲ့ လူဆို အသက်ထွက်သွားနိုင်တယ်တဲ့။

မီးချုပ်တာနဲ့ သရဲစခြောက်တာလုံးဝကို မ
တော့ဘူးတဲ့ အသံနဲ့ တစ်မျိုး၊ ပစ္စည်းတွေနဲ့ ပစ်ပေါက်
မျိုး၊ ပစ္စည်းတွေကို လှုပ်ရမ်းပြတာမျိုး၊

စာရေးဆရာမဆို တစ်ကိုယ်လုံးတုန်နေတာပဲ
နောက်ဆုံးမနေနိုင်တဲ့အဆုံး မိုးမလင်းခင်ငါ့ကင်းတဲ
ရောက်လာတာပဲ။

ခြောက်လစာဆုံးပစေတော့ မနေတော့ဘူးဆို
သူတို့ ပါလာတဲ့ပစ္စည်းတွေ ငါတို့ကိုအဖော်ခေါ်ပြီး အိ
ထဲက သွားပြန်သယ်ခဲ့ကြတယ်။

ငါ့အသိ ဇော်မိုးရဲ့ညီ အိမ်နီကြီးရဲ့ ခြံဝင်းထဲ
မချစ်စုသရက်သီးတွေ မှည့်ပြီး ကြွေကျနေလို့ သွားကော
တာ၊ အိမ်ပြတင်းပေါက်ကြီး ပွင့်လာပြီး အဖိုးကြီးထ
ယောက်ရပ်ပြတယ်တဲ့၊





အိမ်နီကြီးမှာ လူမရှိတာ၊ သိထားတော့ သရဲ
ခြောက်တာပဲဆိုပြီး အသေအချာကြည့်နေတုန်းမှာ မျက်
စ အောက်မှာကင်ပဲ ဒပျောက်သွားခဲ့တယ်တဲ့၊

အဖိုးကြီး ပျောက်သွားရုံနဲ့ ပြီးမသွားဘူး၊ သူ
သရက်သီးတွေ ကောက်ထားတဲ့ နေရာကို လူမမြင်ရပဲ
ခြလှမ်းကျဲကျဲကြီးနဲ့ လျှောက်လာတဲ့ ခြေရာကို မြင်ပြီး
သိလိုက်တာကြောင့် ကောက်ထားတဲ့ သရက်သီးတွေ မယူ
ခဲ့တော့ဘဲ၊ ခြံထဲက ပြေးထွက်ခဲ့ရတယ်လို့ ငါသိရတယ်၊

အိမ်ငှားတွေအထဲက ကံဆိုးသူမိသားတစ်စု
အိမ်ကြီးကို ငှားရမ်းနေထိုင်ဘို့ ရောက်လာကြပြန်တယ်၊

လင်မယားနှစ်ယောက်ရယ်၊ သားနဲ့သမီးရယ်
သားစုလေးယောက် ညနေသုံးနာ့ရှိလောက် ပြောင်းလာ
ကြတယ် ”

အပြင်က စားစရာဝယ်လာကြသည့်အတွက် အိမ်
ကြီးမှာ ညစာမချက်ပြုတ်ဖြစ်၊

စားချိန်ရောက်တော့ စားစရာထည့်ရန် ပန်းကန်
တ်ခွက်ယောက်များ ယူသုံးသည်က စပြီးပြဿနာစလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

စားစရာထည့်ရန် ဆေးပြီးထပ်ထားသော ပန်းကန်များ ပန်းကန်စင်ပေါ်ပြန်ရောက်နေသည်။

ဝယ်လာသော စားစရာများလည်း အမှိုက်ပုံးထဲ ရောက်နေသည်။

စားစရာ ပြင်ဆင်နေသော အမျိုးသမီးလည်း ထမင်းစားခန်းထဲမှ လန့်အော်ပြီး ပြေးထွက်လာသည်။

" ကိုရေ . . . . ကိုရေ . . . သရဲ . . . သရဲ "

" ဘယ်မှာလဲ . . . ဘယ်မှာလဲ သရဲ "

" သရဲတော့ မမြင်ရဘူး . . . ဒါ . . . ဒါပေမယ့် . . စားစရာထည့်မလို့ ပန်းကန်တွေ ဆေးထားတာ ပန်းကန်စင်ပေါ်ပြန် ရောက်နေတယ် "

စားပွဲပေါ် တင်ထားတဲ့ အထုပ်တွေအမှိုက်တောင်းထဲ အကုန်သွန်ချထားတာတွေ့လိုက်တယ်။

နောက်ဆုံးအထုပ်ကိုတော့ လူမမြင်ရပဲ . . . တဖြည်းဖြည်း သွန်ချနေတဲ့ ပုံသဏ္ဍာန်မြင်လိုက်ရလို့ အော်ပြီး ပြေးထွက်လာတာ "



" ကဲဒါဖြင့် ဒီနေ့တော့ ကလေးတွေအတွက် ဝယ်လာတဲ့ မုန့်ခြောက်တွေပဲ စားလိုက်ကြတာပေါ့ "

ထိုလင်မယားလည်း တစ်ညလုံးမအိပ်နိုင်အောင် ခြောက်လှန့်တဲ့ဒဏ်ကြောင့် အမျိုးသမီးက အကြောက်လွန်ပြီး ခေါ်မရ၊ မေးမရဖြစ်ကာ ဆေးရုံတင်လိုက်ရသည်။

ရှစ်နှစ်အရွယ် ကလေးမလေးလည်း အကြောက်လွန်ကာ ကြောင်သွားပြီး စကားမပြောနိုင်သည့် အခြေအနေသို့ ရောက်သွားခဲ့ရသည်။

ကင်းတဲစောင့် လူရွယ်က သူ၏သူငယ်ချင်း ကင်းစောင့်ဖော်အား သူသိထားသမျှပြောပြခဲ့ပါသည်။

သရဲခြောက်သော အိမ်နီကြီး၏ သတင်းက အနီးအပါးတွင်မက ရပ်ဝေးသို့တိုင်အောင် ကြားခဲ့ပါသည်၊ သို့ဖြင့် ထိုအိမ်ကြီးမှာ တစ်နှစ်ခန့် လူငှားမရပဲ ရှိနေခဲ့ရာ တစ်နေ့ . . .

ခြောက်နှစ်အရွယ်ယောကျ်ားလေးတစ်ယောက်ပါသော မိသားစုသုံးယောက်ရောက်လာခဲ့သည်။

ယောကျ်ားဖြစ်သူက ခရီးသွားအေဂျင်စီမှာ စကား

www.burmeseclassic.com



ပြန်၊ ဂိုက် (ဧည့်လမ်းညွှန်) အလုပ်လုပ်နေသူဖြစ်သည်။ ဘာသာစကား ရှစ်မျိုးခန့်လေ့လာတတ်ကျွမ်းထားသည့်အတွက် တစ်ရက်မှ အားရသည်မရှိ။

နိုင်ငံခြားခရီးသည် အဝင်အထွက်များသော ကာလ၊ ခရီးသည် ပို့ဆောင်ပေးရာက ပြန်ရောက်လာလျှင် နောက်တစ်သုတ်ပို့ ဆောင်ပေးရန် အလုပ်က အသင့်စောင့် ကြိုနေတတ်သည်။

မိသားစုထံ တစ်လနေမှ တစ်ခေါက်နှစ်ခေါက် ပြန်ဆုံခွင့်ရသည်။

သို့ကြောင့် ဇနီးနှင့် သားတို့အေးအေးဆေးဆေးနေရန် အိမ်တစ်လုံးကုမ္ပဏီက ငှားပေးသဖြင့် ထိုအိမ်သို့နေရန် ထွက်လာခဲ့ကြသည်။

မိမိတို့ကိုယ်တိုင် စိတ်ကြိုက်ရှာဖွေငှားရမ်းခြင်းမဟုတ်၊ ကုမ္ပဏီက ငှားပေးသော အိမ်ဖြစ်သဖြင့် ကောင်းမှကောင်းပါ့မလား စိတ်ထင့်နေကြသည်။

အိမ်ကိုတွေ့တော့ လင်မယားနှစ်ယောက်လုံး သဘောကျခဲ့သည်။



အိမ်က အိမ်ထောင်ပရိဘောဂအပြည့်အစုံ ပစ္စည်းဝယ်လာစရာမလိုသဖြင့် သူတို့စိတ်တိုင်းကျခဲ့သည်။

သူတို့မိသားစု အိမ်ကြီးသရဲခြောက်သည့် အကြောင်း သိမထားကြသဖြင့် စိတ်ချလက်ချလာဝံ့ခြင်းဖြစ်သည်။

အဝတ်အစားသေတ္တာသုံးလုံးနှင့် အိမ်ပြောင်းလာကြခြင်းဖြစ်သည်။

အိမ်ကြီးထဲ ဝင်လိုက်သည်နှင့် ကျောထဲစိမ့်သလိုဖြစ်သွားရသည်။

သားဖြစ်သူက အိမ်ကြီးကို သဘောကျနေသည်။ အိမ်ကြီးထဲမှာ ပြေးလွှားဆော့ကစားနေသည်။

" ဟော့သား လဲမယ်သတိထား "

" ရပါတယ် မေမေရဲ့ "

" မိုးရေ သားရဲ့ ကျောင်းစာအုပ်တွေ အစုံအလင်ပါရဲ့လား မပါရင် ဝယ်ကြရအောင် "

" ပါတယ် ကိုကို"

" သားကိုကျောင်းအပ်ဖို့ ကျောင်းစုံစမ်းရအုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီက ပြောတာတော့ ဒီလမ်းနဲ့ နှစ်လမ်းကျော်မှာ မူလတန်းကျောင်းရှိတယ်လို့ ပြောတယ် "

" သားဖြိုးကိုက ပထမတန်းရောက်နေပြီ။ ညေ လမ်းညွှန်အလုပ်ကို ဝင်မလုပ်ခင်က ပဲခူးမြို့မှာနေကြခြင်း ဖြစ်သည်။

အလုပ်ရသည်နှင့် ရန်ကုန်သို့ ပြောင်းလာခဲ့ကြ ခြင်းဖြစ်သည်။

ထူးဆန်းသည်က ထိုနေ့တစ်နေ့လုံး အိမ်ကြီးက ပကတိငြိမ်သက်နေသည်။

ညရောက်တော့လည်း ထူးထူးခြားခြားဘာမှမဖြစ် ချိုးချိုးချွတ်ချွတ်အသံပင် မကြားရ။

ညဘက်လူကြီးနှစ်ယောက် အိပ်မောကျနေစဉ် သားကိုဖြိုးနိုးလာသည်။

သားကိုဖြိုးအား အခန်းတစ်ခန်းပေးသိပ်ထား သည်။

" မေမေ ... မေမေ... သားအပေါ်သွားချင် တယ် "



" လာ သား...... ထ "

" ဗျာ ... မေမေလား "

" မေမေ မဟုတ်ဘူး ဘိုးဘိုး "

" သားရဲ့ဘိုးဘိုးက ... ဟိုးမိုးပေါ်မှာ "

" ကဲ ... သားလေး ဆီးသွားချင်တယ်ဆို လာဘိုးဘိုးလိုက်ပို့ပေးမယ်၊ မေမေတို့ကိုမနှိုးနဲ့ "

ကိုဖြိုးလည်း နောက်ကလိုက်သွားသည်။

အိမ်သာက ထွက်သည်နှင့်

" လာ ... သားလေး ဘိုးဘိုးနောက်ကလိုက်ခဲ့"

လှေခါးထစ်များကို နင်းပြီး အပေါ်သို့တက်ခဲ့သည်၊ လေသာဆောင်ဖြစ်သည်၊ အမိုးမရှိ၊ ကောင်းကင်ပေါ်မှ ကြယ်များကို အတိုင်းသားမြင်ရသည်။

" လာထိုင် "

" ဘိုးဘိုးက ဒီအိမ်ကိုဘယ်အချိန်ကရောက်လာ တာလဲ ... သားတို့ ရောက်တော့၊ ဘိုးဘိုးကို မတွေ့ဘူး၊

" ဘိုးဘိုးက ဒီအိမ်မှာ အမြဲရှိနေတာ "

" မေမေတို့မေမေတို့သားတို့လဲ ဘိုးဘိုးကိုမတွေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လား "

" ဘိုးဘိုးကတွေ့ဆိုမှ တွေ့နိုင်မှာ . . . သားတို့ မေမေနဲ့ ဖေဖေက ဘိုးဘိုးကိုမတွေ့နိုင်ဘူး "

" ဒါဆို ဘိုးဘိုးက တန်ခိုးရှိတာပေါ့ "

" ဖေဖေက နတ်သားတွေဟာ တန်ခိုးရှိတယ်၊ ကိုယ်ယောင်ဖျောက်နိုင်တယ်လို့ ပြောတယ် "

" ဘိုးဘိုးလဲ သားရဲ့ ဖေဖေနဲ့ မေမေတို့ မတွေ့အောင် ကိုယ်ဖျောက်နေတာပေါ့ "

" ဒါဆို ဘိုးဘိုးက နတ်သားပေါ့ "

" သားက ဘိုးဘိုးကို အမြဲတွေ့ချင်တာ "

" သားတွေ့ချင်တယ်ဆိုရင် သားရဲ့ ဖေဖေနဲ့ မေမေတို့ကို ဘိုးဘိုးရှိတဲ့ အကြောင်း မပြောရဘူးနော် "

" သား ဘိုးဘိုးကိုတွေ့နေရမယ်ဆိုရင် ဖေဖေတို့ မေမေတို့ကိုမပြောပါဘူး "

" သားရဲ့ ဖေဖေတို့၊ မေမေတို့နဲ့ အတူရှိနေရင် ဘိုးဘိုးကိုသားစကားမပြောရဘူး "

" ဘာဖြစ်လို့လဲ ဘိုးဘိုး "





" သူတို့က မမြင်ရပဲ သားက စကားပြောနေရင် သားကို အရူးလေးလို့ ထင်သွားမှာ

ဒါမှမဟုတ် သားရဲ့ မိဘတွေ သရဲထင်ပြီး ဒီအိမ်မှာ မနေဝံ့ပဲ ပြောင်းပြေးကုန်မှာပေါ့ "

" ဘိုးဘိုးက သရဲမှ မဟုတ်ပဲ နတ်သားဘိုးဘိုးပဲ တာ "

" ဒါနဲ့ မြေးရဲ့ ဘိုးဘိုးက ဘယ်မှာလဲ "

" ဟိုးမှာ လင်းနေတဲ့ကြယ်ကြီးက သားရဲ့ဘိုးဘိုးလို့ ဖေဖေကပြောတယ် "

" ဘိုးဘိုးကရော . . . ဘယ်ကကြယ်လဲ "

" ဘိုးဘိုးက ကြယ်အဆင့်မရောက်သေးဘူး "

" ဒါဆို ဘိုးဘိုးနတ်သားလေးပေါ့ "

" ငါ့မြေးက စကားတယ်တတ်တာပဲ၊ အောက်ဆင်းကြမယ်၊ ပြန်အိပ်လိုက်အုံး "

" ဘိုးဘိုးနတ်သားက ဘယ်မှာအိပ်လဲ "

" ဘိုးဘိုးက အိပ်စရာမလိုဘူး၊ မနက်မှ တွေ့ကြမယ်ဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကိုဖြိုးလည်း အိပ်ခန်းထဲ ပြန်ဝင်ရန် ပြပြီး မဝင်သေးဘဲ

" ဘိုးဘိုးနတ်သား သားနဲ့အတူလာအိပ်ပါလား"

" မြေးလေးအိပ်ပါ၊ ဘိုးဘိုးက ဒီနားမှာပဲရှိမယ်"

ကိုဖြိုးလည်း ကုတင်ပေါ်တက်၍ အိပ်လိုက်ရာ မကြာခင်မှာပင် အိပ်မောကျသွားတော့သည်။

* * *

" သားကိုဖြိုးထတော့ ဒီနေ့သားကို ကျောင်းသွား အပ်ရမယ် "

" ဟာ. . . သားမသွားချင်ဘူး "

" ဘယ်ဖြစ်မလဲသားရဲ့ ကျောင်းသားတွေ ပထမ ကန်းတောင် မဖြေရသေးဘူး. . . ဒီနှစ်မတက်ရင် သား တစ်နှစ် နောက်ကျသွားမှာပေါ့၊ နောက်ကို သားဘယ် ကျောင်းကိုမှ မပြောင်းရတော့ပါဘူး "

ထိုအချိန်လာန္နီးသူ ဖခင်၏ နောက်မှ ရပ်နေသော ဘိုးဘိုးက အိပ်ရာမှ ထရန် မျက်ရိပ်ပြလိုက်သည်။

ကိုဖြိုးကထပြီး အခန်းပြင်သို့ ထွက်လာခဲ့သည်၊



ထို့နောက် မျက်နှာသစ်ရန် ထွက်ခဲ့သည်။

ကိုဖြိုးနောက်က ဖေဖေနှင့် အတူ ဖိုးဖိုးနတ်သားပါ လိုက်လာသည်။

ကိုဖြိုးလည်း ကိစ္စအားလုံးပြီးသည်နှင့် နံနက်စာ စားရန် ထွက်ခဲ့သည်။

မေမေက နံနက်စာ စားရန်စီစဉ်နေသည်၊

မိသားစုအားလုံး ထိုင်ကြသည်။ ဘိုးဘိုးနတ်သား က ကိုဖြိုးဘေးတွင် ရပ်နေသည်။

ကိုဖြိုးလည်း စကားမပြောရန် မှာထားသဖြင့် နှုတ် ဆိတ်နေသည်။

စိတ်ထဲက မစားပဲရပ်နေသည့် ဘိုးဘိုးနတ်သားကို စားစရာများခေါ် ကျွေးချင်နေသည်။

" သားမြန်မြန်စား . . . ဖေဖေတို့ စားပြီးပြီ"

ဖေဖေက ပြောပြီး အပြင်ထွက်သွားသည်၊ မေမေ လည်း ခဏနေတော့ အပြင်ထွက်သွားသည်။

" သား မြန်မြန်စား ကိုးနာရီထိုးရင် ကျောင်းသွား အပ်ရမယ် "

www.burmeseclassic.com



" ဟုတ်ကဲ့ မေမေတို့ လုပ်စရာ လုပ်နှင့်သားစားပြီးတာနဲ့ ထွက်ခဲ့မယ် "

အားလုံးထွက်သွားသည်နှင့် ဘိုးဘိုးနတ်သားက ကိုဖြိုးဘေးခုံမှာ ဝင်ထိုင်လိုက်သည်။

ဘိုးဘိုးက ဘာလို့ဝင်မစားတာလဲ "

" သားဖေဖေနဲ့ မေမေတို့ရဲ့ ပစ္စည်းကို ဘိုးဘိုး ယူစားလို့မဖြစ်ဘူး "

" သားပေးရင် ဘိုးဘိုးနတ်သားစားလို့ရလား "

ကိုဖြိုးက ကိတ်မုန့်တစ်ချပ်ယူပေးလိုက်သည်။

" တော်ပြီ မြေးလေးမုန့်တွေ အများကြီးကုန်သွားလို့၊ သားကို အများကြီး စားလိုက်တယ်ဆိုပြီး ဆူနေအုံးမယ်၊"

" သားဗိုက်ဆာလို့ စားလိုက်တယ်ပြောမှာပေါ့၊ ဘိုးဘိုး ယူအုံးမလား "

" တော်ပြီ သား ကျောင်းသွားဖို့လုပ်တော့၊ ရေချိုး အဝတ်အစားလဲရအုံးမယ် မဟုတ်လား "

" သား ကျောင်းကပြန်လာရင် အိမ်မှာ ဘိုးဘိုး နတ်သားရှိနေမှာလား "

" ဘိုးဘိုးလဲ ကျောင်းကို လိုက်ခဲ့မယ်၊ ပြီးရင် ဘိုးဘိုးပြန်လာပြီး မြေးကို အိမ်ကစောင့်နေမယ် "

" သားနဲ့ အမြဲတမ်း ကျောင်းကို လိုက်ခဲ့ပါလား"

" အမြဲတမ်း လိုက်လို့မဖြစ်ဘူး. . . တစ်ခါတလေ တော့ သားနဲ့ အဖော်လိုက်ပေးမယ် "

" ခဏနေရင် သားရေသွားချိုးမယ် "

ဆို့ဖြင့် မကြာခင်မှာပင် ကိုဖြိုးအား ကျောင်းအပ်ရန် ထွက်ခဲ့ကြတော့သည်။

* * *

ညဘက်ရောက်တော့ တီဗွီထိုင်ကြည့်ကြသည်။ မေမေက ပေါက်ပေါက်တစ်ဘူးဖေါက်လိုက်ပြီး သားနှင့် အမေအလှည့်ကျလက်ဆင့်ကမ်းပြီး ဇာတ်လမ်းကို ကြည့်နေကြသည်။

ဘိုးဘိုးက ကိုဖြိုး၏ တစ်ဘက်လွတ်သော နေရာမှာ ထိုင်နေသည်။

မေမေက ပေါက်ပေါက်ဘူးကို ကိုဖြိုးကိုပေးလိုက်





www.burmeseclassic.com

www.burmeseclassic.com



သည်၊ မျက်လုံးများက တီဗွီကမခွာ၊

ကိုဖြိုးလည်း ပေါက်ပေါက်ကို အမြန်နှိုက်ယူလိုက်ကာ ဘိုးဘိုးနတ်သားကို ပေးလိုက်သည်။

ဘိုးဘိုးနတ်သားက ပေါက်ပေါက်ဘူးကို လှမ်းယူလိုက်ကာ ပေါက်ပေါက်ကို နှိုက်ယူလိုက်ပြီး ကိုဖြိုးကို ပြန်ပေးလိုက်သည်။

ဘိုးဘိုးနှင့် ကိုဖြိုးတစ်လှည့်စီနှိုက်ယူစားသောက်နေပေမယ့် မိခင်ဖြစ်သူက မသိပါ။

ဖခင်ဖြစ်သူကတော့ ကိုဖြိုးကို ကျောင်းအပ်ပေးပြီးသည်နှင့် အလုပ်သို့ ပြန်သွားခဲ့ပြီ ဖြစ်သည်။

သို့ဖြင့် ဘိုးဘိုးနှင့် ကိုဖြိုးတို့ ကျောင်းမသွားခင်၊ ကျောင်းမှ ပြန်ရောက်သည်နှင့် တစ်ချိန်လုံး တပူးတွဲတွဲရှိနေသည်။

စာမလုပ်လျှင် ဘိုးဘိုးနတ်သားက စာအုပ်များ ယူလာကာ အတင်းဖတ်ခိုင်းသည်။

စာဖတ်ချိန်၊ စာလေ့ကျင့်ချိန်ကို အမိကထားလုပ်စေသည်၊ အားလုံးပြီးမှ ဘိုးဘိုးက အတူနေခွင့်ပေးသည်။



တစ်နေ့ ဘိုးဘိုးနတ်သားနှင့် ကိုဖြိုးတို့ ခြံထဲမှာ ဘောလုံးကစားနေကြသည်။

လှလှမိုးလည်း ထမင်းဟင်းချက်ပြီးပြီဖြစ်သဖြင့် စားပွဲပြင်ပြီး သားကိုခေါ်ရန် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။

" ဟင် "

" သား ဘောလုံးကန်နေတာပဲ . . . သားကန်တဲ့ ဘောလုံးကို တဖက်ကပြန်ကန်ပေးနေတဲ့ လူလဲမတွေ့ရဘူး၊ ဘုရား . . . ဘုရား . . . ဘာပါလိမ့် ၊

ငါနဲ့ ဈေးမှာ ဆုံတဲ့ အိမ်နီးချင်းတစ်ယောက်က ရှင်တို့အိမ်မှာ သရဲရှိတယ် . . . ရှင်တို့ကို မခြောက်ဘူးလားလို့ မေးဘူးတယ် "

လှလှမိုးလည်း ဈေးမှာကြားခဲ့ရသော စကားကြောင့် သရဲတကယ်များရှိလား သားနဲ့ ကစားနေတာ သူတို့ ပြောတဲ့သရဲကြီးများလားဟု တွေးမိတာသားအတွက် စိုးရိမ် ပိုသွားခဲ့ရသည်။

' ဘုရား . . . ဘုရား . . . သားလေးကို တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



များ လုပ်လိုက်လေမလား

အို . . . . မဟုတ်သေးပါဘူး၊ ငါ့သားကို တစ်ခုခု လုပ်မယ့်ပုံမရှိဘူး၊ ငါ့သား ပျော်နေတာပဲ "

အိမ်ထဲ ပြန်ဝင်ပြီး အိမ်ထဲမှ အသံပေးလိုက်သည်။

" သားရေ ကိုဖြိုး ဘယ်ရောက်နေလဲ ရေချိုးတော့ ထမင်းစားကြမယ် "

" ဟုတ်ကဲ့ မေမေ သားအခုပဲလာမယ် "

" အေး . . အေး . . လာခဲ့ "

ခဏနေတော့ ကိုဖြိုးဘောလုံးပိုက်ပြီး အိမ်ထဲဝင်လာသည်။

' ကဲ . . သား ရေချိုးလိုက် ထမင်းစားကြမယ် "

ကိုဖြိုးလည်းအထဲဝင်လာပြီး၊ အိမ်ခန်းထောင့်မှာ ဘောလုံးကို သိမ်းလိုက်သည်။

ပြီးနောက် ရေချိုးပြီး အဝတ်အစားလဲရန် အိမ် အပေါ်ထပ်သို့ ပြေးတက်လိုက်စဉ် လှေကားခြေရင်းမှ နောက်သို့ လန်ကျသွားသည်။

အခန်းထောင့်မှာ ရှိနေသော ဘောလုံးက နောက်





သို့ လန်ကျသွားသော ကိုဖြိုး၏ ခေါင်းအောက်သို့ ရောက်ရှိသွားသည်။

" အို . . . လန့်လိုက်တာ "

လှလှမိုးကလည်း ကိုဖြိုးအဖြစ်ကိုမြင်၍ လန့်အော်လိုက်သည်။

ဘောလုံးကြောင့် ကြမ်းပြင်နှင့် ခေါင်းဆောင့်မိခြင်း ဒဏ်ကကင်းဝေးသွားရသည်။

" သားရယ် ဖြေးဖြေးတက်မှပေါ့

" ကဲ . . . သား၊ အိမ်ပေါ်တက်မနေနဲ့တော့၊ ရေသာသွားချိုး မေမေအဝတ်အစားယူပြီး လာခဲ့မယ် "

အိမ်ကြီးက တစ်ထပ်အိမ်ဆိုပေမယ့်၊ အိမ်ရှေ့ဧည့်ခန်းကတစ်ထပ်ဖြစ်ပြီး၊ အိမ်အလယ်လောက်မှ နောက်ပိုင်းတို နှစ်ထပ်လုပ်ထားသည်။

အလယ်မှ လှေခါးဖြင့် အပေါ်ထပ်သို့ တက်ရသည်။ အိမ်အပေါ်ထပ်တွင် တံခါးအမြဲပိတ်ထားသော အိပ်ခန်းတစ်ခန်းရှိသည်။ ထိုအခန်းက ခေါင်းရင်းပိုင်းတွင် ရှိပြီး ခြေရင်းဘက်တွင် နှစ်ခန်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တွင် ထမင်းစားခန်း၊ ရေချိုးခန်း၊ စတိုခန်း၊ ဧည့်ခန်းတို့ဖြင့် ဖွဲ့စည်းထားသည်။

လှလှမိုးလည်း ရေချိုးပြီးသော သားဖြစ်သူအား အဝတ်အစားလဲပေးလိုက်သည်။ အဝတ်အစားလဲ ပေးနေရင်းက စိတ်ထဲမှမရှင်းလင်းသော စောစောကမြင်ခဲ့သည့် ကိစ္စကို မေးမြန်းစုံစမ်းလိုက်သည်။

" သားကို မေမေတစ်ခုမေးမယ် "

" မေမေက ဘာကိုမေးမှာလဲ "

" သားအခုတစ်လော တစ်ယောက်ထဲ စကားတွေ ပြောနေတာတွေ့ရတယ်၊ တဖက်ကလူတော့ မတွေ့ရဘူး။

" မနေ့ကလဲ မမြင်ရတဲ့ လူနဲ့ သားဘောလုံးကစားနေတာ မေမေတွေ့ရတယ်၊

စောစောက သားချော်လဲတော့ သားခေါင်းမဆောင့်မိအောင် ခေါင်းအောက်ကို ဘောလုံး လှိမ့်ထည့်လိုက်တာ မေမေမြင်လိုက်ရတယ်. . . အဲဒါ ဘယ်သူလဲ"

" ဘယ်သူမှ မရှိပါဘူး "

" မေမေအမြင်မမှားဘူး၊ တဖက်ကလူကို မမြင်ရ



ပေမယ့်၊ သားနဲ့အတူရှိနေတာ မေမေသိတယ်၊ ဘယ်သူလဲ သားမြင်ရတယ် မဟုတ်လား "

ထိုသို့မေးရာ ကိုဖြိုးလည်း အနီးမှာ ရပ်နေသော ဘိုးဘိုးနတ်သားဘက်သို့ လှည့်ကြည့်လိုက်သည်။

ဘိုးဘိုးနတ်သားက ခေါင်းခါပြနေသည်ကို တွေ့လိုက်သဖြင့် ဘာမှမပြောဖြစ်တော့၊

" သားနဲ့တွေ့နေတာ ဒီအိမ်ကြီးက သရဲကြီးပဲ ဖြစ်မယ် ဟုတ်တယ်မဟုတ်လား "

" မဟုတ်ပါဘူးဆို ဘယ်ကသရဲမှလဲ မရှိဘူး၊ ဘိုးဘိုးနတ်သားပဲရှိတယ် "

" ဘယ်မှာလဲ "

" ဟိုမှာ "

လှလှမိုးက ကိုဖြိုးလှမ်းပြသော နေရာကို လှည့်ကြည့်လိုက်သည်၊ ဆော့ကုလားထိုင်ကြီးက ရှေ့နောက်သိမ်းထိုး လှုပ်ရှားနေသည်ကို တွေ့လိုက်ရသည်။

" အို . . . သရဲ "

" သရဲမဟုတ်ပါဘူး . . . ဘိုးဘိုးနတ်သား "

www.burmeseclassic.com

www.burmeseclassic.com



" လာ သား နောက်ကို ဘယ်သူပဲဖြစ်ဖြစ် ကိုယ်နဲ့ မသိ၊ မဆိုင်တာတွေ လျှောက်မပြောရဘူး "

" မဖြစ်ဘူး . . . မဖြစ်ဘူး . . . ဒီတစ်ခါ သား အမေပြန်လာရင် ဒီအိမ်ကပြန်ပြောင်းဖို့ ပြောရတော့မယ် "

ထိုသို့ ပြောလိုက်သည်နှင့် လှုပ်နေသော ကုလား ထိုင်က ရုတ်တရက်ရပ်သွားသည်။

" မေမေက ဘာတွေလျှောက်ပြောနေတာလဲ . . ဘိုးဘိုးနတ်သား စိတ်ဆိုးသွားပြီ "

" ဘိုးဘိုး နတ်သားပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ လာ နောက်ကို ဒီနားဘယ်တော့မှ မလာနဲ့ "

" ဘိုးဘိုးနတ်သားဆီ သားသွားစရာမလိုပါဘူး ဘိုးဘိုးနတ်သားက သားနားမှာ အမြဲရှိတယ် "

" တော် . . . ဒီကလေး . . . ပြောလေကဲလေပဲ "

သားကထိုသို့ပြောလေလေ့လေ့မိုးတ ကြောက်လေ ဖြစ်သည်။ သို့ကြောင့်ထမင်းစားခန်းထဲသို့ သားလက်ကို ဆွဲပြီး ဝင်လာခဲ့သည်။

ဘယ်သူမှ ဝင်မလာရန် တံခါးကို ချက်ချပြီး ပိတ်





လိုက်သည်။

ကိုဖြိုးတို့ ထမင်းစားနေစဉ် ဘိုးဘိုးနတ်သားက တံခါးမဖွင့်ပဲ တိုးပြီးဝင်လာသည်ကို ကိုဖြိုးမြင်လိုက်သဖြင့် ပျော်သွားသည်။

ထို့နောက်ထမင်းကို ဆက်၍စားနေလိုက်သည်၊ ဘိုးဘိုးနတ်သားက ကိုဖြိုးအနီးရှိ ခုံမှာလာထိုင်နေသည်။

မေမေရှိနေ၍ ကိုဖြိုးစကားမပြောဖြစ်၊ မေမေလစ် သည်နှင့် စားစရာများကို ထိုး၊ ထိုးပြီး ပေးနေသည်။

" သားပန်းကန်ထဲက ဟင်းတွေ အကုန်မြန်လိုက် တာ "

" သားစားကောင်းလို့ စားနေတာပါ "

" စားကောင်းတယ်ဆိုလဲ ဝအောင်သာ စား၊ ဗိုက် အောင့်တော့ မစားနဲ့ "

မေမေ ပန်းကန်ဆေးသိမ်းဆည်းနေစဉ် ကိုဖြိုးနှင့် ဘိုးဘိုးတို့ စိတ်ကြိုက်ဖြစ်နေသည်၊

" သား ဟင်းစားကြီးလိုက်တာ၊ ကဲ လက်ဆေး ပြီး မေမေကို စောင့်အုံး၊ ပြီးမှ အတူတူအိပ်ပေါ်တက်ကြ



www.burmeseclassic.com

www.burmeseclassic.com



မယ် "

ထို့နောက်တော့ အားလုံးသိမ်းဆည်းပြီးသည်နှင့်

လှလှမိုးလည်း တီဗွီကို အမြဲတမ်း ကြည့်နေရာမှ မကြည့်

ဖြစ်တော့ဘဲ၊

အိမ်အပေါ်ထပ်သို့ တက်ခဲ့ပြီး အိပ်ခန်းတွင်တန်

ဝင်ခဲ့သည်၊

* * *

လှလှမိုးလည်း ယောက်ျားဖြစ်သူ ကုမ္ပဏီသို့ ဖြ

ရောက်လာပါက အိမ်သို့မဖြစ်မနေ ပြန်လာရန် အကြောင်း

ကြားထားသည်၊ တစ်ပတ်ပင် ကျော်ခဲ့ပြီ၊ ယောက်ျားဖြစ်သူ

ကိုစိုးနိုင်ရောက်မလာ၊

ထိုအချိန်တွင်း ဩစတြေးလျတွင် ရှိသော အိမ်

ပိုင်ရှင် မျိုးအောင်မှာ ရန်ကုန်သို့ ပြန်ရောက်နေသည်၊ မိခင်

ဖခင်တို့ ခေါင်းချခဲ့ရာ အိမ်ကြီးကို လာပြန်ရောင်းခြင်း

လည်း ဖြစ်သည်၊

မိဘများ အသက်ထင်ရှားရှိစဉ်က ဩစတြေးလျ

တွင် လာရောက်နေထိုင်ရန် အကြိမ်ကြိမ်ခေါ်သော်လည်း





သေသည်အထိ ခေါင်းချသွားသော အိမ်ကြီးကို ကုမ္ပဏီ

အား အပ်ပြီး ရောင်းခိုင်းထားခဲ့သည်၊

ယခု ကုမ္ပဏီက အရောင်းအဝယ်ကိစ္စဖြစ်မည်၊

အမြန်လာခဲ့ရန် အကြောင်းကြားသဖြင့် ရန်ကုန်သို့ ပြန်လာ

ခဲ့ခြင်းဖြစ်သည်၊

ဝယ်မည့်သူများနှင့် စကားပြောဆိုပြီး၊ ကုမ္ပဏီမှ

ကိုယ်စားလှယ်တစ်ဦး ဝယ်မည့်လူနှစ်ဦးတို့ အိမ်ကြီးကို

ကြည့်ရန် လာခဲ့ကြသည်၊

မျိုးအောင်က အိမ်ကြီးကို ရောင်းလိုက်ရ၍ စိတ်

မကောင်းဟုဆိုကာ မလိုက်လာပဲနေခဲ့သည်၊

ထို့နောက် အိမ်ခြံဝသို့ ပွဲစားနှင့် အိမ်ကြည့်မည့်

လူများရောက်လာကြသည်၊

လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည့် အတွက်

လှလှမိုးခြံရှေ့ထွက်ခဲ့သည်၊

" ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ "

" ဒီအိမ်ပိုင်ရှင်က ရောင်းမယ်ဆိုလို့ ဝယ်ဖို့လာ

ကြည့်ကြတာ "

www.burmeseclassic.com



" ကျွန်မတို့က နှစ်ချုပ်နဲ့ ဒီအိမ်ကို ငှားထားတာ"

" ကဲ မိန်းကလေး၊ တံခါးဖွင့်ပေးပါ

မင်းတို့ အိမ်ငှားကိစ္စကို ကုမ္ပဏီနဲ့ ရှင်း၊ မင်းတို့ကို ငှားပေးထားတဲ့၊ ကုမ္ပဏီကပဲ အရောင်းအဝယ်လုပ်တာ"

ထို့ကြောင့် လှလှမိုးလည်း အိမ်ထဲဝင်ရန် ခြံတံခါး ဖွင့်ပေးလိုက်သည်။

အိမ်ကြည့်မည့်လူများနှင့် ကုမ္ပဏီက လူတို့အိမ်ထဲ ဝင်ကြည့်ကြသည်။

ခဏမျှရပ်ကြည့်အကဲခတ်ပြီး

" အိမ်ကိုတော့ ကြိုက်ပြီ၊ ဈေးလည်းသင့်တယ် "

" ကဲ မိန်းကလေးတို့ သုံးရက်အတွင်း ပြောင်းပေးဖို့ပြင်ဆင်ပါ "

" ဒီနေ့ည အရောင်းအဝယ်စာချုပ်ချုပ်ကြမယ် "

ထိုအချိန်တွင် အပေါ်ထပ်ရှိ အမြဲတမ်း ပိတ်ထားသော အခန်းတွင်းမှ ဘိုးဘိုးနတ်သားမျက်နှာကြီး သုံးမွှာနှင့် ထွက်လာသည်ကို ကိုဖြိုးတွေ့လိုက်ရသည်။



ခါတိုင်း ထိုမျက်နှာမျိုး ကိုဖြိုးမမြင်ဘူးခဲ့။

လှေကားထိပ်မှာ တောင့်တောင့်ကြီးရပ်နေသည်ကို ကိုဖြိုးမှလွဲ၍ အားလုံးမမြင်ရ။

" ဝုန်း . . . ဝုန်း . . . . ဝုန်း "

" ဂျိန်း . . . ဂျိန်း . . . ဂျိန်း "

" ဝရုန်း . . . ခွမ်း . . . "

တစ်အိမ်လုံးလှုပ်ခါ၊ ငလျင်တော်လဲနေသည့်ပမာသက်မဲ့ ပစ္စည်းအားလုံး လှုပ်ရှားနေသည်။

ဘီရိုကြီးများက ပစ်လဲကျတော့မည့်အလားလှုပ်ခါ နေသည်။

လေမတိုက်ပါဘဲနှင့် ပြတင်းတံခါးများ တဝုန်းဝုန်း ရိုက်ခတ်နေသည်။

ပြတင်းလိုက်ကာများကလည်း လေပြင်းတိုက်သည့်နှယ် လေမှာ လှုပ်ခါရမ်းနေသည်၊

စားပွဲပေါ်မှ ပစ္စည်းများလည်း အောက်သို့ကျကာ ကွဲသည့်ပစ္စည်းက ကွဲကုန်သည်။

" ဟာ မဖြစ်ဘူး . . . မဖြစ်ဘူး . . . ဒီအိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သရဲရှိတယ် . . ဒီအိမ်ဝယ်လို့ မဖြစ်ဘူး "

" လာ ပြန်ကြမယ် "

အိမ်လာကြည့်သောလူများ မျက်စေ့မျက်နှာပျက်ကာ အိမ်ကြီးအတွင်းမှ အပြင်သို့အမြန်ပြေးထွက်သွားသည်။

ထိုလူများအပြင်ပြန်ရောက်သည်နှင့် အိမ်ကြီးတဘာမှမဖြစ်ခဲ့သလို ပြန်ပြီးငြိမ်ကျသွားသည်။

လှလှမိုးကလည်း ကြောက်လန့်ပြီး ကိုဖြိုးကို ဖက်ထားကာ ကြက်သေသေလျက် ပါးစပ်အဟောင်းသားဖြစ်နေသည်။

ထိုအချိန်ဘိုးဘိုးနတ်သားက လှေကားပေါ်မှ တစ်လှမ်းခြင်း ဆင်းလာသည်။

" ဟင် . . . သား ဟိုမှာ လှေခါးပေါ်က ဆင်းလာတာ သားပြောတဲ့ ဘိုးဘိုးနတ်သားလား "

" ဟုတ်ကဲ့ မေမေလည်း မြင်ရပြီလား "

" မြင်ရပြီ "

ဘိုးဘိုးနတ်သားမျက်နှာမကောင်းသည်ကို ကိုဖြိုး



တို့သားအမိ မြင်လိုက်ရသည်။

" ကဲ မြေးတို့သားအမိ . . . ဘိုးဘိုးအကြောင်းသိသင့်ပြီ ထင်တယ်၊

ဘိုးဘိုးနတ်သား မဟုတ်ပါဘူး၊ ဟိုးအဝေးရောက်နေတဲ့ သားကို မျှော်မှန်းတမ်းတနေတဲ့ စိတ်ကြောင့်ရယ်၊ သူ့အမေ ခေါင်းချသွားတဲ့ နေရာဖြစ်တာကြောင့် သွားသင့်တဲ့နေရာ မသွားနိုင်သေးတဲ့ ဝိညာဉ်တစ်ကောင်ပါ၊

ဟိုးတစ်ချိန်က အိပ်မက်လေးတစ်ခုမက်ခဲ့တယ်၊

ပညာတတ်ကြီးဖြစ်ချင်တဲ့သားကို ပညာတတ်အောင် သင်စေပြီး သားတတ်တဲ့ပညာနဲ့ မိဘတွေ၊ ဆွေးမတွေ၊ မြေးတွေနဲ့ အတူတကွ ပျော်ပျော်ရွှင်ရွှင်နေချင်တဲ့ အိမ်မက်တစ်ခုပေါ့၊

ဒါ့ကြောင့် ပညာတတ်ကြီးဖြစ်အောင် သားရဲ့ ဆန္ဒအတိုင်း ဩစတြေးလျမှာ ပညာသင်ဖို့ လွှတ်ခဲ့တယ်၊

အင်ဂျင်နီယာကြီးဖြစ်သွားတဲ့သားက မိဘတွေဆီ ပြန်မလာတော့ဘဲ၊ ဘွဲ့ရတာနဲ့ အဲဒီတိုင်းပြည်မှာပဲ အလုပ်ဝင်လုပ်ခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



သားစိတ်နဲ့ အိပ်ရာထဲ ဘုံးဘုံးလဲနေတဲ့ မိခင်ကြီးက သားဘယ်နေ့ပြန်လာမလဲ မျှော်လင့်ချက်နဲ့ ကုတင်ပေါ်ကချခိုင်းပြီး၊ ကုလားထိုင်လေးပေါ်မှာ တစ်နေ့ လုံးထိုင်လို့ အခန်းပြင်ကို အမြဲငေးနေခဲ့တယ်၊

တစ်နေ့သားဆီက ဖုန်းရောက်လာတယ် "

" အဖေသားလစဥ်ပို့တဲ့ ပိုက်ဆံရတယ်မို့လား သားအလုပ်တွေများနေတယ်၊ အဖေတို့အမေတို့ နေ ကောင်းတယ်မို့လား "

" အေးကောင်းကြပါတယ်၊ ဒါပေမယ့် သားဖေဖေ နဲ့မေမေတို့က သားလစဥ်ပို့တဲ့ပိုက်ဆံထက် သားပြန်လာ တာကိုပဲ မျှော်နေကြတာ "

" သားအမေဆို ဘယ်နေ့ပြန်လာမှာလဲပဲ မေးနေ တာ၊ သားမင်းမေမေနဲ့ စကားပြောလိုက်အုံး "

ဖခင်ဖြစ်သူ ဖုန်းအိမ်ကို မိခင်နှင့် ပြောရန် မိခင် အနီးသို့ ယူလာခဲ့သည်။

ထိုအချိန်သားဖြစ်သူက ဖုန်းချသွားသည်၊

ဖုန်းခေါ်မည့်အသံကို နားစွင့်ရင်း ဖုန်းအိမ်ကို





ကြည့်နေသော မိခင်၏မျက်လုံးမှ မျက်ရည်များက တလိမ့် လိမ့်ကျနေသည်။

" သားကအလုပ်မအားလို့ ဖြစ်မယ် အမေကြီး နောက်တစ်ခါ ဖုန်းလာတာနဲ့ မေကြီးနဲ့ အရင်ပြောခိုင်း မယ်"

" ဒါပေမယ့် အဲဒီနှစ်မှာပဲ သားဆီက လစဥ်မှန် မှန် ငွေရောက်ပေမယ့် ဖုန်းလဲမလာ လူလဲရောက်မလာ ခဲ့ဘူး။

သူ့အမေလဲ သားစိတ်နဲ့ ကွယ်လွန်သွားတာပေါ့"

သူ့အမေသေလို့ အကြောင်းကြားလိုက်မှ သားနဲ့ ချွေးမ၊ ငါးနှစ်အရွယ်မြေးလေးနဲ့အတူ ရောက်လာကြ တယ်။

သားက မျက်ရည်ကျပေမယ့် ချွေးမက အိမ်မှာ တစ်နာရီလောက်ပဲနေပြီး သူ့မိဘတွေရှိတဲ့ မကွေးကိုပြန် သွားတယ်၊ မြေးလေးကိုတော့ ထားခဲ့တယ်။

ငါ့မြေးလေးက ကိုဖြိုးထက် နဲ့နဲ့ငယ်ပေမယ့် အပြောအဆိုအနေအထိုင် အပြုံးလေးတွေက ကိုဖြိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော်တော်တူတယ်၊

ငါ့ကိုလဲ ခဏာလေးတွေ့ကြပေမယ့်၊ အဘိုးမှန်းသိပြီး ချစ်ခဲ့တယ်၊

မင်းတို့ မိသားစုကို ဒီအိမ်မှာနေဘို့လက်ခံလိုက်တာလည်း ငါ့မြေးလေးနဲ့ တထေရာတည်းတူတဲ့ ကိုဖြိုး ကြောင့်ပဲ၊

ကိုဖြိုးကလည်း ငါ့ကို ချစ်ခဲ့တယ်၊

ကဲ ငါ့သားအကြောင်းဆက်ပြောရအုံးမယ်၊ သူ့အမေရက်လည်ပြီး နှစ်ရက်မြောက်တော့ သူတို့တည်းခိုနေတဲ့ ဟိုတယ်ကနေ မိသားစုသုံးယောက်ရယ်၊ အခြားတစိမ်းသုံးယောက်ရယ် အိမ်ကိုရောက်လာကြတယ်။

ငါ့ကိုရှေ့ထားပြီး အိမ်ကို အရောင်းအဝယ်စကားပြောကြတယ် "

ငါလှေကားအလယ်မှာရပ်ပြီး ငါ့ခန္ဓာကိုယ် ဘဆတ်ဆတ်တုန်လာတယ်၊ ငါ့ဒေါသတွေ ပေါက်ကွဲသွားတယ် ငါ့သားကိုလဲ ဆူဆဲ ပစ်လိုက်တယ်၊

အိမ်ဝယ်လာတဲ့ လူတွေကိုလဲ မောင်းထုတ်ပစ်



ခဲ့တယ် "

" မင်းဘယ်လိုရောင်းရောင်းငါဒီအိမ်ကမဆင်းပေးနိုင်ဘူး။ မဖြစ်မနေရောင်းမှဖြစ်မယ်ဆိုရင် ငါ့ကိုသတ်သွားကြ "

" မဟုတ်သေးပါဘူး။ အဖေရာ မနက်ဖြန်သားတို့ပြန်တော့မှာ အဖေ့ကိုလဲ အပြီးခေါ်သွားမှာ အဖေ့ကို ဒီမှာတစ်ယောက်ထဲ မထားခဲ့နိုင်ပါဘူး "

"ငါဒီမှာနေတာ တစ်ယောက်ထဲမဟုတ်ဘူး၊ သားအလောကိုမျှော်ရင်းသေသွားရတဲ့ မင်းအမေရဲ့ ဝိညာဉ်ရှိတယ်၊

မင်းအမေရဲ့ ဝိညာဉ်ကို ပစ်ထားခဲ့ပြီး၊ ဒီအိမ်ကြီးက ငါဘယ်တော့မှမသွားဘူး၊

ငါတို့ မျှော်လင့်တာက သားပြန်လာမယ့်အချိန်ကို မျှော်လင့်နေခဲ့ကြတာ၊

သားက ပြန်မလာတဲ့အပြင် ငါတို့လင်မယားကို သေကွဲခွဲဖို့ ကြံနေတာ၊ ငါဘယ်တော့မှ မလိုက်ဘူး၊ ငါ့အိမ်ကို ဘယ်သူမှ လာရောင်းလို့မရဘူး "

www.burmeseclassic.com

www.burmeseclassic.com



" ယောက်ျားဒီလောက်ခေါင်းမာတဲ့ အဘိုးကြီး ထားခဲ့ . . . ပြန်ကြမယ် "

" ဖေဖေ ဘိုးဘိုးကိုခေါ်သွားမယ်၊ ဘိုးဘိုးမလိုက် ရင် သားဘိုးဘိုးနဲ့ နေခဲ့မယ်၊ "

" လာစမ်း စကားမရှည်နဲ့ "

မိခင်ဖြစ်သူက သားလေးလက်ကို ဆောင့်ဆွဲပြီး အိမ်ပြင်သို့ ထွက်သွားသည်။

" သား မလိုက်ဘူး "

" ဖေဖေ သားမလိုက်ဘူး ဘိုးဘိုးရေ "

" အိမ်ဝမှ မြေး၏အော်ငိုသံကြောင့် ငါ့ရဲ့ရင်ထဲ အတော်ခံစားလိုက်ရတယ်၊ ဒါပေမယ့် သူ့အဖွားရဲ့ ခေါင်း ချတဲ့ နေရာကို ပစ်ပြီး ငါမသွားနိုင်ဘူး "

" အဖေဆုံးဖြတ်ချက်မပြင်တော့ဘူးလား "

" အေး . . . ငါ ဒီမှာပဲ နေမယ် . . မင်းအမေရဲ့ ဝိညာဉ်နဲ့ အတူနေမယ် "

ထိုစဉ်မှာပဲ အိမ်ပြင်ရှိ အငှားကားပေါ်မှ ချွေးမက ဟွန်းသံအဆက်မပြတ်နှိပ်ကာ ယောက်ျားထွက်လာအောင်





ုပ်နေသည်။

" ငါ့သားက ငါ့ကို စကားအပြတ်ပြောပြီး အိမ်ပြင် ပြေးထွက်သွားတယ်၊

ငါလဲ ပြေးထွက်သွားတဲ့သားကို အချိန်မီလှမ်း တားမလို့ လှေကားအလယ်က ပြေးအဆင်း ခလုတ်တိုက် ပြီး လှေကားအလယ်ကနေ အောက်ခြေကြမ်းပြင်ပေါ် မျက်နှာ အပ်ပြီး ပစ်ကျသွားခဲ့ရတယ်၊

နာကျင်တာတွေ ဂရုမစိုက်နိုင်အောင် ကုန်းရုန်း ထပြီး အိမ်ဝပြေးထွက်ခဲ့တယ်၊

ငါအိမ်ဝလဲ ရောက်ရော သားတကားပေါ်တက် နေပြီ ငါလှမ်းခေါ်လိုက်ပေမယ့် ကားကခြံပြင်ကို မောင်း ထွက်သွားတယ်၊

အိမ်ပြင်မှာ ရပ်ကြည့်နေတဲ့ ငါ့ကို မမြင်တာလား၊ ကြည့်ချင်တော့တာလားမသိ၊ ငါ့မျက်စေ့အောက်က ကား နဲ့အတူ ဝေးသထက်ဝေးအောင် ထွက်သွားခဲ့ကြတယ်၊

" ငါလဲ ဒီတသက် ငါနဲ့ငါ့သား ဝေးသွားကြပြီဆို တာ သိလိုက်ရလို့၊ စိတ်မကောင်းစွာနဲ့ အိမ်ထဲ ပြန်ဝင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊

အိမ်ထဲ ရောက်တော့ ကြမ်းပြင်မှာ မှောက်ရက်လဲနေတဲ့ လူတစ်ယောက်ကို တွေ့လို့ ထူပေးမယ်ဆိုတဲ့စိတ်နဲ့ အနားသွား ဒူးထောက်ထိုင်လိုက်တယ်၊

ငါအသေအချာမြင်လိုက်ရတာက ငါ့ရုပ်ကိုမှန်ထဲမှာ မြင်နေရသလိုပဲ၊

ကြမ်းပြင်ပေါ်က လူဟာ ငါဖြစ်နေမှန်းတွေ့လိုက်ရမှ ငါသေသွားမှန်းသိရတယ်

ငါမသေခင်က ငါ့ဇနီးဒီအိမ်ကြီးထဲမှာ ဝိညာဉ်အဖြစ် ရှိနေမှာပဲလို့ တစ်ထစ်ချ ယုံကြည်ခဲ့တယ်။

ငါသေပြီးတဲ့နောက် ငါ့ဇနီးကို အိမ်ထဲမှာ ရှိအုံးမယ်အထင်နဲ့ လှမ်းခေါ်တယ်၊ လှည့်ပတ်ရှာခဲ့တယ်၊ သားအပေါ် သံယောဇဉ်ကြီးတဲ့စိတ်နဲ့ သေသွားတဲ့ ဇနီးကတော့ သံယောဇဉ်ဖြတ်နိုင်သွားလို့လား၊ တရားမြင်သွားလို့လား မသိဘူး၊ ဟိုး ကောင်းကင်ပေါ်ရောက်သွားပြီဆိုတာ သိလိုက်ရတယ်၊

ငါ့မှာတော့ ယောက်ျားကြီးတန်မဲ့ သံယောဇဉ်

မိုးစာပေ



တစ်ပိုင်းတစ်စကြောင့်၊ ဒီအိမ်ကမခွာနိုင်ဖြစ်နေရတယ်၊

ငါ့သားနဲ့ ငါ့မြေးကို ငါမျှော်လင့်ချင်သေးတယ်၊ သူတို့တစ်နေ့ ငါ့ဆီကို လာမယ်ဆိုတာ သိနေတယ်၊ ငါ့မြေးလောလဲ ငါ့သားလာရင်ဖြစ်တယ်၊ ကိုဖြိုးလေးက ငါ့မြေးရဲ့ တိုယ်ပွားလေးပဲ၊

အခု ငါ့သားရန်ကုန်ရောက်ပြီး ငါမရှိတော့ဘူးထင်လို့ အိမ်ရောင်းမလို့လုပ်နေတယ်၊ ငါ့ဆန္ဒမပြည့်ဝမချင်းဘယ်တော့မှ မရောင်းရဘူး၊

ငါ့အိမ်ကို ဘယ်သူမှ လာမနေရဘူး၊ ဒါ့ကြောင့်သာသမျှအိမ်ငှားတွေကို ခြောက်လှန့်မောင်းထုတ်ပစ်နေတာ၊

ငါမင်းတို့မိသားစုကို မခြောက်၊ မလှန့်၊ မမောင်းထုတ်ပါဘူး၊ ဒီအိမ်က ပြောင်းမယ်ဆိုတဲ့ စကားမပြောပါနဲ့ ငါ့မြေးကိုယ်စား ကိုဖြိုးလေးကို ချစ်ပါရစေ ”

“ ကိုဖြိုးရဲ့ ကျောင်းကိစ္စ၊ အားလုံးအဆွေင့်အယှက်ဖြစ်ဘူးဆိုရင် ကျွန်မတို့ မပြောင်းတော့ပါဘူး ”

“ ဝမ်းသာလိုက်တာ၊ ငါ့မြေးကိုဖြိုး . . . . မြေးတုံး

မိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘိုး အနှောင့်အယှက်ပေးလားပြော ”

“ ဟာ ဘိုးဘိုးနတ်သားက သားစာမကျက်ဘဲ ဆ

ငိုက်နေရင်တောင် ဆူညံပူညံလုပ်တာ မေမေမှမသိဘဲ

“ ကောင်းပါပြီတော်၊ ကောင်းပါပြီ သားနဲ့ ဘိုး

ကို မေမေ မခွဲတော့ပါဘူး ”

လှလှမိုးလည်း ဦးလေးကြီးပြောပြသော အဖြ

အပျက်များကို နားထောင်ပြီး စိတ်မကောင်းလည်း ဖြ

သွားရသည်၊ ကြောက်စိတ်များလည်း လျော့ပါးသွားသည်

* * *

မကြာခင်သောရက်တွင် ကုမ္ပဏီမှ ယောက်ျား

သူ ကိုစိုးနိုင်ပြန်ရောက်လာသည်။

လှလှမိုးလည်း အဖြစ်အပျက်များကို ပြောပြလို

သည်။

ကြားလိုက်ရသော စကားကြောင့်ကိုစိုးနိုင်လည

မယုံကြည်နိုင်လောက်အောင် အံ့ဩသွားရသည်။

“ ဒါဆိုရင် ကိုယ့်ရဲ့ဆရာသမားကိုးကွယ်တဲ့ ဆ

တော်ဆီ ပို့နိုင်းပြီး၊ ဘာလုပ်သင့်လဲ လျှောက်တင်ကြ



ရမယ် ”

ကိုစိုးနိုင်လည်း ခွင့်ငါးရက်ရသည်အတွက် အချိန်

မဆိုင်းဘဲ အလုပ်မှ ဆရာအကူအညီနှင့် သရက်တော

ကျောင်းတိုက်သို့ လာခဲ့ကြသည်၊

ဆရာတော်အဆင်သင့်ရှိသဖြင့် ကိုစိုးနိုင်လည်း

အဖြစ်အပျက်များကို လျှောက်တင်လိုက်ရာ ဆရာတော်က

အကြံဉာဏ်ပေးပါသည်။

“ ဒကာကြီး ပြောစကားအရဆိုလျှင် သူ့သားကို

မျှော်လင့်တဲ့စိတ်နဲ့ မခွာနိုင်ဖြစ်နေရတာ သားဖြစ်သူနိုင်ငံ

ခြားကို မပြန်ရသေးဘူးဆိုရင် သူ့ကိုနားချရှင်းပြသင့်တယ်၊

သူ့သားကိုယ်တိုင် အမျှဝေတဲ့ အသံကိုကြားပြီး၊

ဖခင်ကိုယ်တိုင်သာဓုခေါ်သင့်တယ်၊

ဘယ်လိုမှ ခေါ်လို့မရ၊ နားချလို့ မရရင်၊ သူ့မြေး

အမှတ်နဲ့ စိတ်စွဲနေတဲ့ ကိုဖြိုးကို တရားနာဖို့ ဖိတ်ခေါ်ခိုင်း၊

ကိုဖြိုးကိုအမျှဝေခိုင်း၊ သူစိတ်ပါလက်ပါနဲ့ သာဓုခေါ်မယ်

ဆိုရင် ဒီဘဝက လွတ်ကျွတ်နိုင်မှာပေါ့ ”

ဖြစ်သင့်တာက သားကိုယ်တိုင်လာပြီး အမျှဝေ

စိုးစာပေ

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရင် အကောင်းဆုံးပေါ့ ဒကာရယ် ”

“ တပည့်တော် သူ့သားနဲ့ သွားတွေ့လိုက်ပါ့မယ် ဘုရား၊ သူ့သားမလာမှသားလေးကို အမျှဝေခိုင်းပါ့မယ်”

“ အိမ်း ကောင်းတယ် ”

“ တပည့်တော်တို့ကို ခွင့်ပြုပါအုံးဘုရား ”

ကိုစိုးနိုင်တို့ ဆရာတပည့်နှစ်ယောက် ဆရာတော်အား ဦးချပြီး ဘုန်းတော်ကြီးကျောင်းမှ ပြန်လာခဲ့ကြသည်။

* * *

“ ကျွန်တော်ပြောတာ တကယ်အမှန်တွေပါ၊ ခင်ဗျား အိမ်ထဲက ပြန်အထွက်မှာ လှေကားပေါ်က ပြုတ်ကျပြီး သေသွားတဲ့စိတ်ကြောင့် ခင်ဗျားကို စွဲလန်းပြီး မကျွတ် မလွတ်သေးတာပါ ”

“ မဆိုင်ဘူး ကိုစိုးနိုင်၊ သူက ကပ်စေးနဲ ဒီအိမ်ကြီးကို စွဲလန်းတပ်မက်နေတာ ကျုပ်ကိုတမ်းတနေတာ မဟုတ်ဘူး၊

ကျုပ်ကို ချစ်တယ်၊ တမ်းတတယ်ဆိုရင် ကျုပ်လာခေါ်ကတည်းက ကျုပ်နဲ့အတူ လိုက်ခဲ့ရမှာပေါ့၊



အခုတော့ သေသွားတဲ့ အမေ့ကို မခွဲနိုင်လို့ အကြောင်းပြ၊ အမှန်က ပစ္စည်းတွေကို မခွဲနိုင်တာ ဒီအိမ်ကြီးကို စွဲလန်းနေတာ ”

“ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ အရင်းအချာဆုံးသွေးသားဆိုလို့ ခင်ဗျားပဲရှိတာ.ကျွန်တော်ကခွင့်ငါးရက်ရထားတာ အခုနှစ်ရက်တုန်သွားပြီ၊ ဒါ့ကြောင့် သန်ဘက်ခါနေ့ဆွမ်းဘုန်းကြီးငါးပါးကပ်ပြီး ခင်ဗျားအမေနဲ့ အမေအတွက် အကျွတ်အလွတ်ဒါနပြုပေးမယ်၊ ခင်ဗျားလာပြီး အမျှပေးဝေစေချင်တယ် ”

ဒါဆိုခင်ဗျားအမေစိတ်ဖြောင့်ဖြောင့်နဲ့ သွားနိုင်လိမ့်မယ်၊

တစ်ခုပြောချင်သေးတယ်၊ ကျွန်တော်တို့ကို သံယောဇဉ်ရှိတာမဟုတ်ဘူး၊ အိမ်ကြီးကို မှက်နေတာလို့ ပြောခဲ့တယ် . . . ကျွန်တော်တော့ အဲဒီလိုမထင်ဘူး ”

“ ဘာကြောင့်လဲ ”

“ ခင်ဗျားသားနဲ့ ကျုပ်သားက ရုပ်ချင်းဆင်တယ် အသုံးနီးပါးတူတယ်၊ ငါ့မြေးနဲ့တူလို့ မင်းတို့မိသားစုကို

www.burmeseclassic.com



မောင်းမထုတ်ပဲ ဒီအိမ်မှာ ထားခဲ့တာလို့ ပြောတယ်၊

အဲဒီစကားက တစ်သက်လုံးမွေးလာတဲ့ ခင်ဗျား ကို မဆိုထားနဲ့ မနက်ကနေ ညနေအထိ တစ်ရက်ထဲတွေ့ လိုက်ရတဲ့မြေးကို ချစ်တဲ့သံယောဇဉ်ကြောင့်လာသမျှ အိမ်ငှားတွေကို မောင်းထုတ်ခြောက်လှန့်ဖြစ်ပေမယ့် ကျုပ်တို့ကို နေခွင့်ပေးခဲ့တယ် "

" ဒါလဲ သူ့ရဲ့အကြောင်းပြချက်ထဲက တစ်ခုပါပဲဗျာ၊ ဘာပဲဖြစ်ဖြစ် တနေ့က ကျုပ်လွှတ်လိုက်တဲ့လူတွေကို ခြောက်လှန့်လွှတ်လိုက်တာ ကျုပ်စိတ်မကောင်းဘူး၊ ကျုပ်သိက္ခာကျသလို အရောင်းအဝယ်ကလဲ ပျက်သွားပြီ၊ ကျုပ်လဲ ပြန်မလို့ ပြင်ဆင်ပြီးပြီ၊

ဒီအိမ်ကြီးကို မရောင်းဖြစ်တော့လဲ ပြိုကျတဲ့အထိ စောင့်ရတော့မှာပဲ၊ အိမ်ကြီးပြိုသွားမှ သူလဲ နေစရာမရှိ သွားချင်ရာသွားလိမ့်မယ်၊ အိမ်မရှိတော့မှ မြေကို လာရောင်းတော့မယ် "

" ခက်တာပါပဲဗျာ၊ သွေးသားရင်းချာဆိုလို့ ခင်ဗျားပဲရှိတာ၊ ခင်ဗျားက အကြောက်အကန်ငြင်းနေတော့လဲ





ကျုပ်လက်လျှော့လိုက်ပါပြီ "

ဒါပေမယ့် သဘက်ခါနေ့ဆွမ်းကပ်ပြီး ဒါနပြုမယ်၊ နေ့(၁၀)နာရီနဲ့ (၁၁)နာရီပေါ့ဗျာ၊ ကျွန်တော် ပြန်လိုက်ပါအုံးမယ် "

" ကောင်းပါပြီ "

ကိုစိုးနိုင်လည်း ကော်ဇီဆိုင်အတွင်းမှ ကိုမျိုးအောင်ကို နှုတ်ဆက်ပြီးပြန်ခဲ့၏။

* * *

ဘုန်းကြီးများဆွမ်းကပ်ပြီးပြီမို့ အချိုပွဲကိုဆက်ကပ်လိုက်သည်။

ကိုစိုးနိုင်တို့ မိသားစုသုံးယောက်၊ ကိုစိုးနိုင်ဆရာမိသားစုသုံးယောက်ဆွမ်းထမင်းဝိုင်းကူချက်ရှန်ခေါ်ထားသော လင်မယားနှစ်ယောက်အားလုံးမှ လူရှစ်ယောက်သာရှိတယ်၊

ကိုစိုးနိုင်လည်း တရားပွဲမစခင်၊ အပြင်က တစ်ယောက်ယောက်များ လာလေအုံးမလားဟု မျှော်လင့်ခြင်းနှင့် လှည့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကဲအချိုပွဲတွေ သိမ်းတော့ တရားနာကြမယ် "

ဦးပဥ္စင်းတစ်ပါးက လှမ်း၍ သတိပေးလိုက်သဖြင့် ကိုစိုးနိုင်လည်း ထပြီး စားပွဲခုံကို ရွှေ့လိုက်သည်။

" ကဲသား . . . သားနဲ့ ဘိုးဘိုးကို တရားလာနာဘို့ ဖိတ်လိုက်အုံး "

ကိုဖြိုးလည်း အနားကထသွားပြီး အိမ်အပေါ်ထပ် ပိတ်ထားသော အခန်းရှေ့သွားကာ

" ဘိုးဘိုးနတ်သား ဘိုးဘိုးသားတို့နဲ့ အတူ တရားလာနာပါ။ သားအမြင်က စောင့်နေတယ် "

ထို့နောက် ကိုဖြိုးလည်း ဘိုးဘိုးနှင့်အတူ တရားနာမည့်နေရာသို့ ထွက်လာခဲ့ကြသည်။

" ကဲ . . . ကဲ . . . လိုက်ဆိုကြ "

ဩကာသ . . . ဩကာသ . . . ဩကာသ

တရားနာယူပြီးတော့ ဆရာတော်က အလှူအတွက် ရေစက်ချရန် ရေစက်ခွက် ကိုင်ခိုင်းလိုက်သည်။

" ကဲ . . . ရေစက်ချကြရအောင် . . . ရေစက်ခွက်ကိုင်ဒကာကြီး "



ကိုစိုးနိုင်က ရေစက်ခွက်ကိုကိုင်လိုက်စဉ် ရေစက်ခွက်ကို တခြားလက်တစ်ဖက်က လှမ်းကိုင်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာ -

ကိုမျိုးအောင်ကို တွေ့လိုက်ရသည် -

ကိုမျိုးအောင်လက်ထဲရှိ ကရားမှ ရေစက်တို့ ခန်းကန်းပြားအတွင်း တစ်စက်ခြင်းကျလို့ နေသည်၊

" ကုသိုလ်အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါ ကုန်လော့၊ သာဓု . . . သာဓု . . . သာဓု "

အားလုံး၏ နောက်မှာထိုင်နေသော ဘိုးဘိုးက အားပါးတရ သာဓုခေါ်နေသည်ကို ကိုဖြိုးတွေ့ရသည်။

ဘိုးဘိုးနတ်သားလည်း ပြုံးပြီး ကိုဖြိုးကို ကြည့်နေရာမှ တကိုယ်လုံးအရောင်တွေ ဖြာထွက်သွားကာ၊ လေထဲ သွင့်မြောပျောက်ကွယ် သွားသည်ကို တွေ့လိုက်ရသည်။

" ဘိုးဘိုး နတ်သားတကယ်ဖြစ်သွားပြီ "

ကိုဖြိုးစကားကြောင့် အားလုံးဝမ်းသာစွာ လှည့်ကြည့်လိုက်မိသည်။

ခေါင်းမော့၍ အပေါ်သို့ ကြည့်နေသော ကိုဖြိုးကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။

" အဲဒီကိုဖြိုးလေးက ဒီအိမ်ပြောင်းလာကတည်းက အဘိုးကြီးကို လူအတိုင်းမြင်ပြီး အတူတူနေရင်း သံယောဇဉ် ဖြစ်နေကြတာတဲ့ "

ထမင်းချက်သော အမျိုးသမီးက သူ့ယောက်ျားကို တအံ့တဩရှင်းပြနေသည်။

ကိုစိုးနိုင်ဆရာလင်မယားကတော့ ကိုစိုးနိုင်ပြောပြထားသဖြင့် သိထားပြီးခဲ့ပြီဖြစ်သည်။

သံဃာတော်ငါးပါးအား ကိုစိုးနိုင်က ကားငှားပြီး ပို့ဆောင်ပေးလိုက်သည်။

ကိုစိုးနိုင် ဆရာမိသားစုနှင့် ထမင်းဟင်းချက်သော လင်မယားတို့လည်း နှုတ်ဆက်ပြီး ပြန်သွားကြသည်။

ထိုအချိန်ကိုမျိုးအောင်လည်း အပေါ်ထပ်ရှိ မိဘနှစ်ပါးနေခဲ့သော အခန်းသို့တက်သွားသည်။

အခန်းထဲမှာ မိခင်ဖခင်တို့၏ ဓါတ်ပုံကြီးကို ဖြုတ်ယူပြီး ပွေ့ပိုက်ကာ ငိုကြွေးနေမိသည်။

" သားမှားပါပြီ ဖေဖေနဲ့မေမေ၊ သားမိုက်ကို





ခွင့်လွှတ်ပါ၊ သားပြောခဲ့ဆိုခဲ့ပြစ်မှားမိခဲ့တာတွေကို ခွင့်လွှတ်ပါ၊ ဖေဖေနဲ့ မေမေကို သားမိုက်ကန်တော့ပါတယ်"

ကိုမျိုးအောင်လည်း ဓါတ်ပုံကို တင်လိုက်ပြီး ကြမ်းပြင်ပေါ်ကိုင်ကာ ရှိခိုးလိုက်ပါသည်။

ထို့နောက်ဓါတ်ပုံကို နံရံမှာ အသေအချာ ပြန်ချိတ်လိုက်ပြီး ပါးပြင်ပေါ်မှ မျက်ရည်များကို သုတ်လိုက်တာ ကိုစိုးနိုင်တို့ ရှိရာသို့ ဆင်းလာခဲ့သည်။

" ကိုစိုးနိုင် ခဏလေး "

" လာပြီ ကိုမျိုးအောင် "

ကိုစိုးနိုင်လည်း ဖျာများစောင်များ ခေါက်သိမ်းနေရာက ညှော်ခန်းဆက်တီ ပေါ်လာထိုင်လိုက်သည်။

" ဟုတ်ကဲ့ ပြောပါ "

" ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော်လည်း သားတစ်ယောက်ဖခင်ဖြစ်သလို ခင်ဗျားလည်း သားတစ်ယောက်ဖခင်၊ ဒါပေမယ့် ကျွန်တော်အမှန်ကို မမြင်နိုင်ဘဲ အတ္တတွေ ဖုံးခဲ့တယ်၊

မနေ့က ညနေဩစတြေးလျက ဖုန်းလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သားအအေးမိပြီး၊ အဖျားကြီးလို့ ကလေးကို ဆေးရုံတင်လိုက်ရတယ်တဲ့၊

အဲဒီဖုန်းလာပြီးတဲ့နောက်ပိုင်း သားအတွက် စိုးရိမ်ပြီး တစ်ညလုံး အိပ်လို့မပျော်နိုင်တော့ဘူး ၊

ညတစ်နာရီယောက်က ဖုန်းထပ်ရောက်လာတယ်၊ အဖျားကျသွားပြီတဲ့ ကျွန်တော် သားအတွက် စိတ်အေးသွားတယ် ၊

အဲဒီညမှာပဲ ကျွန်တော့် အတ္တတွေကို ပြန်စိစစ်မိတယ်၊ ကိုယ်တိုင်ကြုံမှ ခံစားချက်ကိုသိတာ၊ ငါ့ကလေးနေမကောင်းရုံနဲ့ ငါအခုလောက်ဗျာများသွားရတယ်ဆိုရင် ငါဆယ်တန်းအောင်ပြီးကတည်းက ပစ်ထားခြင်းခံလိုက်ရတဲ့ ငါ့မိဘတွေ သေတဲ့အထိ ငါ့ကို မတွေ့သွားခဲ့ရတဲ့ ငါ့အမေ၊

ငါ့မိဘတွေ ဘယ်လောက်ခံစားရမလဲဆိုတာ ရင်ထဲတမြေ့မြေ့ခံစားခဲ့ရတယ်၊

မိဘမေတ္တာကို တစိမ့်စိမ့်ခံစားနားလည်လိုက်မိတဲ့အချိန်၊ မိဘတွေက မရှိတော့ဘူး၊ အဖေ့အတွက်



လျှကို အချိန်မီလာမလို့ဟာ၊ လေယာဉ်ရုံးက အပြန်နောက်ကျသွားလို့၊ ရေစက်ချအမီ ရောက်လာခဲ့ရတာ ခွင့်လွှတ်ပါဗျာ "

" အခုလဲ အချိန်မီပါတယ်၊ ခင်ဗျားကိုယ်တိုင်အမွေးဝေလိုက်လို့ ခင်ဗျားအဖေ သာဓုခေါ်သွားရတာ၊ အကောင်းဆုံး ဖြစ်သွားတာပေါ့ "

" အခု ကျွန်တော်ဆုံးဖြတ်လိုက်ပြီ၊ အဖေအရမ်းချစ်တဲ့ ခင်ဗျားသားကို ဒီအိမ်ကြီးပေးဖို့ ဆုံးဖြတ်လိုက်ပါပြီ"

" ကျွန်တော့်မိသားစုက ဒီကိုလဲ ပြန်လာဖို့ မစဉ်းစားတော့ဘူးဆိုတော့ ဒီအိမ်ကြီးကိုလဲ အဖေနဲ့အမေ ခေါင်းချသွားရာ အမှတ်တရအဖြစ်ထားပြီး ခင်ဗျားသားကို အပိုင်ပေးလိုက်ပါပြီ "

" ကျူပ် စာချုပ်စာတမ်းနဲ့ အသေအချာလက်မှတ်ထိုးပေးထားခဲ့မယ် "

" အဖေ့အခန်းထဲမှာ အိမ်ဂရုံရှိလိမ့်မယ်၊ ရှာယူသွားလိုက်၊ အဖေအခန်းထဲမှာ စုထားဆောင်းထားတာ ရှိရင်လှူပြီး ကုသိုလ်တောင်းမှုလုပ်ပေးလိုက် ပေါ့ဗျာ "

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျား ကျွန်တော်နဲ့လိုက်ခဲ့၊ ခင်ဗျား သားတို့ အိမ်နဲ့ခြံအပြီး လွှဲပေးတဲ့ အကြောင်း စာချုပ်တစ်ခါတည်း လုပ်ပေးခဲ့မယ်၊ ဒါကျုပ်အဖေဖြစ်စေချင်တဲ့ ဆန္ဒကို ကျုပ်နောင်တတွေနဲ့ အတူပေးဆပ်လိုက်တာပါ "

" ကျေးဇူးတင်ပါတယ် ကိုမျိုးအောင် "

" ကျုပ်တို့ ဆုတောင်းရမှာက ကျုပ်တို့ရဲ့ သားတွေ ကျုပ်လိုမျိုး မိဘရင်ကို ခြေစုံကန်မိတဲ့သားမျိုးမဟုတ်ပါ စေနဲ့ လို့ပဲ ဆုတောင်းနေမိပါတယ်၊ "

" ကျွန်တော်လည်း ခင်ဗျားလိုပါပဲဗျာ "

သို့ဖြင့် ထိုအချိန်မှစ၍ . . . အိမ်နီကြီး၏ သရဲ ဇာတ်လမ်းသည်လည်း နိဂုံးကမှတ် အဆုံးသတ်သွားပါ တော့သည်။

# "ခွင့်လွှတ်ပေးပါ အမေမဗဲ့ဝါ"

မန်ကျည်းပင်ရွာအစွန်မှာ ဘုရာပြိုကုန်းဟု အ ည်တွင်သော နေရာရှိသည်။

ရှေးဟောင်းဘုရားငါးဆူရှိသည့်အနက် တစ်ဆူ သာလျှင် အတောင်းပတာတိကဲ့သို့ရှိပြီး ကျန်လေးဆူက ည်သည့်အချိန်၊ မည်သည့်ကာလက၊ ပြိုကျသွားသည် သိ။

အုတ်ကျိုးအုတ်ပဲ့များသာ မြင်ကြရတော့သည်၊ ထို နေရာ၊ ထိုဘုရား၏အမည်နာမ မည်ကဲ့သို့ရှိခဲ့သည်မသိ၊ အနီးအပါးရွာရှိ လူတိုင်းက ဘုရားပြိုကုန်းဟုသာ ခေါ်ဆို ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို ဘုရားပြိုကုန်းနှင့် ရွာကြားတွင် သချိုင်းကုန်းရှိသည်။

မန်ကျည်းပင်ရွာက ရွာဟောင်းကြီး တစ်ရွာဖြစ်သည်။

ထို့ကြောင့် သင်္ချိုင်းကလည်း နှစ်တွေကြာလာသည်နှင့်အမျှ ဂူဟောင်းဂူသစ်တို့က ရောထွေးစွာရှိနေသည်။

ဂူဟောင်းများက အုတ်များ ပြိုပျက်ကာ ဟောင်းလောင်းပေါက်ဖြစ်နေပြီ။

အထဲက အလောင်းကောင်တို့ကလည်း နေရာအတည်တကျမရှိတော့ ခေါင်းတခြား၊ ကိုယ်တခြားဖြစ်ကုန်ပြီ။

ဘုရားပြိုကုန်းဘေးတွင် စွားစားကျက်ကွင်း ရှိသဖြင့် မန်ကျည်းပင်ရွာမှ နွားများ လာလွှတ်ကျောင်းကြသည်။ ကျောင်းမနေနိုင်သည့် ကလေးများ နွားအမြဲတမ်းလာကျောင်းကြသည်။

ကျောင်းပိတ်ရက်များတွင် နွားကျောင်းသည့် ထ



လေး ပိုများသည်။

နွားကျောင်းသားလေးများက အများနှင့် ဆိုတော့ အကြောက်အလန့်မရှိ၊ ဂူပျက်များအတွင်းမှ လူခေါင်းခွံများကို ယူထုတ်ပြီး ဘောလုံးကန်ကြသည်။

လူငယ်များ တစ်ဖက်သုံးယောက်ခွဲပြီး၊ ဘောလုံးတဲ့သို့ ပစ်ကန်ကစားခြင်းမဟုတ်ပဲ ခြေထောက်ဖြင့်လိမ့်ရုံလုကစားကြခြင်းဖြစ်သည်၊ ခြေထောက်မစူးစေရန် သွားများကို ရိုက်ချွတ်လိုက်သေးသည်။

ဌေးမြင့်ဆိုသောလူငယ်လေးက အများနှင့်အတူ တော်ကန်ပဲသူက အရိုးခေါင်းတစ်ခုကို ယူထားကာ နွားများကို ကြည့်ရင်း လှိမ့်ကန်နေသည်။

တစ်ယောက်တည်း ခြေထောက်များ မကျိန်းမချင်း မရပ်မနား လှိမ့်ကန်ကစားနေသည်။ နွားကျောင်းလာသည့်အခါတိုင်း၊ မနက်တစ်ကြိမ် ညနေတစ်ကြိမ် အရိုးခေါင်းခွံတစ်ခုကို လှိမ့်ကန်နေတတ်သည်။

တစ်ရက်မဟုတ် ရက်ပေါင်းများစွာ ရှိလာခဲ့သည်၊ ထိုခေါင်းခွံ တစ်ခုတည်းကိုပဲ စွဲမြဲစွာကန်သည်၊ ညနေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



လာလျှင် ချုံတစ်ခုအတွင်း ထည့်ထားခဲ့သည်၊

နောက်နေ့ရောက်လျှင် ချုံထဲမှထုတ်ယူပြီး ထိုး[illegible]ကန်သည်၊

တစ်နေ့ရွာသို့ သချိုင်းမှအပြန် တုန်တုန်ရီရီ[illegible]လာသည်၊

" ကြောက်တယ် . . . ကြောက်တယ် သရဲ . . သရဲ၊

" အမေ . . . သရဲကြီးသားနောက်လိုက်လာတယ် "

" ဘယ်မှာလဲ . . . သရဲမရှိပါဘူး၊ သားရဲ့ "

" ရှိတယ်၊ သားသူ့ကိုမြင်နေရတယ်၊ သားကို မျက်လုံး နီနီရဲရဲကြီးနဲ့ စိုက်ကြည့်နေတယ်၊

အမေရေ . . . ကယ်ပါအုံး "

" တအားအော်မနေနဲ့၊ မေမေတို့ရှိတယ်၊ လာသား အိမ်ပေါ်တက်၊ သား မကြောက်နဲ့၊ မကြောက်နဲ့ "

မိခင်ဖြစ်သူက သားကို အိမ်ပေါ်သို့ချီပြီ တင်လာခဲ့သည်၊





ဆယ့်နှစ်နှစ်ခန့်ရှိသော သားခန္ဓာကိုယ်ကို မနိုင်မနင်းချီမ၍ အိမ်ပေါ်တက်ခဲ့ရသည်၊

သားငွေးမြင့်က တစ်ကိုယ်လုံး တုန်ရီနေပြီ မျက်နှာကို မိခင်ပုခုံးပေါ် မှောက်ချကာ မျက်လုံးစုံမှိတ်ထားသည်၊

မျက်လုံးတစ်ချက် ဖွင့်ကြည့်လိုက်မိရာ -

" အမေ . . . သရဲကြီးသားကို ကြည့်နေတယ် "

" မရှိပါဘူး သားရယ် . . . သားအိမ်ပေါ် ရောက်နေပြီ ဘုရားအာရုံပြုလိုက်ဟုတ်လား "

" ရှိတယ်၊ သားသူ့ကိုမြင်ရတယ်၊ ခြံဝမှာ ရပ်ပြီးကြည့်နေတယ် "

မိခင်ဖြစ်သူက သားကို ဘုရားစင်ရှေ့သို့ ချီသွားပြီး အောက်သို့ချလိုက်သည်၊

" ကဲ . . . သားဘုရားကို ရှိခိုးလိုက် "

" သားကြောက်တယ်၊ သရဲကြီးရှိသေးတယ် "

ထိုစဉ် အိမ်နောက်ဘက်အပေါက်မှ အိမ်ပေါ်သို့ မောင်ငွေးမြင်လေး၏ ဦးလေးဖြစ်သူဝင်လာသည်၊

" မောင်ကျော်တင့်၊ ဘယ်သွားနေတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" အိမ်သာသွားတာ "

ပြန်ဖြေသောအသံက ပုံမှန်အသံမဟုတ်၊ တုန်တုန်ရီရီ အသံမျိုး၊ ထို့နောက် တစုံတရာကို မကျေနပ်သည့် မျက်နှာကြီးနှင့်၊

" ဟင် . . . ဟင် . . . ဟင် . . . တောက် "

" ကျော်တင့် ဘာဖြစ်တာလဲ၊ ဘာဖြစ်လာတာလဲ"

" ငါကျော်တင့် မဟုတ်ဘူးကွ "

" ဟင် . . ဘယ်လိုဖြစ်တာလဲ၊ ကိုဘခင် ကိုဘခင်"

" ဟဲ့ . . . ခင်မြိုင်ဘာဖြစ်နေတာလဲ မင်းသား နွားတွေ မသွင်းရသေးလို့၊ ငါနွားတွေ သွားချည်နေတာ "

" နွားတွေ မချည်ရသေးရင်လဲ ထားခဲ့အုံး၊ ဒီမှာရှင့်သားနဲ့ ရှင်ယောက်ဖ ဘာဖြစ်လဲမသိဘူး လာအုံး "

ကိုဘခင် အိမ်ပေါ်တတ်လာသည်။

" တောက် . . . ငါ မမကျေနပ်ဘူးကွ "

" ကျော်တင့်၊ မင်းဘာကို မကျေနပ်ဖြစ်နေတာလဲ"

" ငါကျော်တင့် မဟုတ်ဘူးကွ "

" ငါမင်းတို့ သားကိုမကျေနပ်လို့လာတာ"



" ကိုဘခင်ဆရာဦးမောင်မောင်ကို အမြန်သွားပင့်စမ်းပါ၊ ကျော်တင့်ကို ဘာဝင်ပူးကပ်နေလဲမသိဘူး "

" ရှိပါ့မလား "

" ရှိတယ်၊ စောစောတပဲ တွေ့လိုက်သေးတယ်"

သူတို့အိမ်နှင့် တစ်အိမ်ကျော်မှာရှိသော ဆရာဦးမောင်မောင်ကို အကူအညီတောင်းရန် အိမ်ပေါ်မှ အမြန်ဆင်းသွားသည်။

ဆယ်မိနစ်အတွင်း ကိုဘခင်နှင့် ဆရာဦးမောင်မောင်တို့ ပြန်ရောက်လာကြသည်။

" ဟင်း . . . ဟီး . . . ဟီး . . . မကျေနပ်ဘူးကွ"

ဦးမောင်မောင်လည်း ကျော်တင့်ရှေ့မှာ ထိုင်ပြီး ဘုရားကို ဦးချလိုက်သည်။

ထို့နောက် ကျော်တင့်ဘက်သို့ လှည့်လိုက်သည်။

" ကဲ . . . ဘာမကျေမနပ်ရှိလို့၊ ဒီသူငယ်ဆီမှာ ဝင်ရောက် ပူးကပ်နေရတာလဲ "

" မကျေနပ်ဘူး . . . ငါ မကျေနပ်ဘူးဟေ့ "

" ပြောပြမှသိမှာပေါ့၊ ဘယ်ကလာပြီး ဘယ်သူလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တစ်ခါထဲပြောပါ ”

“ ငါ. . . ဒီရွာသချိုင်းကလာခဲ့တာ ”

“ ဘာကြောင့်. . . လာခဲ့တာလဲ ပြောပြပါ”

မင်းတို့ရဲ့သားက နွားကျောင်းလာတိုင်း၊ ငါ့ခေါင်းကိုယူပြီး၊ ခြေထောက်နဲ့လှိမ့်လှိမ့်ကန်တာ နေ့တိုင်း၊ မနက်မဟုတ် ညနေကန်တယ်။

တစ်ခါတစ်ခါမနက်ရော၊ ညနေပါကန်တယ်။

သူကန်တာက တစ်ရက်လဲ မဟုတ်၊ နှစ်ရက်လဲ မဟုတ် နေ့တိုင်းလိုလိုကန်နေတာ ”

ကြာတော့၊ ငါသည်းမခံနိုင်တော့လို့၊ လိုက်လာခဲ့တာ ”

“ မောင်ဌေးမြင့်၊ သူပြောတဲ့အတိုင်းကန်ခဲ့လား”

“ ကျော်ဝေတို့ ကန်လို့သားကန်တာ ”

“ သချိုင်းမှာတင် အသေလုပ်ပစ်လို့ရတယ် ”

“ ကလေးဖြစ်နေလို့ သည်းခံပြီး လူကြီးတွေကိုလာအသိပေးတာ ”

“ ခွင့်လွှတ်လက်စနဲ့ ခွင့်လွှတ်လိုက်ပါ



ခင်ဗျားတို့သားက သူ့ခေါင်းကို အသွားအပြန် ခြေထောက်နဲ့ လှိမ့်လှိမ့်ကန်လို့ စိတ်ဆိုးပြီး အိမ်လိုက်လာတာတဲ့ ”

“ ဟုတ်လားသား၊ ဘာဖြစ်လို့ ကန်ရတာလဲ ”

“ သားက လူကိုကန်တာမဟုတ်ဘူး၊ အရိုးခေါင်းတို ကန်မိတာပါ ”

“ အရိုးခေါင်းကို ကန်တာလဲ၊ ကျုပ်ကို ကန်သလိုပါပဲ”

“ တဲ့. . . ကလေးကြားတယ် မဟုတ်လား ”

“ နောက်ကို သူမကြိုက်တာကို မလုပ်နဲ့ ဟုတ်လား ”

“ သားက လှိမ့်ရုံလေးပဲ၊ ဟိုနားသည်နား ကန်တာပါ၊ ခွေးပုတို့၊ ကျော်ဝေတို့၊ ချစ်လုံးတို့က နေ့တိုင်းအရိုးခေါင်းကို ဘောလုံးလုသလို လုနေကြတာ နေ့တိုင်းပဲ ”

“တဲ့. . . ကြားတယ်မဟုတ်လား အခြားကလေးတွေ ကန်လို့ကန်တာတဲ့ ”

“ တခြားကလေးတွေ အကန်ခံရတဲ့ ခေါင်းခွံပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



က ဘာကြောင့် စိတ်မဆိုးတာလဲ "

" အဲဒီခေါင်းခွံပိုင်ရှင်က ဟိုးအရင်ကတည်းက ကျွတ်လွတ်သွားပြီ၊ ကျုပ်က ကုသိုလ်ကံမကောင်းလွန်းတဲ့ အတွက် မကျွတ်မလွတ်သေးလို့ အခုလိုရှိနေတာ "

" ဒါဆို ကလေးနောက်ကို လိုက်လာပြီး မခြောက် မလှန့်ပဲ ခွင့်လွှတ်လိုက်ပါ

အသင်မကျွတ်မလွတ်သေးဘူးဆိုရင်လဲ ကျုပ် တို့ကောင်းမှုပြုပြီး အမျှဝေးပါ့မယ် "

" အဲဒီလိုနဲ့ မရသေးဘူး၊ ကျုပ်ရဲ့ ခေါင်းခွံတို့ စိန်ဖေဆိုတဲ့ ဂူကိုရှာပြီး ပြန်ထည့်ထားပေးပါ "

" မှတ်ထားပြီး၊ လုပ်ပေးပါ့မယ် "

ဦးမောင်မောင်က သရဲစီးခံထားရသော ကျော် တင့်အား၊

" ကဲ. . . အားလုံးကျေနပ်အောင် လုပ်ပေးပါ့ မယ် အလှူလဲလုပ်ပေးပါ့မယ်၊ အလှူလုပ်ရင် သာဓုခေါ်ပါ အခုတော့ ဖြစ်ပျက်ပြီးသမျှကို ခွင့်လွှတ်ပေးပြီး လာရာ လမ်းကိုပြန်ပါတော့။ "



" ဒီလိုနဲ့ ပြန်လို့မဖြစ်သေးဘူး၊ ကျုပ်တို့ကို အုပ်ချုပ် ထားတဲ့ သချိုင်းခေါင်းချုပ် မဖဲဝါကစိတ်ဆိုးနေသေးတယ်"

" ဟာ ဘာကြောင့်၊ စိတ်ဆိုးရတာလဲပြောပြမှ သိရ မှာပေါ့ "

" ကလေးတစ်စုက သချိုင်းထဲက ဂူဟောင်းတွေ ထိုက်ဖြိုဖျက်ပြီး၊ ခေါင်းခွံတွေကို ဘောလုံးလိုလုပ်ကန်နေ ကြတယ် "

" ဟာ ဒီကလေးတွေ ခြေထောက်တွေ ကျိုးကုန်မှ ဖြင့် ကစားစရာရှားလို့"

ကျော်တင့်ကို ပူးကပ်ထားသောသရဲက ဆက်ပြော သည်။

" အန္တရာယ်ကြီးကြီးမားမားပေးမယ့် မကျွတ်မ လွတ်သေးတဲ့ ဝိညာဉ်သရဲနဲ့ ကြုံရင် ကလေးတွေဒုက္ခတွေ နိုင်တယ်

ဒါကြောင့် သချိုင်းကို လာဖျက်စီးနေတဲ့ ကလေး တွေကိုလဲ မဖဲဝါ စိတ်ဆိုးနေတယ် "

" ဒါဆို အမေမဖဲဝါကျေနပ်အောင် ဘာလုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ တောင်းပန်ရမလဲ ပြောသွားပါ "

" ကလေးတစ်စုရဲ့ မိဘတွေ ပေါင်းပြီး၊ အမေမဖဲဝါကို တောင်းပန်လိုက်ပါ "

" ဘယ်လိုတောင်းပန်ရင် ကျေနပ်မှာလဲ "

" နားလည်တဲ့ လူကိုမေးပြီးလုပ်ပါ၊ ကျုပ်လည်းပြန်မယ်၊ နောက်နေ့ငါးရက်နေ့ ကျုပ်ခေါင်းကိုနေရာမှာ ပြန်ထားပေးပါ

ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆို ဘယ်ကလေးပဲဖြစ်ဖြစ် အသက်ဝိညာဉ် နုတ်ပစ်မယ်"

ထိုသို့ ပြောဆိုပြီးခဏအတွင်း ကျော်တင့်ထံမှ သရဲဝိညာဉ်လည်း ထွက်ခွာသွားပါတော့သည်။

" ကံကောင်းလို့ မင်းတို့သား ဘာမှမဖြစ်တာ၊ ငါ အသိတစ်ယောက်ရဲ့ ရွာကို ကိစ္စတစ်ခုနဲ့ သွားတုန်း၊ သိခဲ့ရတဲ့ အကြောင်း၊ ဗဟုသုတအဖြစ် ပြောပြမယ် "

ဆရာဦးမောင်မောင်က သူသံလျင်မြို့နယ် ထမလုံ ရွာသို့ ရောက်ခဲ့စဉ်ကြုံကြားခဲ့ရသော အဖြစ်အပျက် တစ်ခုကို ပြောပြပါသည်။



" ဒီလိုဗျ ကျုပ်မိတ်ဆွေတစ်ယောက်နဲ့အတူ သံလျင်မြို့နယ် ထမလုံရွာကို အိမ်ခြံအရောင်းအဝယ် စပြုခင်၊ မြေသန့်မသန့် ကြည့်ပေးဖို့ လိုက်သွားခဲ့တယ် "

အဲဒီရွာရောက်တော့ ရွာထဲမှာ နာရေးတစ်ခုဖြစ်နေတယ်၊ အသက်ဆယ့်နှစ်နှစ် ယောက်ျားလေး တစ်ယောက် သရဲခြောက်ခံရပြီး သေသွားတာတဲ့၊ ဒါနဲ့ကျုပ်လည်း သိချင်လို့ စုံစမ်းစပ်စုမိတာပေါ့။

အဲဒီကလေးမသေခင် သုံးရက်လောက်ကစပြီး ကြောက်တယ်. . . ကြောက်တယ်၊ သရဲကြီးလာနေပြီဆိုပြီး တစ်နေ့လုံး တစ်ညလုံး အော်ဟစ်နေတာတဲ့။

နေ့မှာထက် ညမှာပိုပြီးဆိုးတယ်၊ တစ်ညလုံးအိပ်လည်းမအိပ်ဘူး၊ အစားလည်း ကျွေးလို့မရဘူး၊ သည်းခြေဖျက်သလို တစ်ချိန်လုံးထိတ်လန့်နေတယ်။

ပယောဂကုတတ်တဲ့ ဆရာပင့်ပြီး ကုတာလဲမထူးခြားဘူးတဲ့၊ ကြောက်တယ် သရဲကြီးအိမ်ရှေ့မှာ၊ ညဆိုလဲ အိမ်ထဲမှာ၊ အခန်းထဲမှာ၊ အမိုးပေါ်မှာဆိုပြီး တစ်ချိန်လုံး ပြေးနေတာ။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်မြောက်မှာ အဲဒီကလေး အသက်ဆုံး သွားတော့တယ်၊

ကလေးအသက်ဆုံးပြီးမှ ဘာကြောင့် သေရ တယ်ဆိုတာ လူကြီးတွေ သိလိုက်ရတယ်၊

စောစောကသာ သိလိုက်ရလို့ တောင်းပန်လိုက် ရင် သေချင်မှသေမှာ။

အဲဒီကလေးနဲ့အတူ အဖေါ်ပါသွားတဲ့ ကလေးတ သူ့အမေကို ပြန်ပြောပြတာ။

မသေခင်သုံးရက်လောက်က ထမလုံ့ရွာကနေ အမြတမ်း ဘက်ထရီအားသွင်းတဲ့ကိစ္စနဲ့ သချိုင်းဘေးတ ဖြတ် သွားကြရတယ်။

အားသွင်းတဲ့ဆိုင်ကလည်း သချိုင်းကပ်လျှတ် လမ်းကသွားမှ ရောက်တယ်။

ထမလုံ့ရွာက ကလေး၊ လူကြီး၊ မိန်းမ ဘက်ထရီ မီးသုံးတဲ့ လူတိုင်း ဒီလိုပဲသွားနေတ၊ ထိုနေ့က သေသူ ယောက်ျားလေးနဲ့ သူငယ်ချင်းလူငယ်လေးတို့ ဘက်ထရီ အိုး၊ တစ်ယောက်တစ်အိုးဆွဲပြီး၊ ဆိုင်ကို ဘက်ထရီအိုးထဲ



သွားခဲ့ကြတယ်။

သချိုင်းမှာ ခွေးတွေဖေါ်ယက်ထားလို့လားမသိ ဝိတိုင်းနေ့တွေ၊ သွားစဉ်က မတွေ့၊ ထိုနေ့မှ ဦးခေါင်းခွံ ာစ်ခုကို တွေ့လိုက်တယ်။

အဲဒီခေါင်းခွံကို သေသူယောက်ျားလေးက အ ွားရော အပြန်ရောကန်ခဲ့တယ်၊ သူငယ်ချင်းဖြစ်သူက ာန်ဘို့ ပြောကာမှ အပြန်မှာ နှစ်ကြိမ်သုံးကြိမ် ထပ်ပြီး ်န်ခဲ့တယ်လို့ပြောတယ်။

အဲဒီညမှာပဲ သရဲလဲစိတ်ဆိုးပြီး၊ နောက်က အိမ်အ ိလိုက်လို့ ခြောက်တော့တာပေါ့၊ အဲဒီကောင်လေးက ာတဲ့အထိ အခြောက်အလှန့်ခံလိုက်ရတယ်။

မင်းတို့သား သိပ်တာကောင်းသွားတယ်၊ သဘော ာင်းတဲ့ ဝိညာဉ်သရဲနဲ့တိုးလို့ပေါ့ကွာ နိုမှီဆိုမလွယ်ဘူး။

ကြားတယ်မဟုတ်လား၊ နောက်ကို သချိုင်းထဲ ်တော့မှ မသွားနဲ့၊ သချိုင်းထဲက သစ်ကိုင်းသစ်ရွက် ာင် မချိုးမိစေနဲ့ကြားလား။

ဟုတ်ကဲ့၊ သားနောက်ကို သချိုင်းကို ရှောင်ပြီးသွား

www.burmeseclassic.com

www.burmeseclassic.com



ပါတော့မယ်။

ဒါနဲ့ဆရာ သရဲပြောသွားတဲ့ သူရဲ့ဂူ နာမည်မှတ် မိလိုက်သေးလား။

မခင်မြိုင်က

" သူ့ခေါင်းခွံကို စိန်ဖေဆိုတဲ့ ဂူကိုရှာပြီး ပြန်ထည့် ထားပေးလို့ ပြောသွားတာ "

" အေး. . . စိန်ဖေဆိုတဲ့ နာမည်မမေ့စေနဲ့အုံး ပြီးတော့ ဟိုကလေးတွေရဲ့ မိဘတွေကိုလဲ ဝ့ါအိမ်ကို သွား ခေါ်ခဲ့၊ အကျိုးအကြောင်း ငါပြောပြလိုက်မယ် . . . ၊

မောင်ဌေးမြင့် "

" ဗျာ "

" လာပါအုံး ဒီနားကို "

မောင်ဌေးမြင့်လေးက ဆရာဦးမောင်မောင်ရှေ့ မှာ လာထိုင်သည်။

" မင်း. . . အခု သရဲကိုတွေ့သေးလား "

" မတွေ့တော့ပါဘူး "

" သရဲက ဘယ်လိုပုံလဲ ကြောက်စရာကောင်း



လား "

" ကြောက်စရာကြီး မျက်လုံးနှစ်လုံးက ပြူးပြီးနီရဲ နေတာပဲ အစွယ်ကြီးတွေလဲရှိတယ်၊

သားကို ပါးစပ်ကြီး ဖြဲဖြဲပြပြီး၊ ခြောက်လှန့်တယ် လျှာကြီးကိုလည်း အရှည်ကြီးထုတ်ပြတယ် "

" အေး. . . နောက်ကို ခွေးကျောင်းသွားရင် ဘာမှ လျှောက်မလုပ်နဲ့ "

" သားမှတ်ထားပါမယ်၊ သားက ချစ်လုံးတို့ ကန် တာတွေ့လို့ ကန်မိတာပါ "

" အေး. . .နောက်ကို သူများလုပ်တိုင်း လျှောက် မလုပ်နဲ့၊ လုပ်သင့်လား မလုပ်သင့်လား စဉ်းစားပြီး ငါသွား မယ်၊ ကျော်တင့် မနက်ဖြန်ခွေးကျောင်းတဲ့ကလေးတွေ ငါ့အိမ်ကို မိဘတွေနဲ့အတူ လာခိုင်းလိုက် မဖဲဝါကို တောင်း ပန်ရမဲ့အကြောင်း ငါရှင်းပြလိုက်မယ်။

သို့ဖြင့် ဆရာဦးမောင်မောင်၏ သတိပေးစေခိုင်းမှု အရ နတ်ကနားစီးတစ်ယောက်ကိုခေါ်ကာ အမေမဖဲဝါ အတွက် ရွာစာချဘို့ စီစဉ်ကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော်တစ်ယောက်က ဦးစီး၍ ကလေး
တစ်စု မိဘတစ်ယောက်နှစ်ယောက်နှင့် သချိုင်းသို့သွားပြီး
ရှာစာချ တောင်းပန်ခြင်းအလုပ်ကို လုပ်လိုက်ပါသည်။

စကောတစ်ချပ်အတွင်း ထမင်းတစ်ဖိုနှင့်အသည်း
အမြစ်၊ အုန်းသည်းစုံ၊ ဆေးလိပ်၊ မီးခြစ်၊ ဓားအတိုတစ်
ချောင်းကိုလည်း ထည့်ထားသည်။

" အမေမဖဲဝါ

အားပါးတရ သုံးဆောင်တော်မူပါ ဆေးလိပ်များ
လည်း သုံးဆောင်ပါ၊ အမိုက်အမဲလေးတွေရဲ့ လုပ်ရပ်ထို
လဲ အပြစ်လို့မမြင်ဘဲ၊ အချစ်တော်ဝင်ပေးပါ၊ နောက်ကိုထဲ
အမေမကြိုက်တာ မလုပ်တော့ပါဘူး။

သားတို့ ကျန်းကျန်းမာမာနဲ့ အလုပ်အကိုင်များ
လည်း အဆင်ပြေအောင်၊ အမေမဖဲဝါက ကူညီစောင့်
ပေးပါခင်ဗျာ၊ အန္တရာယ်များကိုလည်း ဖယ်ရှားပေးပါ။

အမေမဖဲဝါအား ခွင့်လွှတ်ပါရန် တောင်းပန်သံ
သချိုင်းအတွင်း လွင့်ပျံ့နေပါတော့သည်။

# ကားလမ်းဘေးက တဲကလေး

တစ်နေ့ ကျွန်တော်မြို့ထဲမှ တောင်ဥက္ကလာသို့ ပြန်
ရန် ပန်းဆိုးတန်းမှတ်တိုင်မှာ ကားစောင့်နေသည်။

ကျွန်တော့အနားသို့ တိုယိုတာကဲလ်တာကားဖြူ
လေးတစ်စီး ထိုးဆိုက်လာသည်။

အနားသို့ ကပ်ရပ်လာသော တက္ကစီကားကြောင့်
နောက်သို့ နှစ်လှမ်းမျှဆုတ်ပြီး ရှောင်ပေးလိုက်သည်။

" ဟေ့ကောင် ဘယ်သွားမလို့လဲ "

အသံကို မမှတ်မိ၊ မကျက်မိ၍ အမှတ်တမဲ့နေ
လိုက်သည်။

" ဟေ့ကောင် ဝင်းကြည်ငါပါကွ "

" ဟာ. . . ဟန်စိန် "

www.burmeseclassic.com



ကျွန်တော့နာမည် ခေါ်သံကြားမှ ကားထဲကလူကို ကြည့်လိုက်မိသည်။

တစ်ရွာထဲသား ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည်။

" မင်းသဘော်လိုက်သွားတယ် ကြားတယ်. . . အခု ရန်ကုန်ပြန်ရောက်နေပြီလား "

" လာ. . လာ. . ကားပေါ်တက် မင်းဘယ်ကိုပြန်မှာလဲ "

" ငါ. . . တောင်ဥက္ကလာမှာနေတယ် ပြန်မလို့ အမိပတီအပြာကို စောင့်နေတာ "

" ငါ. . . တာမွေဘက် ခဏသွားစရာရှိလို့ "

ကျွန်တော် ကားပေါ်ရောက်သည်နှင့် ဟန်စိန်လည်း ကားကို မဟာဗန္ဓုလလမ်းအတိုင်း မောင်းခဲ့ပြီး သိမ်ဖြူလမ်းသို့ ချိုးကွေ့မောင်းထွက်ခဲ့သည်။

" ငါသဘော်ကို သုံးနှစ်ပဲလိုက်ခဲ့တာ၊ လှိုင်းမူးတဲ့ဒဏ်မခံနိုင်လို့ ရတဲ့ပိုက်ဆံထဲက တချို့ကိုမိန်းမရဲ့ ဆိုင်မှာ အရင်းအနှီး ထည့်လိုက်တယ် "



" ကျန်တဲ့ငွေထဲက ကားတစ်စီးဝယ်ပြီး တက္ကစီမောင်းနေတာ "

" ကိုလေး အရင်ကပြောထားလို့ မင်းသဘော်လိုက်နေတယ်ပဲ သိထားတယ်၊ ပြန်ရောက်တာတော့ ငါမသိဘူး။ "

" ငါပြန်ရောက်တာပဲ ဆယ်နှစ်ကျော်ပြီ "

" ငါတို့ မတွေ့ဖြစ်ကြတာလဲ ဆယ့်ငါးနှစ်ကျော်ပြီထင်တယ် "

" ဟုတ်တယ်. . . မင်းမိန်းမဆိုင်အတွက် ဒေါ်ဂျစ်ကားကြီးနဲ့ စဥ့်အိုးတန်းသဘော်ဆိပ်မှာ ဆန်တွေတင်နေတုန်း ကိုလေးနဲ့ ငါမင်းဆီလာလည်တာ ငါတို့နောက်ဆုံးတွေ့ခဲ့တာပဲ "

" ငါ. . . မှတ်မိတယ်၊ ငါမင်းတို့ကို ထမင်းဆိုင်မှာ ထမင်းဝယ်ကျွေးလိုက်သေးတယ် မဟုတ်လား "

" ဒါနဲ့ မင်းမိန်းမရဲ့ဆန်ဆိုင်၊ ညောင်ပင်လေးဈေးမှာ ရှိသေးလား "

" အေး. . . ရှိတယ်၊ သူတို့ညီအစ်မတာ ဟိုဘက်

www.burmeseclassic.com



တစ်ဆိုင် ဒီဘက်တစ်ဆိုင်တွဲရက်ပဲ ”

“ မင်းမရီးက ဆန်ဆိုင်ပဲလား ”

“ မဟုတ်ဘူး၊ သူက ကုန်စုံဆိုင်ဖွင့်ထားတယ်၊ ဈေးအသစ်ကြီး ဆောက်ပြီး၊ အခန်းပြန်ရတော့လဲ ဘေးချင်းကပ်ရက်ပြန်ရတယ်။

“မင်းလဲ စာပေနဲ့ပန်းချီအလုပ်ပဲလုပ်တုန်းလား ”

“ ဟုတ်တယ်၊ အခုထိရေးတုန်းတွေးတုန်းပေါ့ ”

မကြာခင် ကားလေးက တာမွေသို့ဝင်လာသည်။

“ လာကွာ. . . ရွှေကောင်းကြွယ်မှာ လက်ဖက်ရည် သောက်ကြရအောင် မင်းအချိန်ရတယ် မဟုတ်လား ”

“ ရတာပေါ့. . . ကိုယ်ပိုင်အလုပ်ဆိုတော့ လုပ်ချင်လဲ ထလုပ်လိုက်တာပဲ၊ နားချင်တဲ့ အချိန်လဲ နားလိုက်တာပဲ ”

“ ကောင်းပေါ့ကွာ၊ ငါ့မှာတော့ ဒီကားရှိနေတဲ့ အတွက် နေ့တိုင်းအပြင်ထွက်နေရတယ် ”

“ မင်းတို့က လောဘတက်နေတာပါ၊ မင်းမိန်းမ ဈေးရောင်းတာနဲ့တင် ထိုင်စားလို့ရပါပြီ ”



“ မင်းကလေးတွေရော ကျောင်းပြီးကုန်ပြီလား အိမ်ထောင်ရော ကျကုန်ပြီလား ”

“ ကျောင်းလဲပြီးကုန်ပြီ၊ အိမ်ထောင်လဲကျကုန်ပြီ ငါမြေးတောင် တစ်ယောက်ရနေပြီ ”

ရွှေကောင်းကြွယ်ဆိုင်ရှေ့ ကားရပ်ရန်နေရာရှာနေရသဖြင့် စကားပြတ်သွားသည်။

ကားကို ရပ်လိုက်ပြီး ကားပေါ်မှဆင်းကာ ဆိုင်အတွင်းသို့ ဝင်ခဲ့သည်။

လက်ဖက်ရည် သောက်ရင်း၊ ရှေးဟောင်းနှောင်းဖြစ်ပြောကြသည်။

“ ငါအထက်အညာမှာ ရေတွေကြီးတုံးက ငါ့မရီးရဲ့ ယောက္ခမတွေနေတဲ့ ရွာကို ရိက္ခာ ဆန်ဆီဆား ခေါက်ဆွဲခြောက် ရေသန့်ဗူးတွေ သွားပို့ပေးရသေးတယ် ”

“ ငါ့မရီးရဲ့ ယောကျ်ားက ပြီးခဲ့တဲ့သုံးနှစ်က ဆုံးသွားတယ်၊ သူ့ယောက္ခမတွေက ပွင့်ဖြူမြို့နယ်ထဲက ရွာ တစ်ရွာ မှာနေတယ် ”

အဲဒီမရီးရဲ့ ယောက္ခမတွေကို ဆန်နှစ်အိတ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲခြောက်ထုတ်တွေရယ်၊ ရေသန့်ဗူးလေးပါကင်ရယ်၊ အခြားစားစရာမုန့်ခြောက်တွေရယ်၊ အဝတ်အစားအဟောင်း အချို့ရယ် တာဝန်ယူပြီးသွားပို့ပေးခဲ့ရသေးတယ်။

" အဲဒီအညာမှာ ရေတော်တော်ကြီးသွားတာကို ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာပဲ ဖတ်ရမြင်ရတယ် မင်းက ရေကြီးတဲ့နေရာကို ရောက်ခဲ့ရတယ်ဆိုတော့ အတွေ့အကြုံ ထူးတာဆိုရင် ပြောပြကွာ "

" ရေကြီးတာကတော့ မပြောပါနဲ့တော့ကွာ၊ ကားလမ်းဘေးတလျှောက် ရေပြင်ကြီးပဲ၊ အချို့ကားလမ်းတွေ ကားတောင်သွားလို့မရဘူး၊ တံတားတွေဆိုလဲ ရေတိုက်စားလို့ပါ ကုန်တာမနည်းဘူး၊

ငါသွားရမယ့် ရွာက ကားလမ်းဘေး ရောက်တော့ ရွာနားက ရွာတစ်ရွာပဲ ငါသွားတော့ ရေမနစ်သေးဘူး၊

ပွင့်ဖြူမြို့နယ်ထဲက အခြားရွာတွေဆို တော်တော်ဆိုးတာ ကယ်ဆယ်ရေး ရေဘေးကူညီရေးအဖွဲ့တွေ လာတာရော ပြန်တာရော လမ်းမှာဆုံတာမှ အားရစရာပဲကွာ



ငါမင်းကို ရောက်တောမရောက်ခင် လမ်းမှာ သရဲငါးကောင် လှည့်စားတာခံရပြီး သရဲတွေနဲ့ အတူ လမ်းမှာ ညအိပ်ခဲ့ရတဲ့ ထူးထူးဆန်းဆန်းဖြစ်ရပ် အကြောင်း ပြောပြအုံးမယ် "

" ဟာ. . . ဟုတ်လား သိပ်ကောင်းတဲ့သတင်းပဲ"

ကျွန်တော်လည်း ဟန်စိန်ထံမှ သရဲနှင့်ကြုံတွေ့ရသည့် ဇာတ်လမ်းတစ်ပုဒ်ရမည်ဆို၍အတိုင်း မသိဝမ်းသာသွားသည်။

အေး. . သရဲငါးကောင်နဲ့ ငါကြုံခဲ့ရတဲ့ အကြောင်း ပြောပြမယ်။

ဟန်စိန်တစ်ယောက် ကားသိမ်းချိန်ရောက်ပြီဖြစ်၍ ကားတိုတိုက်ရှေ့ လွတ်သောနေရာမှာ ပါကင်ထိုးရပ်လိုက်သည်။

ညခုနှစ်နာရီဝန်းကျင် ကားပုံမှန်သိမ်းသည်၊ မိမိအခန်းရှိရာ ဒုတိယအထပ်သို့ တက်လာခဲ့သည်။

ဧနီးဖြစ်သူက ဈေးဆိုင်ပိတ်ပြီး အိမ်ပြန်ရောက်နေပြီ၊ ညခင်ပင်လေးဈေးမှ ကြည့်မြင်တိုင်ထီးတန်းသို့ နားရှိ

www.burmeseclassic.com

www.burmeseclassic.com



ဝက်အတွင်း ရောက်သည်။

" ကဲ. . . ရောက်မဆိုက်ပဲ ပြောရအုံးမယ် မေကြီးရေ "

" အဝတ်အစားလေး လဲခွင့်ပြုပါအုံးကွာ "

" အဝတ်အစားလဲရင်း ကျွန်မစကားလဲ နားထောင်လို့ရပါတယ် "

" ကဲ. . . ပြောပါအုံး ဘာကိစ္စလဲဆိုတာ "

" မနက်ဖြန် အစ်မက သူ့ယောက္ခမတွေကို ဆန်နဲ့ စားစရာနည်းနည်း သွားပို့ခိုင်းမလို့၊ နေ့ ၁၀နာရီ လောက်ကားမထွက်ဘဲ၊ ဆိုင်ကိုလာခိုင်းတယ် "

" မင်းအစ်မကတော့ လုပ်ချလိုက်ပြန်ပြီ၊ မသွားချင်ပါဘူးကွာ "

" သွားပါ၊ ကျွန်မကတော့ မေကြီးသွားသင့်တယ်လို့ထင်တယ်၊ အခုလို ကပ်ဘေးကြီးဖြစ်ပြီး ဒုက္ခရောက်နေကြတာ တစ်တိုင်းပြည်လုံး တတ်နိုင်သမျှ လှူဒါန်းနေကြတာ အလှူခံတွေ ထွက်နေကြတာ၊ အချို့ကလဲ တစ်ပိုင်တစ်နိုင် သွားလှူနေကြတာ၊ မေကြီး အမြင်အကြား မဟုတ်



လား။

အခုမေကြီးလဲ ဒုက္ခရောက်နေတဲ့ မိသားစုတွေကို ပို့ပေးမယ့်ပစ္စည်းတွေကို ကားမောင်းပို့ပေးတဲ့ တုသိုလ်ယူလိုက်စမ်းပါတော် "

" ကောင်းပါပြီဗျာ. . . ကောင်းပါပြီ အလှူထဲကို ခင်ဗျားကရော မထည့်ဘူးလား "

" ကောင်းပါပြီဆိုပြီး အသံက မကျေမနပ်နဲ့"

" ကျွန်မလဲ ဆန်တစ်အိတ်နဲ့ စားစရာ ဆီ ဆား အဝတ် အထည် နည်းနည်းလှူလိုက်မယ်။

" မေကြီးရဲ့ အစ်မနဲ့ သူ့ယောက္ခမတွေ ဖုန်းအဆက်အသွယ်ရှိသေးလား "၊

" ပြီးခဲ့တဲ့နှစ်ရက်က အဆက်အသွယ်ရသေး၊ အခုမိုးတွေဖြတ်ထားလို့၊ ဖုန်းအားသွင်းဖို့ မလွယ်တော့ဘူး ဆက်သွယ်လို့လဲ မရတော့ဘူး "

ဖုန်းဆက်လို့ရတုန်းကတော့ အိမ်တွေအောက်ရေနည်းနည်းပဲရောက်လို့ ရေမနစ်သေးဘူးဆိုတာ သိရတယ်၊ သူတို့ရွာကလဲ အခြားရွာတွေထက် အမြင့်ပိုင်း

www.burmeseclassic.com



ရောက်နေတယ်လို့ပြောတယ်။

ရေမနစ်ဖို့ပဲ အရေးကြီးတယ်၊ ဒါမှ ချောချောမွေ့မွေ့ ပို့ပေးပြီးတာနဲ့ ပြန်လာနိုင်မှာ ”

“ အေး. . . ဒါဆိုမနက်ဖြန် ညနေပိုင်းသွားမယ် ကိုယ်ကားကို မနက်ပိုင်း သေချာစစ်ထားလိုက်မယ် ”

သို့ဖြင့် ညနေလေးနာရီခန့် ရန်ကုန်မှအဝေးပြေး အမြန်လမ်းအတိုင်း ကားကိုမောင်းလာခဲ့သည်။

ကားကို တစ်နာရီမိုင်ငါးဆယ်ခန့်မျှသာ မောင်းခဲ့သည်။

တစ်လမ်းလုံး ရေဘေးအလှူအတွက်သွားသည့် ကားတန်းများ၊ ပြန်လာကြသည့် ကားတန်းများကို မြင်နေရသည်။

ဒုက္ခရောက်သူများ၊ဘေးဒုက္ခ ကြုံတွေ့ကြရသူများကို ထောက်ပံ့ကူညီတတ်ကြသော လူသားချင်း၊ စာနာတတ်ကြသော စိတ်ဓာတ်ရှိသူများအား ကားမောင်းနေရင်းမှ လေးစားဂုဏ်ပြုနေမိသည်။

မကွေးသို့ မိုးမလင်းခင်ရောက်ခဲ့သည်၊ မကွေး





ရောက်တော့ ကားက ဖွေ့ဖေါက်တော့သည်။

ကားဆက်မောင်း၍ မဖြစ်နိုင်တော့သဖြင့် ဝပ်ရှော့ရှာပြီး နေ့တစ်ဝက်ခန့် ကားကိုအပ်ထားလိုက်ရသည်။

ညနေသုံးနာရီထိုးပြီးမှ ဝပ်ရှော့က ထွက်နိုင်သည်၊ မကွေးမှ မင်းဘူးဘက်သို့ ကူးပြီး မင်းဘူး၊ ပွင့်ဖြူ၊ စလင်း မန္တလေးလမ်းမကြီးအတိုင်း မောင်းလာခဲ့သည်။

မင်းဘူးမှ လွန်ပြီးနောက် ညနေငါးနာရီပင်ကျော်ခဲ့ပြီ၊ မမှောင်ခင်ရောက်ရန် ဆုတောင်းနေသည်၊ ကားလမ်းအချို့ရေကျော့်နေပြီ ဖြစ်ကြောင်းကြားရသည်၊ ကြားရသော သတင်းများကြောင့် ကားကို သတိထားမောင်းနေရသည်၊ ယခုထိတော့ ကားလမ်းရေကျော်သည်ကို မကြုံရသေး။

ကားကိုဖြည်းဖြည်းသာ မောင်းနေသည်၊ လမ်းမှာ ရေဘေးအကူအညီများပေးရန် သွားနေသော ကားအချို့ကျော်တက် သွားကြသလို အပြန်ကားများလည်း တြုံရသည်။

ရွှေ့သို့နာရီဝက်နီးပါးခန့် မှန်မှန်မောင်းလာခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



ကားအသွားအလာ ကျဲသွားသည်။ သိပ်မတွေ့တော့၊ ရှေ့မှာကား လမ်းရေကျော်နေသည်၊ သတိထားသွားဟူ၍ လမ်း ပေါ်မှ လူအချို့ သူ့ကိုလှမ်းပြောကြသည်။

မိုးက ဝေါခနဲကို ရွာလိုက်သည်။

" ဒုက္ခပဲ၊ ကားအသွားအလာလဲ မရှိတော့ဘူး၊ ငါလမ်းခွဲရောက်ဖို့ ဘယ်လောက်ကြာအုံးမလဲ မသိဘူး၊ နီးတော့နီးပြီ ထင်ရတာပဲ "

သိပ်မကြာခင် ရွာဘက်သို့ သွားသည့် လမ်းခွဲဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရသည်။

မိမိသွားရမည့် လမ်းခွဲမဟုတ်သဖြင့် ရှေ့သို့ဆက်၍ မောင်းခဲ့သည်။

ကားလမ်းဘေးမှာတော့ ချောင်းအတိ ကားလမ်းနှင့်ရေက ထိစပ်နေသည်။

ကားမီးရောင်အောက်မှာ ကားကိုတားနေသောမိသားစုငါးယောက်၊ လူလတ်ပိုင်းအမျိုးသားနှင့်အမျိုးသမီးလင်မယားနှစ်ယောက်၊ ယောကျ်ားလေးနှစ်ယောက် မိန်းကလေးတစ်ယောက်၊ အငယ်ဆုံးယောကျ်ားလေးက လေး



မ်ခန့်ရှိပြီ ထင်ရသည်။

ထိုအချိန် မိုးဖွဲဖွဲသာ ရွာတော့သည်။

သူတို့ မိသားစုပလပ်စတစ် တစ်စကိုစုပေါင်းခါင်းဆောင်းထားကြသည်။

ဟန်စိန် ကားကိုရပ်ပေးလိုက်သည်။

" နောင်ကြီးက ဘယ်ကိုသွားမှာလဲ "

" သွားမှာက ရွှေက်တောရွာကိုသွားရမှာ၊ ရှောက်တာရွာရောက်မှ စက်လှေနဲ့ ခရီးဆက်ရမလား ကားနဲ့ပဲသွားရမလား ဆုံးဖြတ်ရမယ်။ "

" ခင်ဗျား ဒီမှာပဲနားပြီး မနက်မှ ခရီးဆက်သွားင့်တယ်၊ ရှေ့မှာတံတားတစ်ခု ကြမ်းပြင်ပေါက်နေလို့ား သွားလို့ မရတော့ဘူး "

" ဒီနားမှာ ညအိပ်ရအောင်လဲ ဇရပ်မရှိ တည်းခိုရာ နေရာမရှိ "

" ကားရှိတာပဲ၊ ကားပေါ်မှာအိပ်ပေါ့ဗျာ "

" ခင်ဗျားတို့က ဘယ်ကိုသွားမှာလဲ "

" ဒီလမ်းခွဲက ရှေ့ကို တစ်မိုင်လောက်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရဲ့ အကြော်တဲရှိတယ် ကျုပ်တို့က အဲဒီတဲမှာ
အိပ်တာ "

" ကျုပ်တို့ကို ယုံတယ်ဆိုရင် ကျုပ်တို့တဲနားအ
မောင်းလာပြီး ကားပေါ်မှာပဲအိပ်ပေါ့ "

" ဖြစ်စေချင်တာကတော့ မနက်လင်းမှပဲ
ဆက်တာ ကောင်းမယ်လို့ထင်တယ် "

" အေးဗျာ၊ ကားအသွားအလာလဲမရှိဘူး ဆို
ခင်ဗျားတို့ အကြော်တဲနားအထိမောင်းပြီး၊ ဒီညအချိန်
လိုက်တော့မယ်၊

ဒါဆိုလဲ ကျုပ်ကားနဲ့လိုက်ခဲ့ကြ ခင်ဗျားတို့
ကြော်တဲအထိ မောင်းသွားမယ် "

ထိုသို့ပြောလိုက်ပြီးသည်နှင့် ကားတံခါးဖွင့်ပြီး
သားစု ငါးယောက်တို့၊ နောက်ခန်းအတွင်းသို့ ဝင်ထိုင်
လိုက်သည်။

သူတို့ အားလုံးဝင်ထိုင်ပြီးသည်နှင့် လမ်းခွဲအထိ
ချိုးကွေ့ကာ မောင်းဝင်ခဲ့သည်။

ကားထဲမှ ထွက်လာသော အနံ့များက ညှီစို့စို့အ





မှိုးရလိုက်သည်။

လေအေးစက်မဖွင့်ပါပဲနှင့် ကားအတွင်းအအေး
ဓာတ်က ပိုလာသကဲ့သို့ထင်ရသည်။

တောထဲတောင်ထဲ မိုးထဲရေထဲ အဝတ်အစား
များက ခြောက်လိုက်၊ စိုလိုက်၊ ချွေးနံ့၊ လူနံ့ကြောင့် ညှီစို့စို့
အနံ့ရသည် မှတ်ထင်လိုက်သည်။

ခဏအတွင်းမှာပင် ကားလမ်းဘေးအကြော်တဲ
လေးတစ်လုံးအနားသို့ ရောက်လာသည်။

" ရပ်တော့ . . . ရှေ့ကတဲလေးပဲ "

ကားကို လမ်းဘေးချရပ်လိုက်သည်။

မိုးကတိတ်နေရာမှ တဖွဲဖွဲပြန်ရွာလာသည်၊ အမျိုး
သားက ကားပေါ်က ဆင်းရင်း ရှင်းပြနေသည်၊

" ရှေ့နားမှာတံတားရှိတယ်၊ ရေတိုးချထားလို့ တံ
တားကျိုးနေတယ် "

" ခရီးသွားတွေ အန္တရာယ်မဖြစ်အောင် တံတားမ
ရောက်ခင် အကြော်တဲကနေပြီး စောင့်ပြောနေရတာ "

" ကလေးတွေကို အိမ်မှာမထားခဲ့ဘူးလား "



www.burmeseclassic.com

www.burmeseclassic.com



" ဒီလောက်ရေစတွေကြီးနေတာ ခင်ဗျားအမြင်ပဲ မဟုတ်လား၊ ကျုပ်တို့ရဲ့တဲက ရေထဲမြောပါသွားပြီလား ရှိသေးလားတောင်မသိဘူး၊

ရေစကြီးကတည်းက ကျုပ်တို့တဲကရေအောက် ရောက်သွားတာ "

" ဟာ. . . အဲဒီလောက်တောင် ရေကြီးတာလား"

" ဟုတ်တယ်၊ ကျုပ်တို့တဲရဲ့နောက်ဘက်က ကုတ္တိုပင်ကြီး အကိုင်းအခက်တွေ တဲအပေါ်မိုးနေတာ အခုအဖျားပဲ ပေါ်တော့တယ် "

" စိတ်မကောင်းပါဘူးဗျာ "

" ရေဘေးကလွတ်အောင် အသက်လုပြေးလိုက်နိုင်လို့ အခုလိုအသက်ရှင်နေတာ၊

ကဲ. . . ကျုပ်တို့ အကြော်တဲကို သွားမယ် ခင်ဗျားလဲ မိုးတိတ်သွားလို့ မအိပ်ချင်သေးရင် ကျုပ်တို့နဲ့လာ စကားပြောပေါ့ "

ထိုမိသားစုက ကားလမ်းဘေး တဲအတွင်းဝင်သွားသည်။





ထိုမိသားစု ထိုင်သွားသော ကားနောက်ခန်းဆိုဖာများ မိုးရေတို့ဖြင့် စိုရွှဲကာကျန်ရစ်ခဲ့သည်။

ခဏကြာတော့ မိုးတိတ်သွားသည်။

အကြော်တဲမှ မီးအလင်းရောင်တွေ့ရသည်၊ လေးဘက်လေးတန် အကာအရံမရှိ မိုးပက်လေတိုက်လျှင် မည်သို့ နေကြသည်မသိ၊

အကြော်တဲလေးက လူလေးယောက်ခန့် လှဲအိပ်၍ ရသောအကျယ်ခန့်သာရှိသည် ကားလမ်းဘေး ခပ်စောင်းစောင်းမှာ ရှိနေသည်။

ဟန်စိန်လည်း ဆန်လေးပြည်ခန့် ခွဲထုပ်လိုက်ပြီး ခေါက်ဆွဲခြောက်ထုပ်၊ ရေသန့်နှစ်ဘူး၊ ပေါင်မုန့်ခြောက်နှစ်ထုပ်တို့ကို ကျွတ်ကျွတ်အိတ်နှစ်အိတ်အတွင်းထည့်၍ တဲလေးသို့ ခဏမျှစကားသွားပြောရန် ထွက်ခဲ့သည်။

ဟန်စိန်လာသည်ကို တွေ့လိုက်သဖြင့် မီးဖိုပြီးမီးလှုံနေကြရာမှ၊

" လာဗျို့. . . နောင်ကြီးလာ ဒီမှာထိုင်"

" ရပါတယ်၊ နေပါ. . . နေပါ ဒီမှာပဲထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်။ ”

ဘောင်းဘီဝတ်လာသဖြင့် အပေါ်တက်ထိုင်ယို့ မဖြစ်၊ ခြေထောက်တွဲလောင်းချကာ တစောင်းအနေအ ထားနှင့် ထိုင်လိုက်သည်။

“ ကဲ . . . ဒီမှာ နည်းတယ်များတယ်လို့တော့ မထင်ပါနဲ့၊ ဆန်နဲ့စားစရာနည်းနည်း ရေသန့်နှစ်ဘူးပါ တယ်၊ ကလေးတွေအတွက် မုန့်ခြောက်နှစ်ထုပ် ”

“ ကျေးဇူးပါပဲ နောင်ကြီးရာ ”

ကလေးသုံးယောက်က ပေါင်မုန့်ခြောက်နှစ်ထုပ် ကို ဖွင့်ဖေါက်နေကြသည်။

“ ကျွန်တော်တို့ အခုလို မိသားစုဥမကွဲသိုက်မပျက် နေရတာ ကံကိုကျေးဇူးတင်ရတယ်၊

ကျုပ်တို့အဖြစ်ကို ခင်ဗျားသိအောင် ပြောပြရအုံး မယ်၊

ကျုပ်က လယ်လုပ်တယ်၊ ကျုပ်မိန်းမက အကြော် ကြော်ရောင်းတယ်၊

ကျုပ်တို့တဲက ဒီကနေအရှေ့ဘက်ကို တစ်မိုင်





ဘက် သွားရင်ရောက်တယ်၊ အခုတော့ ရေပြင်ကျယ် ဖြစ်နေပြီ၊

ရေမကြီးခင် ကျုပ်က တဲမှာမနက်ပိုင်းကလေးနှစ် ဘက်ကို ထားခဲ့ပြီး၊ လယ်ထဲဆင်းရတယ်၊ အကြီးမနဲ့ အမေက မနက်လေးနာရီ အကြော်တဲကို အကြော် ကြော်ရောင်းဖို့ ထွက်လာကြတယ်။

ကိုးနာရီလောက်ဆို အကြော်ဆိုင် သိမ်းပြီးပြန်လာ တယ်။

မိုးက ကောင်းလယ်ကွင်းတစ်ပြင်လုံး ရေတွေပြည့် တော့ အကြော်လဲမရောင်းဖြစ်တော့ဘူး၊ ခါတိုင်းနှစ် ရေမကြီးတော့ လှေလဲမရှိဘူး၊

ရေက ညဉ့်ဦးပိုင်းမှာ ရေကပြင်ဖိနပ်ချွတ် အောက် အထိ တက်တာတော့သိတယ်၊

အိမ်အပေါ်ဆင့် ရောက်ဖို့က နှစ်ပေလောက်လို သေးတယ်၊ သည်ထက်တော့ ပိုမတက်တော့ပါဘူးလို့ စိတ် ထင်ပြီး နှစ်နှစ်ချိုက်ချိုက်အိပ်လိုက်တော့တာပေါ့။

ညတစ်နာရီနှစ်နာရီလောက်အရောက် ရေက



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ် တစ်ထွာလောက်တက်လာတာနဲ့ အိ
မောကျနေရာက အေးလာတဲ့အသိကြောင့်နိုးသွားတယ်

တဲအတွင်းမှာ မိသားစုငါးယောက်ထိုင်နေလို့
ဘူး ခုံတွေပေါ်လွှတ်မလားတက်ပြီး ရပ်နေတော့လဲခ
အတွင်းမှာပဲ ရေကမြင့်မြင့်ပြီးတက်လာတယ်။

ကလေးတွေကို ပခုံးပေါ်တင်ပြီး ရေတက်တာ
များ ရပ်သွားမလား မျှော်လင့်နေတာပေါ့။

ရေကရပ်မသွားတဲ့အပြင် မနက်လင်းလာတဲ့အ
ခုံပေါ်မှာ ရပ်နေတာတောင် ရေက ရင်ခေါင်းလော
ရောက် လာခဲ့တယ်။

အဲဒီအခြေအနေရောက်မှ တဲအပြင်ကို ဘယ်
ထွက်ရမလဲ စဉ်းစားရတော့တာပေါ့။

တဲအတွင်းမှာ ရေပေါ်မျောနေတဲ့ ဝါးလုံးငါးလုံ
စည်းထားတာကို တွေ့လိုက်ရတယ်။

ပြီးတော့ ခြေနင်းတက်ဖို့ထားတဲ့ ကုတ္တိုအ
ခြောက်တုံးတစ်တုံးကလည်း တဲထဲမှာ ပေါလောမျော
တယ်၊



မိန်းမနဲ့ အငယ်လေး ဝါးဇည်းကို မလွှတ်တမ်းဖက်
တွယ်ပြီး၊ ရေထဲမျောလိုက်သွားဖို့သင့်ရင် ခေါင်မိုးက ဖေါက်
ထွက်ခိုင်းလိုက်တယ်။

ကျုပ်တို့ သားအဖသုံးယောက်ကလဲ သစ်
ခြောက်တုံးကို ဖက်တွယ်ပြီး အပြင်ထွက်ကြတာပေါ့၊

ရေစီးကလဲ မြစ်ထဲချောင်းထဲစီးသလိုပဲ ရေစီး
သန်နေတယ်၊

ကလေးတွေက ကြောက်လန့်ပြီး ငိုလိုက်တာ
ကမ္ဘာပျက်သလိုပါပဲ ဘယ်လိုမှ တိတ်ခိုင်းလို့မရဘူး၊

ကျုပ်တို့ရှေ့က မိန်းမနဲ့ကလေးလဲ ဝါးစည်းကိုဖက်
တွယ်ပြီး လိုက်သွားပေမယ့် ရေနဲ့တစ်ခါမှမကြုံဘူးလို့ မိန်း
မကလဲ ထိတ်ထိတ်ပျာပျာဖြစ်နေတယ်၊ ကလေးကလဲရေ
ကို ကြောက်ပြီး အော်ဟစ်ရှုန်းကန်နေတယ်။

ရေထဲမှာ ကျုပ်မိန်းမနဲ့ ကျုပ်သားလေးအော်ဟစ်
ရှုန်းကန်အကူအညီတောင်းရင်း၊ မျောသွားလိုက်တာ မျက်
စေ့ထဲမှာ မြင်ယောင်နေတယ်၊ ကျုပ်လည်းကြည့်နေရုံက
လွဲပြီး ဘာမှမတတ်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း အညာသား ရေမကူးတတ်ဘူးဗျ၊ ကျုပ်တို့ ဖက်တွယ်ထားတဲ့ သစ်သားတုံးကြီးကလည်း တည်တည်ငြိမ်ငြိမ် ထိန်းလို့မရဘူး၊ ကလေးနှစ်ယောက်က ကြောက်လန့်ပြီး ကုတ်ဖက်တွယ်တက်နေကြတာဆိုတော့ အားလုံးပြုတ်မထွက်သွားအောင်ပဲ ကြိုးစားနေရတာ။

ကလေးတွေက အသံပျောက်လောက်အောင်ငို နေတယ်၊

ရှေ့က မျောနေတဲ့ ဝါးစည်းကလည်း ပြေသွားပုံ ရတယ်၊

ဝါးနှစ်လုံးနဲ့ ကလေးပါသွားတာ တွေ့လိုက်ရတယ် ဝါးသုံးလုံးရထားတဲ့ မိန်းမကလည်း သူကလေးနောက် အသည်းအသန်ကူးပြီး လိုက်သွားတာ တွေ့လိုက်ရတယ်။

ကျုပ်ကမျောသွားတဲ့ ကလေးနဲ့မိန်းမနောက်ပဲ အသက်စွန့်ပြီး လိုက်ရမလား၊ ရေမကူးတတ်တဲ့ကျုပ်က သေလူပါပဲ၊

ဒါကြောင့် သစ်တုံးကဘယ်မှမခွာဘဲ၊ ကလေးနှစ်ယောက် ထပ်မဆုံးရှုံးရအောင် ကြိုးစားနေရတယ်၊





တကယ်ကမ္ဘာပျက်နေသလိုပါပဲ နောင်ကြီးရာ၊ အဲဒီအချိန်မှာပဲ ခပ်ဝေးဝေးက စက်လှေတစ်စီးလာနေတာ လှမ်းမြင်လိုက်ရလို့ ဝမ်းသာသွားရတယ် "

" ဒါဆို ခင်ဗျားတို့ ငါးယောက် တစ်စုတစ်ဝေးထဲ ပြန်ဆုံတွေ့အောင် ဘယ်သူတွေက ကယ်လိုက်တာလဲ"

" လူတွေကိုပဲ ကျေးဇူးတင်ရမှာပေါ့ဗျာ၊ ရွာသူရွာသား အချို့ကယ်ဆယ်ပေးထားလို့ မိသားစု စုစုဝေးဝေးပြန်ဆုံကြရတာ "

" လူအသက်တွေ မသေတာပဲကံကောင်းနေပါပြီ စွန့်ဦးစွာက ပျက်စီးသွားရင် ပြန်ရှာလို့ ရတယ် "

" ခင်ဗျားတို့ အဝတ်အစားလဲထားလိုက်ပါလား၊ ရေစိုကြီးတွေနဲ့ တစ်ညလုံးထိုင်နေရင် ဖျားနာကုန်မှာပေါ့၊ လူကြီးတွေက အကြောင်းမဟုတ်ပေမယ့် ကလေးတွေက ရေစိုကြီးနဲ့ မထားပါနဲ့ "

" လူတောင်မသေအောင်တဲထဲက ထွက်ခဲ့ရတာ အဝတ်အစားတစ်ခုမှ မယူခဲ့နိုင်ဘူး၊ အဝတ်အစားဆိုလို့ ဝတ်ထားတဲ့ အထည်ပဲရှိတယ် "



www.burmeseclassic.com

www.burmeseclassic.com



“ ဟာ ဒါဆို ကျုပ်မှာ အဝတ်အဟောင်းအသစ် နည်းနည်းပါလာတယ်၊ ခင်ဗျားတို့ ဝတ်လို့ရမယ့် အထည် သွားယူလိုက်အုံးမယ် ”

ဟန်စိန်လည်း ကားဆီသို့ မသွားခင် အိတ်ထဲမှ ပိုက်ဆံတစ်သောင်းနှိုက်ယူလိုက်သည်။

“ ရော့ဗျာ . . . ဒါကခင်ဗျားတို့ သုံးဘို့ ဈေးဘိုး၊ နည်းတယ်များတယ်၊ မသတ်မှတ်နဲ့ ဟုတ်လား ”

“ ခင်ဗျား ပေးတဲ့ငွေ မနည်းပါဘူးဗျာ ”

နာရီဝက်ခန့် စကားပြောနေပြီး မီးဖိုမှာ မီးလှုံကြသော်လည်း ထိုမိသားစုဝတ်ထားသော အဝတ်အစားများက ခြောက်သွေ့မလာပါ။

ရေက တစက်စက်ကျနေဆဲ၊

“ အင်း ခင်ဗျားတို့ ရေစိုကြီးနဲ့ ဒီအတိုင်းဆို အဖျား ဝင်ပြီး ဒုက္ခရောက်တော့မှာပဲ။ ”

“ ရောဂါမရနိုင်တော့ပါဘူး၊ မိုးနဲ့လေနဲ့ ရေတွေနဲ့ အဝတ်အစားတွေ ခြောက်ချိန်တောင် မရှိပါဘူး၊

ညညဆိုရင်လဲ တစ်ညလုံး ရေစိုစိုနဲ့ မိုးလင်း





သွားတာပါပဲ၊

ကယ်ဆယ်ရေးတွေ လာကြတော့လဲ၊ ကျုပ်တို့ ကို ကျော်ထွက်သွားကြတာပါပဲ၊ ဘယ်သူကမှ လှည့်တောင် ကြည့်မသွားပါဘူး၊

ကျုပ်တို့ကို ကယ်ဆယ်ရေးပစ္စည်းတွေပေးတာ ခင်ဗျား ပထမဆုံးပဲ ”

“ ကဲ . . . ကျုပ်ကားဆီ သွားလိုက်အုံးမယ်၊ ခင်ဗျားတို့အတွက် အဝတ်အထည်တစ်စုံဆီ သွားရွေးယူ လိုက်အုံးမယ် ”

ဟန်စိန်လည်း ကားဆီသို့ ပြန်လာပြီး ရွာသို့ပေး လိုက်သော အဝတ်အထည်အထုပ်တွင်းမှ ကလေးများ အတွက် တစ်စုံစီ၊ လူကြီးနှစ်ယောက်အတွက် တစ်စုံစီရွေး ရွေးပြီး တဲလေးဆီသို့ ပြန်လာခဲ့သည်။

“ ကျေးဇူးပါပဲဗျာ ”

“ ခင်ဗျားတို့ မဝတ်သေးဘူးဆိုရင်လည်း ကလေး တွေကိုတော့ အဝတ်အစားလဲပေးလိုက်ပါ ”

ဟန်စိန်လည်း အဝတ်အထည်များ ပေးပြီးသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကားဆီသို့ ပြန်လာခဲ့သည်။

ကားနောက်ခန်းအတွင်း၊ အိပ်ရန်ပြင်ဆင်ပြီး အိပ်ပျော်အောင် အိပ်လိုက်တော့သည်။

* * *

မနက်ငါးနာရီထိုးသည်နှင့် ဟန်စိန်လည်း နိုး၍လာလေသည်။

ကားအောက်ဆင်းပြီး ရေသန့်တစ်ဘူးနှင့် မျက်နှာသစ်လိုက်သည်။

ထို့နောက် အကြော်တဲအတွင်းရှိ မိသားစုတို့ကို လှမ်းကြည့်လိုက်သည်။

" ဟင် . . . အကြော်တဲအတွင်းမှာ ဘယ်သူမှ မရှိပါလား၊ ဘယ်များသွားကုန်ပါလိမ့် "

ဟန်စိန်လည်း စပ်စုသည့်အနေနှင့် တဲနားသို့ လျှောက်သွားပြီး ကြည့်လိုက်သည်။

" ဟင် . . . ဘယ်သူမှ မရှိပါလား "

ညက သူပေးထားသော အထည်များ၊ ခါန်များ ၊ခေါက်ဆွဲခြောက်ထုပ်များက အတိုင်းသား။





ခေါက်ဆွဲခြောက်ထုပ်ဘေးတွင် ပိုက်ဆံတစ်သောင်း အုပ်ခေါက်လေးက အခေါက်လိုက်ရှိနေသည်၊ မုန့်ခြောက် ထုပ်နှစ်ထုပ်ကတော့၊ အိတ်အခွံပဲရှိတော့သည်။

အမြင်နှင့်ပင် အထူးအဆန်း ဖြစ်နေသည်၊ သို့လော . . . သို့လောနှင့် ဝေခွဲမရရှိနေသည်၊ ရှေ့သို့ခရီးဆက်ရန်ကလည်း လူသွားလူလာလည်းမတွေ့၊ ကားသွားကားလာကလဲမရှိ၊ အခက်တွေ့နေသည်။

ကားနားရပ်ပြီး အနီးအနားမှာ လူတွေ့မည်လား၊ဟု လှည့်ပတ်ကြည့်နေမိသည်။

သို့ဖြင့် မကြာခင် အရှေ့မှ နေလုံးထွက်လာသည် ရာသီဥတုကလည်း မိုးတိမ်များ ကွက်ကြားရှိနေပြီး မိုးမရွာ။

ကားပေါ် တက်ထိုင်ပြီး၊ ပုသိမ်မုံရွာလမ်းမသို့ နောက်ပြန်ဆုတ်ခဲ့သည်၊ လမ်းဆုံမရောက်ခင်၊ မိုင်ဝက်ခန့် အရောက်အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက်တို့ လျှောက်လာသည်ကို တွေ့ရသည်။

ခဏကြာတော့ သူတို့အနားသို့ ရောက်လာသည်။ ဟန်စိန်က ကားကို ရပ်လိုက်ပြီး ခရီးစဉ်အခြေအနေစုံစမ်း



www.burmeseclassic.com

www.burmeseclassic.com



မည်ပြုလိုက်စဉ် ထိုလူစုက အရင်မေးလာသည်။

" ဆရာကြီး ဘယ်သွားမလို့လဲ . . . ရွှေမှာကား သွားလို့မရဘူး "

" မင်းဘူး-ပွင့်ဖြူ စလင်း ကားလမ်းကရော သွားလို့ ရသေးလား "

" ရတယ် ကားလမ်းအချို့နေရာ ရေကျော်လို့၊ ညပိုင်းတော့ မသွားကြဘူး၊ အလင်းရောင်ရှိတဲ့ အချိန် ဖြည်းဖြည်းမှန်မှန်မောင်းပြီး သွားနေကြတာပါပဲ၊ ကား သွားလို့ မရအောင် ဆိုးဆိုးဝါးဝါးနစ်တဲ့ နေရာတွေ တံတား ကျိုးတာတွေတော့ရှိတယ်၊ ဒီနားမှာတော့ မဟုတ်ဘူး "

" အခု ဆရာကြီးက လမ်းမှားပြီး ဝင်လာတာလား"

" လမ်းမှားတာတော့ မဟုတ်ဘူး၊ မင်းဘူး-ပွင့်ဖြူ-လမ်းရေတွေ ကျော်နေပြီးမောင်းလို့မရတော့ဘူးဆိုပြီး လူငါးယောက်ပါတဲ့ မိသားစုက ရွှေကလမ်းဆုံမှာ ကျွဲ ကားကို ငှားတယ်၊

သူတို့နဲ့ အတူ ညအိပ်ဖို့ ဒီလမ်းထဲ ခေါ်လို့ အဖေါ် လဲ ရတယ်ဆိုပြီး လိုက်သွားတာ၊ ဒီမနက်မိုးလင်းတော့



တစ်ယောက်မှ မရှိတော့ဘူး "

" ဆရာကြီးတော့ ရွှေကအကြော်တဲမှာ နေတဲ့ မိသားစုနဲ့ ကြုံလိုက်ချပြီနဲ့ တူတယ် "

" ဗျာ . . . ဘာဖြစ်လို့လဲ . . . ညက တလေးသုံး ယောက်နဲ့ လူကြီးနှစ်ယောက် ကျွဲကားနဲ့ တင်ပြီး သူတို့ အကြော်တဲနားမှာ ရပ်ပေးလိုက်တော့ ဆင်းသွားတယ်၊ သူတို့နဲ့ ညက မိုးလင်းရင်းစကားပြောခဲ့သေးတယ်၊ ကျွဲက ကားပေါ်ပြန်အိပ်တယ် "

မနက်လင်းတော့ တစ်ယောက်မှ မရှိတော့ဘူး"

" ဘယ်ရှိတော့မလဲ၊ အဲဒီမိသားစုငါးယောက်က လူမဟုတ်တော့ဘဲ၊ သရဲဖြစ်နေပြီ "

" ဟာ . . . မဟုတ်သေးပါဘူး "

" ဟုတ်တယ်၊ အစ်ကိုကြီးရှင့်၊ ရေတွေစကြီးတော့ သူတို့တဲက ထွက်နိုင်ပေမယ့်၊ လယ်ကွင်းတစ်ပြင်လုံး ရေတွေ ပြည့်နေတာ၊ ရေက သူတို့တဲ အမိုးနား ရောက်နေ ပြီ၊ ရေမကျဘူးတက်တော့ အားလုံးသေတုန်တာပေါ့။

" အဲဒီတဲလေးက သူမိန်းမအကြော်ရောင်းခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲလေးပဲ ”

“ ရေသပြီဆိုတာ ဟုတ်မယ်ထင်တယ်၊ သူတို့ မိသား စု ရေနစ်တဲ့အကြောင်း၊ တစ်ယောက်နဲ့တစ်ယောက် မကယ်နိုင်ဖြစ်ပြီး၊ ရေထဲမျောပါနေတုန်း ရွာသားတွေ ကယ်လို့မသေတာတဲ့ ”

“ ဘယ်တလာဟုတ်ရမှာလဲ၊ အားလုံးရေမတူ တတ်တော့၊ သူ့မကယ်နိုင်၊ ကိုယ့်မကယ်နိုင်ဖြစ်ပြီး ရေနစ် သေတုန်းတာ ”

“ ဖြစ်နိုင်တယ်၊ ညက မိုးမိပြီး စကားထိုင်ပြောနေ တာ၊ တစ်နာရီခွဲလောက်ကြာမယ်၊ သူတို့အားလုံးရဲ့ အဝတ် အစားတွေက ရေစက်စက်ကျနေတယ်၊ မခြောက်သွားဘူး

အဝတ်တွေ ယူသွားပေးတာလဲ, လဲမဝတ်ဘူး

အဲဒီအကြော်တဲပေါ်မှာ သူတို့ကို လူတင်ပြီး ထေ ထားတဲ့ ဆန်တွေ၊ အဝတ်တွေ၊ ခေါက်ဆွဲခြောက်ထုပ်တွေ နဲ့ ပိုက်ဆံတစ်သောင်းရှိတယ်၊

မနက်လင်းတော့ လူမတွေ့ပဲ ပစ္စည်းတွေပဲတွေ့ လို့ စဉ်းစားမရဖြစ်နေတာ အခုမှပဲ အကြောင်းစုံသိရတော့



တယ်၊

ခင်ဗျားတို့ စိတ်သန့်တယ်ဆိုရင် တဲအတွင်းမှာ ပစ္စည်းတွေရှိတယ်၊ ယူလိုက်ကြပေါ့ ”

“ ဟာ. . . ကျေးဇူးပဲ နောင်ကြီးရာ၊ အခုလိုအချိန် မျိုးမှာ ရသမျှ အားမနာတမ်းယူရတော့မှာပဲ ”

“ တဲ . . . ,တားတုံ့

လမ်းမကြီးအတိုင်း မောင်းသွားပေတော့ ”

“ ကျွန်တော်တို့ ဒီလမ်းထဲ မဝင်ခင်၊ ကားနှစ်စီး သုံးစီးဖြတ်သွားတာတွေ့တယ်၊ လမ်းကသွားလို့ရတဲ့ အနေ အထားပဲ ရသရွေ့ မောင်းသွားကြည့်ပေါ့၊

ထိုလူသုံးယောက်အား ကျေးဇူးတင်ကြောင်း ပြော ပြီး၊ ကားတိုနောက်သို့ပြန်ဆုတ်ကာ၊ ပုသိမ်မှုံရွာလမ်းမကြီး ပေါ်သို့ ပြန်တက်ပြီး ခရီးဆက်ခဲ့တော့သည်။

* * *

ဟန်စိန်လည်း သူကြုံခဲ့ရသော ကျားလမ်းဘေးတဲ ထလေးကမိသားစုအကြောင်းပြောပြီး သွားခဲ့သည်။

“ ဒီနှစ်ရေဘေးကြီးမှာ မင်းကြုံခဲ့တဲ့ မိသားစုပုံ

www.burmeseclassic.com

www.burmeseclassic.com



ဘဝပျက်သွားရတဲ့ မိသားစုတွေ ဘယ်လောက်များမလဲ မသိဘူး "

" မြင်ရတွေ့ခဲ့ရတာတွေဟာ . . . တကယ်စိတ် မကောင်းစရာပါပဲကွာ၊ ဟဲ . . . ငါတို့ထိုင်တာကြာသွားပြီ ငါချိန်းထားတဲ့ လူက ' ၁၅၅ ' လမ်းမှာ "

" တာမွေဈေးဘေးက လမ်းလား၊ နီးသားပဲ ငါညောင်ပင်လေးဈေးရောက်ရင် မင်းမိန်းမဆိုင်ကို ဝင် လည်ဦးမယ် "

" ရောက်ရင်ဝင်ပါကွာ၊ ငါ့မိန်းမလည်း ငါတို့ရွာ သူပဲ၊ သူလဲမင်းကိုတွေ့ရင်ဝမ်းသာမှာ ငါ့မိန်းမက အသက် ကြီးလာလေ စကားများလေပဲ၊ ကိုလေးအိမ်လာလည်ရင် ရွာက ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလွန်းလို့ စကား မနည်းဖြတ်ပြီး ပြန်ပြေးရတာ လာတိုင်းပါပဲ "

ငါ့မိန်းမစကားများတယ်ဆိုလို့ မလာပဲမနေနဲ့ နော်"

" ငါနဲ့တွေ့တဲ့ အကြောင်း ပြောလိုက်အုံး ငါလာခဲ့ အုံးမယ် "



သို့နှင့် နှစ်ယောက်သား ရွှေတောင်းကြွယ် လဖက်ရည်ဆိုင်မှ ထွက်ခဲ့ကြတော့သည်။

ကောန်ဗင်း

www.burmeseclassic.com